
www.burmeseclassic.com



www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး　　　　ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး　　　　ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး　　　　ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com

သျှိုး

# ပျိုးထားတဲ့လွင်ပြင်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၀၈၀၀၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၀၆၀၂၁၂

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၈) (ရွှေစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၈) (ရွှေမြသော့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပ-အကြိမ်

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

တန်ဖိုး - ၁၀၀၀ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ဗိုလ်မိုးစာပေ

ဖုန်း - ၀၁- ၂၈၀၉၉၅

၈၉၅ ・ ၈၃

သျှီး

ပျိုးထားတဲ့လွင်ပြင် / သျှီး ။ – ရန်ကုန်၊

ရွှေစာပေ ၊ ၂၀၁၂ ။

၂၄၀ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) ပျိုးထားတဲ့လွင်ပြင်

BURMESE CLASSIC .com

## အခန်း (၁)

မန်းရွှေမြို့တော်၏ ကျက်သရေဆောင်ဖြစ်သော ကျုံးမြို့ရိုးသည် ဖြာဆင်းကျလာသော ခပ်နွေးနွေးနေခြည်အောက်တွင် အလွန်လှပရှမော မဆုံးအောင် ကျက်သရေမြိုးမေမြာလျက် မြင်ရသူအဖို့ စိတ်နှလုံးကိုကြည် မွေ့လန်းဆန်း လတ်ဆတ်လေသည်။

မြသဇ္ဈာန်အဖို့လည်း အဖိုးမဖြတ်နိုင်သော ပန်းချီကားတစ်ချပ် ဖန်တီးပုံဖော်ဖို့ lighting colour အကောင်းဆုံးအချိန်လည်းဖြစ်နေသည်ဆို ကမှာ။

မြသဇ္ဈာန် အာရုံတွေကို ပန်းချီကားထဲနှစ်ကာစုတ်ချက်တွေကို ကင်းပတ်စ် ပေါ်သို့သွက်လက်စွာ လှုပ်ရှားတို့ထိနေ၏။ မြသဇ္ဈာန် အဖို့ ပန်းချီဆွဲနေရလျှင် ကမ္ဘာသစ်ကလေးထဲရောက်နေသလို ခံစားရပြီး



www.burmeseclassic.com

www.burmeseclassic.com



သေးပတ်ဝန်းကျင်ကိုပင် မေ့လျော့နေတတ်၏။

"သဏ္ဍာန် နင်ပန်းချီကြီးပဲ လိုမ့်ဆွဲမနေနဲ့ဦး။ ကင်းဘတ်စ်ကြီး လည်းပေါက်သွားပါဦးမယ်ဟယ်"

ဇာဇာ့ စကားကြောင့် တာပင်တိုင်ဆီခွက်ထဲသို့ စုတ်တံကို နှစ်ဆေးလိုက်ပြီး

"ဩော် ဖြစ်ရလေ မိဇာရယ် ပန်းချီဆွဲဖို့မနက်စောစော ထွက် လာတာကို ပန်းချီပဲဆွဲမနေနဲ့ဆိုတော့ ငါဘာလုပ်ရမလဲ အဟင်း။ ပန်းချီ မဆွဲတဲ့ နေရောင်အောက်မှာနည်းစနစ်မကျတဲ့ ကကွက်တွေနဲ့ ကနေရမှာ လားလို့"

ငေါ့တူးတူးလေးပြောလိုက်သော မြသဏ္ဍာန်စကားကြောင့် ဇာဇာ ခွိခနဲရယ်လိုက်သည်။ မြသဏ္ဍာန်ပါ မပီပြင်သောမျက်စောင်းလေး ဖြင့် လိုက်ရယ်သည်။

အမည်နှင့်လိုက်ဖက်အောင် အဆိုးတန်ကျောက်မျက်တို့ တလက် လက်တောက်ပနေသလို မြသဏ္ဍာန်၏ ကြည်လင်နုဖတ်နေသော မျက်နှာ ဖူးဖူးလေးပေါ်မှ သွေးကြောမျှင်မျှင်စိမ်းစိမ်းလေးတွေဖြင့် ထင်းနေအောင် လှပသော မြသဏ္ဍာန်။

ရှေးဆုတောင်းကောင်းခဲ့လို့ ယခုဘဝပြစ်မျိုးမှဲ့မထင် လှနေပေ ရော့လား။ စကားပြောလျှင် အချိုးကျပြေပြစ်အောင် မပြောတတ်သော





မန္တလေးသူ မြသဏ္ဍာန်အဖို့ အရာရာကိုသွေးအေးစွာ စဉ်းစားဆုံးဖြတ်ပြီး သူမကိုယ်သူမ ကွန်မီးဒန့်အပြည့်ရှိသူလေးဖြစ်သည်။

"နင်ဟာလေ အမြဲပဲလူတစ်ဖက်သားကို အကောင်းမမြင်တတ် ဘူးသိလား။ ဒီကဖျော်လာတဲ့ ကော်ဖီတွေအေးကုန်မှာစိုးလို့ သတိပေးတာ ပါနော် ဟွန်း ပြောလိုက်ချင်ဘူး။ သူ့ပန်းချီကားကြီးက မနက်ဖြန်သဘက်ခါ ဆိုရင်ပဲ နိုင်ငံခြားသားတွေ လာဝယ်မှာကျနေတာပဲ"

ဇာဇာ တစ်ခါသုံးဖော့ဘူးဖြင့်ထည့်လာသော ကော်ဖီဘူးကိုလှမ်း ပေးရင်း မကျေမနပ်ပြောသည်။

"သိပါတယ် ငါကလည်း ဒီနေရာလေး အမှောင်တုံးလေး နည်း နည်းနှိုက်ပြီးတာနဲ့ သောက်မလို့ပဲ"

"ရော့ ပီဇာမုန့်လေးပါတစ်ခါတည်း စားလိုက် ပြီးရင် ဟို အိတ်ထဲမှာတစ်ရှူးဘူး။ ငါ ဟိုနားဒီနား ခဏစက်ဘီးလျှောက်စီးလိုက်ဦး မယ်၊နင့်အနားမှာတော့ ကျောက်ရုပ်ကြီးလို တစ်ချိန်လုံးထိုင်မနေနိုင်ဘူး"

"ဒါဆိုလည်း ကြွ ကြွ နင့်အကြောင်း ငါမသိတာကျနေတာပဲ စက်ဘီးတစ်စီးနဲ့ ကောင်လေးတွေကို လိုက်ရှိတ်မလို့ မဟုတ်လား"

"အဟီး ရှိတ်မှာ မဟုတ်ဘူး၊ ပဲပေးမလို့"

ဇာဇာ ခပ်ရွှဲရွှဲလေးပြောကာ ဒေါက်ထောက်ထားသော စက်ဘီး လေးကို ခပ်သောသောလေးနင်းကာ ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မြသဂ္ဂဟာန် ကော်ဖီသောက်ရင်း ရေလက်ဝပန်းချီကားကို အရသာခံပြီး တစိမ့်စိမ့်ကြည့်နေမိ၏။

ကိုယ်ပီတိနှင့်ကိုယ် နံနက်ခင်းလေးကတော့ သာယာနေဆဲ။

■ ■ ■

BURMESE CLASSIC .com

## အခန်း (၂)

"ဟာ ရပ် ရပ် ကားခဏရပ်"

လင်းမြတ်၏ အလန့်တကြားအသံဖြင့်ကားရပ်ခိုင်းသောကြောင့် မင်းပြည့်စုံ လီဗာကိုယောင်ယမ်းပြီး ဖိနင်းချလိုက်သည်။ ဘရိတ်အုတ်လိုက်သောအရှိန်ကြောင့် လင်းမြတ်နှင့်ဖိုးချစ် အရှိန်မထိန်းနိုင်ဘဲ ခန္ဓာကိုယ်မှာ အရှေ့ကိုယိမ်းထိုးကုန်၏။

"ဘာလဲကွာ အလန့်တကြားနဲ့ ကားကိုဘာလို့ရပ်ခိုင်းတာလဲ"

"ဟို ဟိုမှာ"

မင်းပြည့်စုံ၏ အမေးကို လင်းမြတ် မဖြေဘဲ ကျူးဘက်သို့လက်ညှိုးညွှန်ပြသည်။

လင်းမြတ်လက်ညှိုးညွှန်ရာသို့ ဖိုးချစ်နှင့်မင်းပြည့်စုံ လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဖိုးချစ် မျက်နှာ အံ့ဩရိပ်ကလေး ပြောင်းသွားပေမယ့် မင်းပြည့်စုံ မျက်နှာပေါ်မှာတော့ ဘာအရိပ်မှ မပြောင်းလဲ။

"ဘယ်လောက်ရှားပါးလိုက်တဲ့ မြင်ကွင်းလေးလဲလို့ကွာ"

ဖိုးချစ် တအံ့တဩဆို၏။

"အေးကွာ အဝေးကကြည့်ဆိုရင်တောင် ဒီလောက်လှနေရင် အနီးကပ်ကြည့်ရင် ပိုတောင်လှဦးမယ်"

"မင်းတို့က ရန်ကုန်ကမိန်းကလေးတွေ ငမ်းလို့အားမရလို့ မန္တလေးသူတွေကို လာငမ်းနေပြန်ပြီ။ ကြည့်လဲလုပ်ဦး ရန်ကုန်သားတွေ သိက္ခာကျတယ်နော်"

မင်းပြည့်စုံ အကဲပိုနေကြသော ဖိုးချစ်နှင့်လင်းမြတ်ကို သတိပေးပြီး သူပါ ထိုမြင်ကွင်းလေးကို လှမ်းကြည့်လိုက်မိပြန်သည်။

နံနက်ခင်း လေတဖြူးဖြူးလွင့်မျောနေသော ဆံနွယ်ရှည်ရှည်လေးတွေနှင့် ဘေးဘီကိုတစ်ချက်မျှငေ့မကြည့်ဘဲ စိတ်အာရုံတွေကိုပန်းချီကားထဲ နှစ်ထားသောသူမ ဘယ်လိုပန်းချီကားကိုများရေးနေသနည်း။ ပန်းချီကားတွေကို ခရေဇီဖြစ်လွန်းသော မင်းပြည့်စုံ ဒါကိုတော့စိတ်ဝင်စားသည်။

ထို့ကြောင့် သွားကြည့်ချင်သည့် ဆန္ဒတွေကို ရုတ်တရက် အကောင်အထည် ထဖော်လိုက်သည်။



"ကဲ လင်းမြတ် မင်းပဲ ကားမောင်းတော့၊ ပြီးရင် ဟိုတယ်ထဲမှာစောင့်နေမယ့် ဒါရိုက်တာဆီကိုငါတို့ရောက်ပြီဆိုတာကို သတင်းပို့လိုက်"

"ဟမ် မင်းက ဘယ်သွားမလို့လဲ"

"ငါ ဒီမှာခဏနေခဲ့ဦးမယ်"

"ဟာ အစီစဉ်ပွဲယ်မရှိ မင်းက မင်းသားနော်၊ ဘာပေါက်ကရတွေလျှောက်လုပ်ဦးမလို့လဲ"

လင်းမြတ် အလန့်တကြားဖြင့်တားသည်။ မန္တလေးကို ကားရိုက်ထွက်လာသော ရုပ်ရှင်မင်းသား မင်းပြည့်စုံ၏ ကိုယ်ရံတော်နှစ်ယောက်အနေနှင့်ထိုမျှလောက်တော့ ဟန့်တားသင့်ပါသည်။

"ဘာမှလျှောက်မလုပ်ဘူး ပန်းချီကားကိုသွားကြည့်မယ်၊ ပြီးတော့သူ့ရေးချက်တွေကိုလေ့လာမယ် ကြည့်ရင်းနဲ့သဘောကျရင် ဝယ်လိုက်မယ်"

"ဒါဆို ငါလည်းလိုက်မယ်ကွာ၊ ငါ့ကိုတော့ခေါ်ပါနော် မင်းပြည့်"

ဖိုးချစ် ကလေးငယ်တစ်ယောက်လို ပူဆာ၏။ သူ့အဖို့က ပန်းချီကားကိုစိတ်ဝင်စားသည်ဆိုတာထက် ပန်းချီဆရာမလေး၏အလှကို အနီးကပ်ခံစားချင်၍ဟုဆိုကာ ပို၍မှန်မည်။

"တစ်ယောက်မှ မလိုက်နဲ့ မင်းတို့ပါရင် ငါခံစားလို့ရမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



''မင်းကို မင်းသားမှန်းသိရင် ဘယ်လိုလုပ်မလဲ''

''ဒီမှာလေ ဒါပါတာပဲ''

မင်းပြည့်စုံ ဦးထုပ်နှင့်မျက်မှန်အနက်ကို ထောင်ပြလိုက်သည်။ ထိုအကာအကွယ်ပစ္စည်းပါလျှင် မင်းပြည့်စုံဆိုတာကို တော်ရုံလူမသိတော့။

''ဒါဆို အန်တီလှိုင် ဖုန်းဆက်ရင် ဘယ်လိုဖြေရမလဲ''

''ငါ ရေချိုးခန်းဝင်နေတယ် သူ့ဆီဆက်လိုက်လို့ပြောလိုက်''

လင်းမြတ် စိတ်မောစွာဖြင့် ခေါင်းကိုခပ်လေးလေးခါလိုက်သည်။ မင်းပြည့်စုံကတော့ မွှေပြန်ပြီဟု စိတ်မသက်သာစွာ တွေးလိုက်မိသေးသည်။

မင်းပြည့်က လူကသာနိုင်ငံကျော်မင်းသားတစ်လက်၊ စိတ်က ကလေးစိတ် တစ်ဝက်ကျန်နေသေးသည်။ အရာရာကိုဆုံးဖြတ်လွယ်ပြီး စိတ်အလိုအရမ်းလိုက်လွန်းသည်။

သူထိုသို့ အပြုအမူမျိုးလုပ်၍ တစ်စုံတစ်ရာ အမှားအယွင်းတွေ့လျှင် တကယ်တမ်း ခေါင်းခံဖြေရှင်းရမည့်သူက လင်းမြတ်။

ခုလည်း ဖိုးချစ်နှင့်လင်းမြတ် ရန်ကုန်ကနေကားကို တစ်လှည့်စီ မောင်းလာတာ သူမောင်းမည်ဆိုပြီး ဂျစ်တိုက်သဖြင့် သူ့ကိုပေးမောင်းလိုက်ရသည်။

ခုလည်း ကိုယ်စမိသည့်ဇာတ်လမ်း ကိုယ်ကိုယ်တိုင်ပြန်ပြီး





အဆုံးမသတ်နိုင်၊ ကိုယ်သာမိန်းကလေးတစ်ယောက်ပန်းချီဆွဲနေသော မြင်ကွင်းကို အထူးတလည်မပြခဲ့ဘဲ မျက်နှာလွှဲနေလိုက်လျှင် မင်းပြည့် အာရုံထဲသို့ ပန်းချီကားဝယ်မည့်ပိုး ရုတ်တရက် ဝင်လာမှာမဟုတ်။

လင်းမြတ် စိတ်ပူတွေးတွေးနေတုန်း မင်းပြည့်စုံ တံခါးကိုဖွင့်ဆင်းလိုက်သည်။

''ဟာ ဟေ့ ဟေ့ နေဦးလေ ရော့ ဒီလောင်းကုတ်ကြီး ဝတ်သွား''

''ဟာ ဘာလုပ်ဖို့လဲ၊ ငါ့ကို မာဖီးယားဂိုဏ်းသားလို့ ထင်သွားမှာပေါ့ကွ''

''အဲဒီလိုထင်တာက ရှော့ခ်မရှိဘူး ဟေ့ကောင်၊ မင်းကို မင်းသားလို့ထင်သွားမှာက ရှော့ခ်ရှိတယ်၊ တော်ကြာ လမ်းဘေးမှာ သူများပန်းချီထိုင်ဆွဲတာကိုကြည့်ပြီး မင်းသား မင်းပြည့်စုံ ငုတ်တုတ်မေ့နေသည်ဆိုတဲ့ သတင်းအင်တာနက်ထဲပါလာရင် အားလုံးကျိုင်တက်ကုန်မယ် အရင်ဆုံး ကျိုင်အစားခံရမှာက ငါပါကွ''

''ကျွတ် မင်းဟာလေ တကယ့်ကြောင်လီးပွ ဘာတွေပြောမှန်းကို မသိဘူး။ ပေါ့ပေါ့ပါးပါးကိစ္စလေးတစ်ခုကို ဇာချဲ့နေတယ်''

မင်းပြည့်စုံ ငေါက်လိုက်တော့မှ လင်းမြတ် ပါးစပ်ပိတ်သွား၏။

''ကောင်းပြီလေ ဒါဆို ဘယ်အချိန်လာပြန်ခေါ်ရမလဲ''

လင်းမြတ် အမေးကြောင့် မင်းပြည့်စုံ လက်မှနာရီကိုလှမ်းကြည့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"နောက်တစ်နာရီလောက်ကြာရင် လာခေါ်"

"အေး ဒါဆို ငါတို့လစ်ပြီ အဲ ဒါနဲ့ ဒါရိုက်တာကို ဘာပြောလိုက်ရဦးမလဲ၊ မင်းကို မတွေ့တော့ ငါတို့ပြောတာတောင် ယုံပါ့မလားမသိဘူး"

"ယုံအောင်ပြောကွာ မယုံရင် ငါ့ကိုဖုန်းဆက်နိုင်းလိုက် ကဲ သွားပါတော့ကွာ"

"အေးပါ သွားပြီ သွားပြီ"

လင်းမြတ် ပေစောင်းစောင်း ဘုဆတ်ဆတ်ဖြင့် ရပ်နေသော မင်းပြည့်စုံ နားမှကားကို ငြိမ့်ခနဲမောင်းထွက်သွားသည်။

မင်းပြည့်စုံ ကျူးရှောင်မှ ဖြတ်တိုက်လာသော လေပြည်ကိုတစ်ဝကြီး ရှူရှိုက်ပစ်လိုက်သည်။

မင်းပြည့်စုံအတွက် တစ်နာရီလောက် လွတ်လပ်ရလည်း ထို လွတ်လပ်မှုဟာ အဖိုးမဖြတ်နိုင်ပေ။

■ ■ ■

## အခန်း (၃)

"မင်းရွေးချယ်တဲ့ subject လေးကကောင်းသားပဲနော်"

မြသဇ္ဈာန် ဩရှတည်ကြည်သောအသံကြောင့် ရေးချက်တွေဖြင့် ကင်းပတ်စ်ပေါ် လှုပ်ရှားနေရာက ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

ကိုယ့်ပန်းချီကားကို လက်ပိုက်ကာကြည့်ပြီး ဝေဖန်ရေးသမား တစ်ယောက်၏ဟန်မျိုးဖြင့်ပြောနေသော မင်းပြည့်စုံကို အေးစက်တည်ငြိမ်သောအကြည့်ဖြင့်ကြည့်လိုက်သည်။

"နံနက်ခင်းအရောင်ဆိုတော့ အနွေးရောင်ကို သုံးရမှာနော်၊ ကိုယ်စိတ်ထင် ကာလှာအိုဗာဖြစ်နေမလားပဲ အင်း ပါးစပ်တစ်ပိုင်းကတော့ ကာလာမှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ပန်းချီဆရာလား"

မြသဏ္ဍာန် အမေးကို မင်းပြည့်စုံ ပခုံးတွန့်ပြီး ဟတ်ခနဲတစ်ချက်ရယ်လိုက်ကာ

"နိုး မဟုတ်ပါဘူး၊ ကိုယ်က ပန်းချီချစ်သူပါ ကိုယ်ခုလိုဘေးက နေ ဝေဖန်မိတာ မင်းအတွက် အနှောင့်အယှက်တော့ မဖြစ်လောက်ပါဘူး နော်"

"ဖြစ်တာပေါ့"

"ဟာ ဒါဆို မင်းအနုပညာသမားစစ်စစ် မဟုတ်သေးဘူးပဲ"

"ဘာလဲ"

"ဟုတ်တယ်လေ၊ အနုပညာသမားဆိုတာ အများရဲ့ဝေဖန်မှုကို အသုံးချပြီး ကိုယ့်ဘဝတိုးတက်ဖို့ လမ်းဖောက်ရတာမဟုတ်လား။ အောင်မြင်မှုကိုလိုချင်ရင် အများရဲ့ဝေဖန်မှုကို ကောင်းကောင်းကြိုးခံနိုင်ရမှာပေါ့"

မြသဏ္ဍာန် ရှုတည်တည်နဲ့ပြန်ကြည့်လိုက်သည်။ ဘာမှုတော့ပြန်မပြော။ သူပြောတာက အမှန်ဖြစ်နေတော့ စကားနည်းရန်စဲ ငြိမ်သာနေလိုက်တော့၏။

"ဒီပန်းချီကားက မင်းစိတ်ကြိုက်လား။ ဒါမှမဟုတ် ပန်းချီချစ်သူအတွက်လား"

"ဘယ်သူ့အတွက်မှ မဟုတ်ဘူး။ လောကကပေးတဲ့ အရောင်





စစ်စစ်ကိုလိုက်ရေးကြည့်နေတာ"

"အိုကေ ဟုတ်ပြီ၊ မင်းရဲ့ပန်းချီကားကို ကိုယ်ဝယ်မယ်ဆိုရင် ခရာ ရောင်းမှာလား"

ဒီလူတော့ လူကိုသက်သက်မဲ့ လာရစ်နေပြီဟုတွေးကာ မြသဏ္ဍာန် ခပ်စွေစွေကြည့်လိုက်သည်။ ပုံစံက ထောင့်မကျိုး၊ အမှောင်ဂိုဏ်းက လူလိုလို ဘာလိုလိုနှင့်၊ ပုံစံက မလိုအပ်ပဲ လောင်းကုတ်တွေ မျက်မှန်တွေ ဦးထုပ်တွေနဲ့ ရှုတ်ယှက်ခတ်နေ၏။

မလိုအပ်ဘဲ ရှုံးထုတ်ထားသော ပုံစံကိုကြည့်ခြင်းအားဖြင့် ငကြောင်တစ်ကောင်မှန်း သိသာနေ၏။

"ခင်ဗျား နှောင့်ယှက်ဖို့လာတာလား၊ ဒါဆိုရင်တော့ လှည့်ပြန်ဖို့ အချိန်မီသေးတယ်နော်၊ ဒီထက်ဆက်ပြီး ရစ်လာဦးမယ်ဆိုရင်တော့ ဆေးဟာဒီစုတ်တံကိုင်တဲ့လက်က ခပ်ကြောင်ကြောင် လူတွေရဲ့ပါးကို သေသေသပ်သပ်လေး ရိုက်တတ်တယ်"

"အဟုတ် ရယ်စရာတော့ ကောင်းတယ်၊ ဒီအချိန်မှာ မင်းက အနုပညာတစ်ရပ်ကို စိတ်လွတ်ကိုယ်လွတ် တင်ဆက်နေတယ်၊ ငါက မင်းရဲ့အနုပညာတစ်ရပ်ကို လေးစားစွာနဲ့ လာရောက်အားပေးတယ်၊ ဝေဖန်တယ်၊ ဒါကို ကျေးဇူးမတင်ဘဲ ပါးရိုက်မယ်ဆိုတော့ မင်းတို့ မန္တလေးသူတွေက ဒီလိုပဲ ရိုင်းတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟော့လူ ခင်ဗျား အိုဗာဖြစ်လာပြီနော်''

မြသဏ္ဍာန် ဒေါသကြောင့် နှာသီးဖျားလေးတွေပင် နီရဲလာကာ အောက်နှုတ်ခမ်းကို ခပ်နာနာဖိကိုက်လိုက်သည်။ မြသဏ္ဍာန် တကယ် ဒေါသထွက်သွားသည်ဆိုတာကို ရိပ်မိလိုက်သော မင်းပြည့်စုံ မိန်းကလေး တစ်ယောက်နှင့် ပြဿနာမဖြစ်ချင်၍ ကိုယ့်ဘက်ကပင် တောင်းပန်ဖို့ စိတ်ကူးလိုက်၏။

''ဆောရီးပဲ ကိုယ်က အတည်ပေါက်နဲ့နောက်တတ်တယ်၊ မင်း စိတ်ဆိုးသွားတယ်ဆိုရင် တောင်းပန်တယ်ကွာ၊ ဒီလိုပါ ကိုယ် မင်းရဲ့ လက်ရာကို စိတ်ဝင်စားတယ်''

''ဘာ''

''မင်း အခုရေးနေတဲ့ ပန်းချီကားကို စိတ်ဝင်စားတယ်လို့ ပြောတာ၊ ဒါကြောင့် ကိုယ့်ကိုရောင်းပါလား''

မြသဏ္ဍာန် အထင်သေးသော သံသယမျက်လုံးဖြင့်ကြည့်ကာ ခပ်မဲ့မဲ့လေး စွေကြည့်လိုက်ပြီး

''ခင်ဗျားက ဝယ်နိုင်လို့လား''

''ရက်စ် ကိုယ်က ဘောစီလေ''

မင်းပြည့်စုံ လောင်းကုတ်အောအိတ်ထဲ လက်နှစ်ဖက် လျှိုထည့် ကာ ခေါင်းညိတ်ပြလိုက်ပြီး



''ခင်ဗျားက ဒီပန်းချီကားကို ဘယ်လောက်တန်တယ် ထင်လို့ လဲ၊ ဦးပိန်တံတားပေါ်က ဓားခြစ်ပန်းချီကားတွေလို တစ်ထောင်နှစ်ထောင် လောက် မှန်းထားလို့လား''

မြသဏ္ဍာန် တမင်ပင် ခပ်နှိမ်နှိမ်လေး မေးလိုက်သည်။

''မင်း ဈေးဖြတ်ပါ၊ ကိုယ် တတ်နိုင်တဲ့ဈေးဆိုရင် လုံးဝမငြင်း ဘူး၊ ဝယ်မယ်''

မြသဏ္ဍာန် ခပ်မဲ့မဲ့လေးပြုံးလိုက်ပြီး

''ကောင်းပြီလေ၊ ဒါဆို ကျွန်တော် ဈေးဖြတ်မယ်၊ နှလုံးရောဂါ ရှိရင် ရင်ဘတ်လေးဖိထား၊ နည်းနည်းကြေးကြီးလို့လေ''

''အဟတ် ခုလို စိုးရိမ်ပေးလို့ ရင်တောင်ခုန်သွားပြီ၊ ကဲ ပြော ကြည့် ကိုယ် နားထောင်မယ်''

မြသဏ္ဍာန် ပန်းချီကားတန်ဖိုးကို ဘယ်လောက်ဖြတ်ရမှန်း မသိ။ အလကား မဝယ်နိုင်ဘဲ တမင်လာရစ်နေသောလူကို တစ်ခါတည်း လှည့်ပြေးအောင် မဖြစ်နိုင်သည့်ဈေးကိုပြောဖို့ အာရုံထဲ လျှပ်တစ်ပြက် စဉ်းစားလိုက်သည်။

''နှစ်သိန်းခွဲသိန်း''

''နှစ်ဆယ့်ငါးသိန်း''

ကဲ မှတ်ပြီလား။ ဝယ်နိုင်ရင် ဝယ်ပေတော့ဆိုသော အတွေးဖြင့် ခပ်ထေ့ထေ့လေး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ကောင်းပြီလေ၊ မဆိုးပါဘူး၊ စျေးသင့်ပါတယ်"

"ဘာ"

"ဟမ် စျေးသင့်တယ်လို့ ပြောတာလေ"

"ဒါဆို ခင်ဗျားက ဝယ်မယ်ပေါ့"

"ဒါပေါ့ ငွေသားယူမလား၊ ချက်ခ်ယူမလား"

"ဟမ်"

မြသဏ္ဍာန် မျက်ဝန်းလေး အံ့သြစိတ်ဖြင့် ဝိုင်းစက်သွားသည်။

"ကိုယ် တည်းတဲ့ဟိုတယ်ကို ပန်းချီကား လက်စသပ်ပြီးတာနဲ့ လာပို့နိုင်မလား"

"ဟင့်အင်း ကျွန်တော်က ပန်းချီပဲဆွဲတာ၊ ပန်းချီကားတွေကို ဒေါလ်တူဒေါလ်စနစ်နဲ့ မပို့ဘူး၊ တကယ်ဝယ်ချင်တဲ့သူသာ ကျွန်တော့်ဆီ လာဝယ်ပေါ့"

မြသဏ္ဍာန်တို့ကလည်း နပ်ပြီးသား။ တကယ် ဝယ်နိုင်တာလည်း မဟုတ်ဘဲနှင့် သက်သက်မဲ့လူကို ရုပ်တည်နှင့်လာနှောက်နေတာ။ သူပြောသလို တကယ်ထင်ပြီး အဲဒီဟိုတယ်ကို သွားပေးကြည့် ကိုယ့်ကို အားလုံးကတောင် ဝိုင်းပြီးရယ်ကြဦးမည်။

"ဒါဆို မင်းလိပ်စာပေးလေ၊ ကိုယ့်တပည့်တွေကို ငွေနဲ့လွှတ်လိုက်မယ်၊ မင်းသာ ဒီပန်းချီကားကို ဘယ်တော့ လက်စသပ်ပေးနိုင်မလဲ"





"သဘက်ခါ"

"အိုကေ သဘက်ခါ မင်းအိမ်ကို လွှတ်လိုက်မယ်၊ လိပ်စာသာ အတိအကျပြောပါ"

မြသဏ္ဍာန် အိမ်လိပ်စာကို ရွတ်ပြလိုက်သည်။ မင်းပြည့်စုံ စိတ်ဖြင့်လိုက်မှတ်လိုက်ပြီး ပန်းချီကားဆီသို့ အာရုံတွေကို ပြန်ပို့လိုက်သည်။

မြသဏ္ဍာန် ရင်ထဲမှာတော့ မတင်မကျ။ ဒီလူတကယ်ဝယ်မှာလား။ လေလာကျယ်တာလား။ တကယ်ဝယ်တာဆိုရင်တော့ သူ့မအတွက် အတိုင်းထက်အလွန်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မြသဏ္ဍာန် ဖခင်ဖြစ်သူကို ဆေးလိမ်းပြီး နှိပ်ပေးနေရာမှ အိမ်ရှေ့တွင် ကားတစ်စီးရပ်သံ ကြားလိုက်သဖြင့် ဒည့်ခန်းထဲမှ ကဲကြည့်လိုက်သည်။

''သမီး အိမ်ရှေ့က ဘယ်သူပါလိမ့် ကားရပ်သံကြားရတယ်''

''ကျွန်တော်လည်း မသိဘူး ဖေဖေ၊ နေဦး သွားကြည့်လိုက်ဦးမယ်''

မြသဏ္ဍာန်ထိုင်ရာမှ ထလိုက်ပြီး အိမ်ပေါက်ဝဆီသို့ ခပ်သွက်သွက် လျှောက်လာလိုက်၏။

အနက်ရောင် ဇိမ်ခံကားကြီးပေါ်မှ သားသားနားနား လူနှစ်ယောက် ဆင်းလာသည်။ မြသဏ္ဍာန် အိမ်ပေါက်ဝမှာ ရပ်ငေးကြည့်နေ



မိ၏။

''ဒါ ပန်းချီဆရာမအိမ်ပါလား ခင်ဗျာ''

လင်းမြတ် မြသဏ္ဍာန် ပန်းချီဆရာမဆိုတာ သိသိကြီးနှင့် တမင် အလုပ်သဘောအရ မေးလိုက်ခြင်း ဖြစ်သည်။ ဖိုးချစ်ကတော့ ကြွေရုပ်မဆည်နိုင်လောက်အောင်ပင် မြသဏ္ဍာန်ကို မျက်လုံးကျွတ်ကျမတတ် ကြည့်နေ၏။

''ဒါ ပန်းချီဆရာမ အိမ်ပါလားခင်ဗျာ''

လင်းမြတ် မြသဏ္ဍာန် ပန်းချီဆရာမဆိုတာ သိသိကြီးနှင့် တမင် အလုပ်သဘောအရ မေးလိုက်ခြင်း ဖြစ်သည်။ ဖိုးချစ်ကတော့ ကြွေရုပ်မဆည်နိုင်လောက်အောင်ပင် မြသဏ္ဍာန်ကို မျက်လုံးကျွတ်ကျမတတ် ကြည့်နေ၏။

''ဟုတ်ပါတယ် ဘာကိစ္စရှိလို့ပါလဲ''

''မင်းသား မင်းပြည့်စုံက ပန်းချီကားချပ်ဖိုး ငွေလာချေခိုင်းလို့ပါ''

မြသဏ္ဍာန် မယုံကြည်နိုင်လွန်းသော အံ့သြမှုတွေက မျက်နှာပေါ်သို့ အစီအစဉ်မကျစွာ တိုးဝင်လာကာ ပါးစပ်ကလေး အဟောင်းသား ဖြင့်

''ဒါဆို အိမ်မှားလာပြီထင်တယ်၊ ကျွန်တော် မင်းသား မင်းပြည့်

www.burmeseclassic.com

www.burmeseclassic.com



စုံကို ပန်းချီကားရောင်းဖို့ စျေးမဆိုင်ထားပါဘူး''

''ဗျာ''

လင်းမြတ်နှင့်ဖိုးချစ် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး

''ဟိုလေ တစ်နေ့က ကျုံးမြို့ရိုးပန်းချီကားရေးနေတာ ဒီက တစ်ယောက်မဟုတ်လား''

''ဟုတ်ပါတယ်''

''ဒါဆို ဟုတ်တယ်လေ၊ အဲဒီနေ့က ဒီကပဲ ကိုယ်တို့မင်းသားကို သိန်းနှစ်ဆယ်ရရင် ရောင်းမယ်လို့ ပြောခဲ့တာ မဟုတ်လား''

''ဟင် ဒါ ဒါဆို အဲဒီနေ့က လူဆိုးဂိုဏ်းသားလိုလို ဘာလိုလိုနဲ့ ကျွန်တော့်ဆီရောက်လာတဲ့သူက မင်းသား မင်းပြည့်စုံပေါ့ ဟုတ်လား''

''ဟုတ်ပါတယ်၊ အခု သူ ရှုတင်ဝင်နေရလို့ ကိုယ်တို့လာယူတာပါ''

မြသဏ္ဍာန် ရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားသည်။ ထိုသို့ ဝမ်းသာသွားရခြင်းမှာ မင်းပြည့်စုံကြောင့်မဟုတ်။ ကိုယ့်ပါးစပ်ထဲ တွေ့ကရာ စျေးနှုန်းဖြင့် ပန်းချီကားတန်ဖိုးဖြတ်လိုက်ခြင်းကို အတည်ထင်ပြီး လာဝယ်သောကြောင့်သာ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် တကယ်ရောင်းရတော့လည်း မြသဏ္ဍာန်အတွက် ရုတ်တရက် ခုန်ပေါက်ဝင်လာသည့် အခွင့်



အရေးကောင်းတစ်ခု။

''အိမ်ပေါ်တက်ကြပါဦး။ ပန်းချီကားက လက်စသတ်ပြီးပေမယ့် ဘောင်တောင်မတပ်ရသေးဘူး''

လင်းမြတ်နှင့်ဖိုးချစ် မြသဏ္ဍာန်အိမ်ပေါ်သို့ တက်လိုက်သည်။ ဧည့်ခန်းထဲရှိ ဒရင်းဘတ်ပေါ်တွင် လှဲနေသော မြသဏ္ဍာန်၏အဖေ ဦးရန်နိုင်ကိုတွေ့တော့ လင်းမြတ် တရိုတသေ ပြုံးပြနှုတ်ဆက်ပြီး ဧည့်ခန်းထဲရှိ ကြိမ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

''မောင်ရင်တို့က ဘယ်ကနေ ဒီပန်းချီကားကို လာဝယ်ကြတာလဲကွယ်''

ဦးရန်နိုင် ဘာရယ်မဟုတ်။ စကားစရှာ မေးလိုက်ခြင်းဖြစ်သည်။

''ကျွန်တော်တို့ ရန်ကုန်ကပါ အန်ကယ်''

''ဟော ရန်ကုန်ကတောင် လာဝယ်ကြတာလား။ သြော် တကူးတကတောင် လာဝယ်ကြတာကိုး''

''ဗျာ ဟုတ် ဟုတ်ကဲ့ အဟဲ အန် အန်ကယ်နေကောင်းတယ်နော်''

''ဦးလေးပုံစံက နေမကောင်းတဲ့ရုပ် ပေါက်နေလို့လားကွ''

''ဗျာ ဟုတ် အဲ မဟုတ် မဟုတ်ပါဘူး။ ဒီ ဒီလိုပဲ ရှိသေးသလို့ မေးလိုက်တာပါ''

www.burmeseclassic.com

www.burmeseclassic.com



''သြော် အေး ဒါလည်း တို့မြန်မာတွေရဲ့ ပဋိသန္ဓာရ စကားပေါ့ကွယ်၊ ဒါနဲ့ မင်းတို့ပုံစံကြည့်ရတာ ပန်းချီကို တော်တော် တန်ဖိုးထား မြတ်နိုးတတ်မယ် ထင်တယ်''

''ဟုတ် ဟုတ်ကဲ့ပါ အန်ကယ်၊ ခု ဒီပန်းချီကားက ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် မော်ဒယ်မင်းသား မင်းပြည့်စုံ ဝယ်နိုင်းလိုက်တာပါ''

ဦးရန်နိုင် မျက်လုံးပြူးသွားသည်။ သမီးအတွက်လည်း ဂုဏ်ယူသွားမိသည်။ ရုပ်ရှင်မင်းသား တစ်ယောက်က ကိုယ့်သမီး ပန်းချီကားကို တန်ဖိုးထားပြီး လာဝယ်တာ ဘယ်လောက် ဂုဏ်ယူချင်စရာကောင်းလိုက်ပါသလဲ''

ဦးရန်နိုင် ဂုဏ်ယူပီတိပြုံးတွေဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေတုံး မြသဏ္ဍာန် ပန်းချီကားကို အသေအချာ ထုပ်ပိုးပြီး အိမ်ရှေ့ခန်းသို့ ယူလာ၏။

လှမ်းပေးလာသော ပန်းချီကားကို လင်းမြတ် လှမ်းယူလိုက်သည်။

ဖိုးချစ်က သူ့လက်ထဲတွင်ကိုင်ထားသော ငွေထုပ်ကို မြသဏ္ဍာန်အား လှမ်းပေးလိုက်သည်။

''သိန်းနှစ်ဆယ်တိတိပါ ရေကြည့်လိုက်ပါဦး''

မြသဏ္ဍာန် ငွေထုပ်ကို လှမ်းယူကာ





''ရပါတယ် မရေကြည့်တော့ပါဘူး''

''ဒါဆို ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး''

''ဟုတ်ကဲ့ ကောင်းပါပြီ၊ ခင်ဗျားတို့မင်းသားကို ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါ''

''ဟုတ်ကဲ့ ပြောပေးပါ့မယ်''

လင်းမြတ်နှင့်ဖိုးချစ် မြသဏ္ဍာန်တို့ သားအဖကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်းသွား၏။ ခြံထဲမှကားထွက်သွားတော့မှ မြသဏ္ဍာန် ပီပြင်စွာ ပျော်နိုင်တော့၏။

''ဖေဖေ ရော့ ဒါ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး ရောင်းရတဲ့ ပန်းချီကားရောင်းရတဲ့ပိုက်ဆံ၊ အဖေ သုံးချင်တာသုံး၊ လှူချင်တာလှူဖို့ ဖေဖေပဲ ယူထားလိုက်ပါ''

''သမီးပဲ သိမ်းထားလိုက်ပါကွယ်၊ ဒီအိမ်မှာ သမီးနဲ့ဖေဖေ နှစ်ယောက်တည်းရှိတာ သမီးပိုက်ဆံ အဖေ့ပိုက်ဆံ ခွဲခြားနေဖို့ မလိုပါဘူး။ ဖေဖေက သမီးအတွက်ပဲ ဂုဏ်ယူမိတာပါ၊ ငါ့သမီးလေးရဲ့ အနုပညာခန်းကတော့ စပြီး ပွင့်လာပြီ၊ ဖေဖေ့ဆန္ဒအရဆို သမီးကို တစ်ကိုယ်တော် ပြပွဲလေး လုပ်စေချင်တယ်''

''ကျွန်တော်လည်း စိတ်ကူးထားပါတယ် ဖေဖေ၊ အခွင့်အရေး ပေးတဲ့တစ်နေ့ကျရင် ဖြစ်လာမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မြသဏ္ဍာန်၏အကြီးမားဆုံး မျှော်လင့်ချက်ဟုဆိုက မမှား။



## အခန်း (၅)

"မောင် သိမ့်ကို အထင်မလွဲပါနဲ့ မောင်ရယ်၊ သိမ့် သိမ့်လေ မောင့်ကိုချစ်လွန်းလို့ ခုလိုဖြစ်သွားရတာပါ မောင်"

"တော်စမ်းပါကွာ မင်းလျှာမှာ အရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့၊ ငါ နားခါးတယ်"

"အို မောင်ရယ်"

မင်းသမီး မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုရှိုက်ရင်း ပြေးထွက်သွားသည်။

"ကဒ်"

"အိုကေလား ကိုမောင်"

မင်းပြည့်စုံ အိုက်တင်ဖြုတ်လိုက်ပြီး ဒါရိုက်တာကိုမောင်မောင်



www.burmeseclassic.com

ဦးကို လက်လှမ်းပြကာ မေးသည်။

"အိုကေတယ် မင်းသား၊ နောက်တစ်စင်းက စင်းနံ့ပါတ်ကိုး နော်၊ မင်းသမီး ခဏနားလို့ရတယ်၊ နောက်ရိုက်မယ့်အခန်းက မင်းသားနဲ့သူ့အမေအခန်း"

"ဒါဆို အဝတ်အစားလဲရမှာပေါ့၊ ဖိုးချစ် နောက်တစ်စင်းအတွက် အဝတ်အစားတစ်စုံ အဆင်သင့်ထုတ်ထားမယ်"

မင်းပြည့်စုံ ထိုင်ခုံလေးမှာ ခြေချိတ်ထိုင်ရင်း ဖိုးချစ်ကို လှမ်းပြောလိုက်သည်။

"အဆင်သင့်ပဲ"

"ဒါနဲ့ လင်းမြတ်ဘယ်မှာလဲ"

"ရှုတင်မန်နေဂျာနဲ့ စကားပြောနေတယ်၊ ဟိုမှာလာပြီ"

လင်းမြတ် မင်းပြည့်စုံနားသို့ လျှောက်လာပြီး မေးဆတ်ပြကာ

"ဘာလဲ မင်းပြည့်"

"ငါ ခိုင်းထားတဲ့ကိစ္စ အိုကေရဲ့လား"

"ပန်းချီကားကိစ္စလား"

"ဟုတ်တယ်"

"အိုကေလို့ တစ်ခါတည်း ငွေချေပြီး တစ်ခါတည်း ယူလာတယ်"



"ဟုတ်လား"

မင်းပြည့်စုံ ကျေနပ်သော အပြုံးပြုံးလိုက်ပြီး ကားရှိရာသို့ ..သွ ကသွား၏။

"ဘယ်သွားမလို့လဲ"

"ပန်းချီကား သွားကြည့်မလို့"

"အဲဒါဆိုလည်း ထိုင်နေလေ၊ ငါသွားယူပေးမှာပေါ့"

လင်းမြတ် မင်းပြည့်စုံထက်အရင် ကားရှိရာသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ လင်းမြတ် ကားနောက်ခန်းတံခါးကိုဖွင့်ပြီး ပိတ်စအဖြူနှင့် ပတ်ထားသော ပန်းချီကားချပ်ကြီးကို ယူလာသည်။

"ရော့ မင်းကို ကျေးဇူးတင်တယ်လို့လည်း မှာလိုက်တယ်"

မင်းပြည့်စုံ ပန်းချီကားကို အငမ်းမရ လှမ်းယူကာ ပတ်ထားသော ပိတ်စကို ဖြေချလိုက်သည်။

"လက်ရာကတော့ ဂန္ထဝင်တွင်လောက်တယ်"

မင်းပြည့်စုံတစ်ယောက်တည်း ခပ်တိုးတိုးပြောပြီး ပန်းချီကား ဘ်အောက်တက်ထောင့်တွင် ပီပီသသ ရေးထိုးထားသော နာမည်တစ်ခု။ နာမည်က မြသဏ္ဍာန် တဲ့လား။ လှလိုက်တဲ့ နာမည်လေး။ လူကလည်း မင်းပြည့်စုံ၏နှလုံးသားကို ခပ်ဖြည်းဖြည်း လှုပ်ခတ်သွားသေးသည်။

"ဟော့ မင်းသား ပန်းချီကားကြီးပါလား"

www.burmeseclassic.com

ဒါရိုက်တာ ကိုမောင်မောင်ဦး မင်းပြည့်စုံလက်ထဲမှ ပန်းချီကားကို စိတ်ဝင်စားသွားသဖြင့် အနားသို့ ရောက်လာ၏။

"အတော်ပဲ ခုရိုက်မယ့်စင်းက အင်ဒိုးလေ၊ ဒီပန်းချီကားပါ ထည့်သုံးလိုက်မယ်"

"ဘယ်နေရာမှာ ချိတ်မှာလဲ"

"ညွှန်းခန်းထဲမှာလေ၊ မင်းသားနဲ့မင်းသားအမေ စကားအခြေအတင်ပြောကြတဲ့အခန်းမှာ ဘက်ဂရောင်းအဖြစ် ထည့်သုံးမယ်"

"ကိုမောင်မောင်ဦး သဘောပဲလေ"

"အိုကေ ကျေးဇူးတင်တယ်၊ ဒါနဲ့ ဒီနေ့မှ ဝယ်လိုက်တာလား"

"အင်း အော်ဒါပေးထားတာတော့ ကြာပြီလေ၊ ဒီနေ့မှ လင်းမြတ်ကို သွားယူခိုင်းထားတာ"

"မင်းသားက တကယ့်အနုပညာသမား ပီသပါတယ်ဗျာ၊ သရုပ်ဆောင်ပညာတင်မဟုတ်ဘူး၊ ဂီတ၊ စာပေ၊ ပန်းချီ အားလုံးကို ဝါသနာပါတယ်"

ဒါရိုက်တာ မောင်မောင်ဦး သဘောတကျဖြင့် မင်းပြည့်စုံကို ချီးမွမ်းခန်းဖွင့်နေလေသည်။

■ ■ ■

## အခန်း (၆)

"သဏ္ဌာန်ရယ် ငါတော့လေ နင့်ပန်းချီကားကို မင်းပြည့်စုံ ဝယ်သွားတယ်ဆိုတဲ့ကိစ္စ နင်ပြောလို့သာ ယုံရတယ်၊ သူများသာ ပြောရင် သိပ်မယုံချင်ဘူးဟယ်"

"အခု နင် မယုံလို့မရတော့ဘူး မဟုတ်လား၊ ငါ့ပန်းချီကားကို သိန်းနှစ်ဆယ်နဲ့ရောင်းလိုက်ရလို့ ငါတို့အိမ်ကို တော်တော်နဲ့ပြန်မရွေးနိုင်ခဲ့တာ ခုတော့ ပြန်ရွေးနိုင်ပြီ မဟုတ်လား"

"အေးလေ ဒါက သက်သေဖြစ်နေလို့သာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ဝမ်းသာတယ်၊ အိမ်ကိုချိတ်ပိတ်ပေါင်ထားတော့ နင်တို့မှာ တခြားအိမ်ကို ငှားနေရတာ၊ ခုတော့ အိမ်ငှားဘဝက လွတ်ပြီပေါ့"

"အင်းလေ ငါဆို အိပ်မက်များ မက်နေတာလားဆိုပြီး ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် သံသယဝင်မိတယ် ဘာကယ်''

မြသဏ္ဍာန်၏မျက်နှာလေးမှာ သောကတွေ လွင့်စင်ပြီး ကြည်လင်ပြုံးမြနေသည်။ စိတ်ထဲမှာ မင်းပြည့်စုံကို ကျေးဇူးတင်မိတာတော့ အမှန်ပင်။

''သဏ္ဍာန် ဒီပန်းချီကားတွေက အိမ်နံရံမှာ ချိတ်မှာလား၊ဒီအတိုင်း စက္ကူပုံးနဲ့ပဲ ထည့်ထားမှာလား''

ဇာဇာ အမေးကြောင့် မင်းပြည့်စုံဆီ စိတ်ရောက်နေသော မြသဏ္ဍာန်၏စိတ်တွေ လွင့်မျောကုန်ကာ

''အင်း ချိတ်ထားလိုက်တော့မယ်လေ၊ ဒါ သူတို့နေရာလေးတွေပဲ၊ စက္ကူပုံးထဲ ဆက်ထည့်ထားရင် ဒီပန်းချီကားတွေအတွက် အနာဂတ်ပျောက်သွားမှာပေါ့''

မြသဏ္ဍာန် စကားကြောင့် ဇာဇာ စက္ကူပုံးထဲမှ ပန်းချီကားတွေကို ထုတ်ယူပြီး အိမ်နံရံတွေမှာ ချိတ်လိုက်သည်။

အိမ်ပြောင်းသည့်နေမှ ဇာဇာနှင့်သူ့မောင်လေးနှစ်ယောက် လာဝိုင်းကူကြခြင်း ဖြစ်သည်။

''မမသဏ္ဍာန် ဗီဒိုရီတွေကို ဘယ်နားမှာ ထားရမှာလဲ''

ဗီရိုကြီးအား အိမ်ပေါ်သို့ သယ်ရွှေ့လာသော ဇာဇာ၏မောင်လေးနှစ်ယောက်အမေးကြောင့် မြသဏ္ဍာန် ဗီရိုထားမည့်နေရာမှ ပစ္စည်း

မျိုးဝေမေ



အချို့ကို ကမန်းကတမ်း ဖယ်ရှားလိုက်ပြီး

''ဒီမှာထားမှာ၊ မောင်ဖော် သေချာမနော် ခြေထောက်ပေါ်ပြုတ်ကျမယ်''

မြသဏ္ဍာန် စိုးရိမ်စိတ်ဖြင့် ပြောလိုက်ပြီး သူမပါ ဗီရိုကြီးကို ဖေးကူမပေးလိုက်သည်။ မြသဏ္ဍာန်မှာ ဖအေတစ်ခု သမီးတစ်ခုဖြစ်သည့် အပြင် အဖေက နှလုံးရောဂါသမားဖြစ်နေ၍ ဘာမျှ ဝင်မကူနိုင်။ ဇာဇာတို့မိသားစုကသာ ဆွေရင်းမျိုးရင်းလို မြသဏ္ဍာန်တို့သားအဖကို ဝင်ရောက် ဖေးမကူညီနေခြင်းဖြစ်သည်။

ဇာဇာဆိုတာကလည်း မြသဏ္ဍာန်နှင့် ဟိုးငယ်စဉ် မူကြိုတက်စဉ်ကတည်းက အတူသွားအတူလာ ညီအစ်မအရင်းထက် ပိုပြီး သံယောဇဉ်တွယ်သူတစ်ယောက်။

ဇာဇာကလည်း ပွင့်လင်းရိုးသားပြီး ချစ်စရာကောင်းသော မြသဏ္ဍာန်ကို ညီအစ်မအရင်းလို ချစ်ရှာ၏။

စီးပွားရေး မချောင်လည်ကြသူချင်း အတူတူ တစ်ယောက်ကိုတစ်ယောက် သွေးစည်းညီညွတ်စွာ မရှိအတူ ရှိအတူနေလာကြသူများလည်းဖြစ်သည်။

''ဟဲ့ သဏ္ဍာန် ငါတော့လေ မင်းပြည့်စုံ နှင့်ဆီက ပန်းချီကားဝယ်တဲ့ကိစ္စမှာ သမားရိုးကျတော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်ဟာ''

မျိုးဝေမေ

www.burmeseclassic.com

www.burmeseclassic.com



ဇာဇာက သူချိတ်ပြီးသား ပန်းချီကားတွေကို နေရာကျမကျ အသေအချာ တည့်ရင်း သူ့ထင်ကြေးကို ပြောဏ်။

''နင်က ဘယ်လိုထင်လို့လဲ၊ ပေါက်ကရတော့ လျှောက်မထင်နဲ့နော်၊ ငါလို ဘာမှမဟုတ်တဲ့ သူတစ်ယောက်ကို ဒီလိုနာမည်ကြီး ပရော်ဖက်ရှင်နယ်တစ်ယောက်က စိတ်မဝင်စားလောက်တာကတော့ လုံးဝ ကျိန်းသေတယ်''

''ဒါက နင့်အထင်လေဟာ နင်နဲ့မင်းသား မင်းပြည့်စုံရဲ့တွေ့ဆုံမှုက အရမ်းကို ရှိမန့်ဆန်တယ်၊ နောက်ပြီး နာမည်ကြီးပန်းချီဆရာမတစ်ယောက်လည်း မဟုတ်တဲ့အပြင် ခုတွေ့ခုဝယ်သွားတဲ့ ပန်းချီကား ဝယ်လိုအားကိုကြည့်ခြင်းအားဖြင့် နင့်အပေါ်မှာ သူ စိတ်တစ်ခုခုတော့ ရှိသွားပုံပဲ''

''အဟား နင့်ထင်ကြေးတွေက ရင်ခုန်စရာတော့ ကောင်းသား။ ဒါပေမဲ့ နင်ပြောသလိုသာ ငါ လိုက်ပြီး စိတ်ကူးယဉ်နေရရင် ရင်ထဲက ကဗျာတွေအများကြီး ထွက်ကျလာမှာ ကျိန်းသေတယ်၊ အဟင်း ဟင်း''

''ဒါဆိုလည်း အဲဒီကဗျာတွေကို အသက်သွင်းပေးလိုက်ရုံပေါ့၊ ဟာ ငါထင်တယ် မင်းပြည့်စုံ နင့်ဆီကို ရောက်လာဦးမှာ ကျိန်းသေသေးတယ်''





စားပွဲပေါ်စာအုပ်တွေ အစီအရီ တင်နေရင်းမှ မြသဏ္ဍာန် ပြုံးလိုက်သည်။ သူလာတော့ရော အရင်အိမ်လေးမှာ မြသဏ္ဍာန်မှ မရှိတာ ဘယ်လိုလုပ်တွေ့ဆုံနိုင်မှာလဲ။

''မင်းပြည့်စုံက ဒီအိမ်ကို ရောက်လာမှာပါ''

''ကဲ မယ်မင်းကြီးမ ကိုယ့်အတွက်ကိုယ် စိတ်ကူးမယဉ်ဘဲ သူများအတွက် စိတ်ကူးတွေ စွတ်ယဉ်ပေးနေတယ်ဟယ်၊ ငါတို့က အခု ကိုယ့်အိမ်ကိုယ် ပြောင်းလာမှတော့ သူက ဘယ်လိုလုပ်ပြီး ဒီအိမ်ထိ လိုက်လာလို့ ရမှာလဲ၊ သိမှမသိဘဲကို''

''အို ပြောရမလား၊ နဖူးစာဆိုတာ ရှာလည်တတ်တာပဲ၊ သူ မန္တလေးမှာ ရှိနေသရွေ့ နင်နဲ့နောက်တစ်ကြိမ် ထပ်ဆုံနိုင်သေးတာပဲ ဟယ်''

''ဟင့်အင်း ငါကတော့ မဆုံချင်တော့ဘူး၊ သူ့ကိုငါ့ဘဝရဲ့ တဒင်္ဂလေးအတွင်းမှာ ကျေးဇူးရှင်တစ်ယောက်အဖြစ်နဲ့ပဲ စိတ်ထဲမှတ်လိုက်ပြီပြီ နောက်ထပ် ငါ့ဘဝထဲမှာ သူ ထပ်ပေါ်လာစရာ ဘာ အကြောင်းမှ မရှိတော့ဘူး''

မဖြစ်နိုင်သည့် မျှော်လင့်ချက်တွေကို စိတ်ကူးယဉ်ပြီး ကိုယ့်အတွေးတွေကို မသိမ်ငယ်စေချင်တာတော့ အမှန်ပင်ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နေ့လယ်ပိုင်း ရှုတင်နားသဖြင့် မင်းပြည့်စုံ ဟိုတယ်ထဲမှာ မနေချင်။ အပြင်ထွက်ဖို့ လမ်းကြောင်းရှာလိုက်သည်။

"ငါ လေးလေးကို သွားတွေ့ရမယ် လင်းမြတ် မန္တလေးရောက်ကတည်းက တူနဲ့ဦးလေး ဖုန်းနဲ့ပဲ စကားပြောဖြစ်ကြတယ်"

"မင်း ဦးလေးက သူလာတွေ့မယ်လို့ ပြောသားပဲ"

"ငါ့ဦးလေးလည်း အလုပ်တစ်ဖက်နဲ့ ငါ့ကိုလာတွေ့လို့ ဘယ်လို အချိန်ရှိမှာလဲကွာ၊ ငါက တူပဲ သွားတွေ့ရမှာပေါ့"

"သွားတွေ့တာတော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမဲ့ မန္တလေးမှာလည်း မင်းရဲ့ပရိသတ်တွေက ရာနှုန်းပြည့်လေ၊ မီဒီယာတွေကလည်း တောက်လျှောက်လိုက်နေတာ၊ မင်းသမီး သွန်းနုဒီကို မင်းက နိုးပြေး





သွားပါတယ်ဆိုတဲ့သတင်းက ပရိသတ်ထဲမှာ ပျံ့နေတာ၊ မင်း ထွက်တာနဲ့ မီဒီယာခဲတွေက မင်းကို ဒီကိစ္စမရမက မေးတော့မှာပဲ"

လင်းမြတ် မင်းပြည့်စုံအား အပြင်သို့ သိပ်ပြီး မထွက်စေချင်။ ကိုယ်က သာမန်လူမဟုတ်လေတော့ အရာရာကို သွားသတိ လာသတိနှင့် မီဒီယာတွေ နည်းနည်းဆို များများမပွရလောက်အောင် သတိနှင့်ဆင်ခြင်နိုင်မှ တန်ကာကျမည်။

"ငါ့ကိစ္စ ငါသိပါတယ်ကွာ၊ မင်းကလည်း မာမီက အာဏာကုန်လွှဲလိုက်တာနဲ့ ငါ့လွတ်လပ်ခွင့်တွေကို မင်းကပါ ဝင်ပြီး ပိတ်ပင်နေချင်တယ်"

"ဟ ဒီခရီးမှာ မင်းကို အန္တရာယ်ကင်းကင်းနဲ့ ပြန်နိုင်ဖို့အတွက် မင်းကို အနီးကပ်စောင့်ရှောက်ရမယ့်တာဝန် ငါ့မှာအပြည့်ရှိနေလို့ပါကွာ"

လင်းမြတ် ညနေရိုက်ကွင်းတွင် သုံးမည့် ခါးပတ်နှင့်ဖိနပ်ကို ပလက်စတစ်ဘောက်စ်ထဲ ထည့်နေရင်းမှ သူငယ်ချင်းဖြစ်သူ စိတ်ဆိုးမည်စိုး၍ လေပြည်လေးနှင့် ရှင်းပြရှာ၏။

"ဒီလိုလုပ်ပါလား မင်းပြည့်၊ မင်းအပြင်ထွက်ရင် ဘယ်သူမှ မင်းကို မမှတ်မိအောင် ငါ့အကြံပေးမယ်"

ဖိုးချစ် မီးပူထိုးနေရင်းမှ မင်းပြည့်စုံအပြင်ကို အန္တရာယ်ကင်းကင်းနှင့် ထွက်လို့ရအောင် အကြံပေးဖို့ စကားစ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး မင်းက ငါ့ကို ဘာအကြံဉာဏ်ပေးမလို့လဲ"

"အဟဲ ဆံပင်အတု နှုတ်ခမ်းမွေးအတုတွေ တပ်ပြီး ထွက်ပါလား။ ရင်ဘတ်ချင်းငြိ ကားထဲမှာ မင်း အဲဒီလို ရုပ်ဖျက်ထားတဲ့ ဇာတ်ဝင်ခန်းမှာ မင်းဆိုတာ လုံးဝမရိပ်မိလောက်အောင်ကို မင်းပုံစံနဲ့လုံးဝ ကွဲထွက်သွားတယ်"

"ဟာ ကြောင်တောင်တောင် အကွက်တွေ မသုံးချင်ပါဘူးကွာ၊ မင်းတို့တွေ ပူစရာမရှိတာ ကြံဖန်ပူနေကြတာကိုး။ ငါသွားရင် ဟိုတယ်ပေါ်က ဆင်းတာနဲ့ ကားပေါ်၊ ပြီးရင် ဦးလေးအိမ်ရှေ့ကို တန်းရောက်၊ ဘယ်သူက ငါ့ကို မြင်မှာလဲ"

"ဒါဆို ငါ လိုက်မယ်လေ"

ဖိုးချစ် သူ့ရင်ဘတ်ကိုပုတ်ပြီး လိုက်ဖို့ပြောသဖြင့် မင်းပြည့်စုံ ဖိုးချစ်ကိုခေါ်ဖို့ စိတ်ကူးရသွားသည်။

"အေး ကောင်းတယ်၊ ဖိုးချစ် မင်းလိုက်သွားလိုက်၊ ငါက ဒီမှာ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရဦးမှာမို့လို့ မလိုက်တော့ဘူး"

"အေးလေ လိုက်ချင်လိုက်ခဲ့ပေါ့"

ဖိုးချစ် လိုက်မည်ဆို၍ နောက်ထပ်လမ်းကြောင်းတစ်ခုပင် ထပ်တိုးသွားရသည်။ မြသဏ္ဍာန် အိမ်သို့သွားမည်။ ပန်းချီကားတွေ သွားပြီး ကြည့်မည်။

ဗျူး၊ ၁၇၄ပ



ဒါ့အပြင် သူမမျက်နှာလေးကို မှတ်မှတ်ထင်ထင် ဖြစ်သွားအောင် နောက်တစ်ကြိမ် ထပ်ကြည့်ချင်သေးသည်။

■ ■ ■

ဗျူး၊ ၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မင်းဟာက ဒီအိမ်ရော ဟုတ်ရဲ့လား ဖိုးချစ်ရာ"

"ဟုတ်တယ် မင်းပြည့်ရ၊ ဒီအိမ်မှ ဒီအိမ် လုံးဝလွဲစရာ အကြောင်းမရှိဘူး"

သော့ခတ်ထားသော အိမ်ရှေ့တွင် ကားရပ်ပြီး ဖိုးချစ် ဇဝေဇဝါဖြစ်၍နေသည်။

"ဒါဆို တစ်နေရာရာများသွားနေသလားမှ မသိတာ"

"မဟုတ်လောက်ဘူး၊ တစ်နေရာကိုသွားရင် အိမ်တံခါးသော့ခတ်ရုံလောက်ပဲ ရှိမှာပေါ့၊ အခုဟာက ခြံလေးထဲမှာကအစ ရှင်းနေတာ"

"ဟာ ခြံရှင်းထားလို့နေမှာပေါ့"

"မဟုတ်ဘူး ခြံရှင်းထားတာ မဟုတ်ဘူး၊ အရင်လာလာတုန်း

ဗျူး၁၀၃၆၀



အိမ်ရှေ့မှာ ပန်းအိုးလေးတွေ၊ ထိုင်ခုံလေးတွေ ချထားတယ်၊ အခု အဲဒါတွေ တစ်ခုမှမရှိတော့ဘဲ အိမ်ကလူမနေတဲ့အိမ်ပုံစံပေါက်နေတယ်"

ဖိုးချစ် ပို၍သေချာစေရန် ကားပေါ်မှဆင်းလိုက်ပြီး ဘေးအိမ်ကို လှမ်းမေးလိုက်သည်။

"အစ်မ ဒီအိမ်က ပန်းချီဆရာမလေးတို့ ဘယ်သွားကြလဲခင်ဗျ"

"ပြောင်းသွားကြပြီ"

ပြောင်းသွားကြပြီဆို၍ မင်းပြည့်စုံ ရင်ထဲ ဟာဆင်းသွားသည်။ ရင်ထဲမှာ တစ်စုံတစ်ခု လစ်ဟာသွားသလို ခံစားလိုက်ရသည်။

"ဘယ်ကို ပြောင်းသွားကြတာလဲ အစ်မ"

"မသိဘူး မောင်လေးရဲ့၊ အစ်မကလည်း ညှိသည်ပဲလေ၊ အင်း ပြောင်းတာကတော့ မနေ့ကမှ ပြောင်းသွားကြတာကွယ့်"

"သြော် ဟုတ်ကဲ့ ကျေးဇူးပဲ အစ်မ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဖိုးချစ် ထိုအမျိုးသမီးကို နှုတ်ဆက်ပြီး ကားရှိရာသို့ ပြန်လျှောက်လာပြီး ကားတံခါးဖွင့်ဝင်ထိုင်ကာ

"ပြောင်းသွားကြပြီတဲ့"

"ဘယ်ကိုပြောင်းသွားကြတာလဲလို့ မင်း မမေးလိုက်ဘူးလား"

"မေးတယ်လေ မင်း မကြားဘူးလား"

ဗျူး၁၀၃၆၀

www.burmeseclassic.com

www.burmeseclassic.com



ထိုမှုအထိတော့ မင်းပြည့်စုံ အာရုံရိုက်ပြီး နားမထောင်ဖြစ်တော့ ပြောင်းသွားကြပြီဟု ခပ်သဲ့သဲ့ ကြားလိုက်ကတည်းက မျှော်လင့်ချက်တစ်ခု ကို ရိုက်ချိုးခံလိုက်ရသလို စိတ်ထဲသိပ်မရှင်တော့။

လျှပ်တစ်ပြက်တွေ့ပြီး စကားပြောဖြစ်ခဲ့ကြသည့် အချိန်အပိုင်း အခြားလေးတစ်ခုက ရင်ထဲမှာဖော်မပြနိုင်သော ကြည်နူးမှုတစ်ခု ဖြစ် ထွန်းသွားသည်ဆိုတာ ကိုယ်ကိုယ်တိုင်ပဲ သိသည်။

အခု ထိုကြည်နူးမှုလေးတွေကို ကျယ်ပြောလှသော သမုဒ္ဒရာ ရေပြင်ကျယ်ကြီးထဲကို မြှုပ်ပစ်လိုက်သလို အစရှာမရတော့။ မန္တလေးမြို့ ဆိုတာ ကိုယ်ကျင်လည်သည့် မြို့မဟုတ်လေတော့ မြသဇ္ဈာန်ကို ဘယ်လို တွေ့အောင် ရှာရမည်လဲ။

''ဟိုတယ်ကို ပြန်တော့မလား မင်းပြည့်''

ဖိုးချစ် အမေးကြောင့် မင်းပြည့်စုံ လက်မှနာရီကို ငုံ့ကြည့်လိုက် သည်။ ရှုတင်ချိန်က တော်တော်လေး လိုသေးသည်။

''မပြန်သေးဘူးလေ၊ ဦးလေးဆီကို ဝင်ရဦးမယ်၊ ဦးလေးအိမ်ကို မောင်း''

''အိုကေ''

ဖိုးချစ် ကားကိုငြိမ့်ခနဲ မောင်းထွက်လိုက်သည်။ မင်းပြည့်စုံ မျက်မှန်အနက်ကို တပ်လိုက်ပြီး ကားဆိုဖာကျောမှီကို ခပ်လျှောလျှော





မှီချလိုက်သည်။

ထို့နောက် သက်ပြင်းခပ်ဖျော့ဖျော့ ချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"လာကြ ငါ့တူတို့ရေ့ လင်းမြတ် ဖုန်းဆက်ထားကတည်းက မျှော်နေတာ"

"ဟုတ်ကဲ့ လမ်းမှာဝင်စရာလေးရှိလို့ ဝင်နေတာနဲ့ ကြာသွားတယ် ဦးလေး"

"သိပါတယ် ငါ့တူရယ်၊ ငါ့တူက ဦးငယ်ငယ်ကအတိုင်း ချောင်ရှည်တတ်မယ်ဆိုတာ ဟား ဟား ဟား"

ဧည့်ခန်းထဲ ဝင်လိုက်သည်နှင့် မင်းပြည့်စုံ၏ပခုံးကို သိုင်းဖက်ကာ ဝမ်းသာအားရ ကြိုဆိုရှာသော ဦးလေးဖြစ်သူကို မင်းပြည့်စုံ အလိုက်သင့်ပင် ခါးကိုပြန်ဖက်လိုက်သည်။

"ကဲ ထိုင်ကြ ထိုင်ကြ ..ား.တို့နဲ့ မနက်ဖြန်ရိုက်ကွင်းရှိတဲ့နေရာ





ကို လာတွေ့မယ်လို့ စိတ်ကူးပြီးကာမှ လင်းမြတ်ဆီက ဖုန်းဝင်လာတော့မှ အစီအစဉ်က ပြောင်းသွားပြီပေါ့၊ မယ်စိန်ရေ ငါ့တူ ရွှေမင်းသားလေးအတွက် စားစရာတစ်ခုခု စီစဉ်ပါဦးကွာ"

"သိပါတယ်တော်၊ ကျုပ်တူလေး လာမယ်ဆိုတာ ကြိုသိထားလို့ မနေ့လေး မုန့်တီကြိုလုပ်ထားတာ"

ဦးလေးမိန်းမ အိမ်ရှေ့ဧည့်ခန်းထဲသို့ ပြုံးရွှင်ရယ်မောစွာဖြင့် ထွက်လာ၏။

"အန်တီ နေကောင်းတယ်နော်"

"ကောင်းပါတယ် တူလေးရယ်၊ ကောင်းပါတယ်၊ အင်း ကြည့်စမ်းပါဦး ကိုသောင်းရယ်၊ ကျုပ်တို့တူလေးလို့ ပြောရမှာတောင် မတန်သိက်တာ၊ ချောလိုက်တာများ မှတ်နေတာပဲ၊ ဗီဒီယိုတွေထဲမှာထက်တောင် အပြင်မှာ ပိုပြီးဖွေးကြည်သန့်နေတာပဲ"

"ဒီလောက်လည်း မဟုတ်ပါဘူး အန်တီရာ"

အရမ်းကာရော မြှောက်ပြောနေသော ဦးလေးမိန်းမ ဒေါ်စိန်စိန်၏စကားကြောင့် မင်းပြည့်စုံ ရှက်ကျဲကျဲလေးရယ်ကာ ငြင်းလိုက်သည်။

"ဘာလို့ မဟုတ်ရမှာလဲ တူလေးရယ်၊ အဒေါ်တို့ကတော့လေ အမျိုးထဲမှာ ခုလိုမျိုး နာမည်ကျော်ရုပ်ရှင်မင်းသား တစ်ယောက်ရှိလို့ ထင်ယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဒေါ်ကတော့ မင်းပါတဲ့ကားဆိုရင် မလွှတ်တမ်းကိုကြည့်တာကွ၊ လူတကာကိုလည်း ကြွားလိုက်ရတာ၊ သူက ရုပ်ရှင်မင်းသားမင်းပြည့်စုံရဲ့အဒေါ်ဆိုပြီးတော့လေ"

ဦးလေးက တဟဲဟဲရယ်ကာ သူ့မိန်းမအကြွားသန်ပုံကို ရယ်စရာအဖြစ် ပြောပြနေ၏။

"အိုတော် ဒါကြွားတာမှ မဟုတ်တာ၊ အမှန်အတိုင်း ပြောတာလေ၊ တော်ရေ တော့်တူလေးက နာမည်ကြီးတစ်ယောက် ဖြစ်နေတာကို ဂုဏ်မယူဘူးလား"

"ဟ မင်းထက်တောင်ပိုသေး၊ ဒါပေမဲ့ ငါက မင်းလိုတော့ လူတကာလိုက်မကြွားဘူး"

"ဘယ်ကြွားမလဲ ရှင်က ရုပ်အရမ်းဆိုးနေတာဆိုတော့ မင်းသားဦးလေးက မင်းသားနဲ့တောင် မတန်အောင် ရုပ်ဆိုးလိုက်တာလို့ ပြောခံရမှာစိုးလို့ မဟုတ်လား၊ ကျုပ်သိတာပေါ့တော်"

ရိုးရှင်းစွာ အခြေအတင်ပြောနေကြသော ဦးလေးလင်မယားကို ကြည့်ပြီး မင်းပြည့်စုံနှင့်ဖိုးချစ် ပြုံးဖြီးဖြီးတွေ ဖြစ်ကုန်ကြသည်။

"ဒါနဲ့ မမရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် ဦးလေး၊ အဲ မကောင်းတာက ဖေဖေလေ၊ ဆီးချိုတွေအရမ်းတက်နေလို့ ပထမတော့ မန္တလေးဘက်က





ကားရိုက်ထွက်ရင် မေမေ လိုက်မလို့ ဖေဖေဆီးချိုတွေတက်နေလို့ နေခဲ့ရတာ"

"အေး ထင်တော့ ထင်သားကွ၊ မမလှိုင်က သူ့သားကိုပဲ ကားရိုက်ထွက်ထွက် အနောက်ကနေ တကောက်ကောက်လိုက်နေတာပါလို့ ခု ဒီကိုကျမှ မလိုက်လာတာ၊ နေမကောင်းလို့လားလို့ တွေးမိသေး"

"ဒါနဲ့ ဒီနှစ် အကယ်ဒမီပေးပွဲကို မင်းလို့ တစ်ပေးနေကြတယ်နော် သား"

ဦးလေးအမေးကြောင့် မင်းပြည့်စုံ ခပ်ဖွဖွလေး ပြုံးကာ

"အင်း ဒီနှစ် ကားကြီးသုံးကား ရိုက်ဖြစ်တဲ့အထဲမှာ ကိုယ့်လောကသားတွေရော ပရိသတ်တွေကပါ လေပွေချစ်သူကားထဲက ကျွန်တော့်လုပ်ကွက်ကလေးတွေကို တစ်ပေးနေကြတာပါပဲ ဦးလေးရာ၊ ကျွန်တော်တို့ အနုပညာသမားဆိုတာ ကျရာဇာတ်ရုပ်အသီးသီးကနေ အပီပြင်ဆုံး သရုပ်ဆောင်ရမှာ အနုပညာသမားတွေရဲ့အဓိကအကျဆုံး အလုပ်ပေါ့လေ၊ အကယ်ဒမီဆုကြီးဆိုတာလည်း အနုပညာသမားတိုင်းရဲ့မျှော်လင့်ချက်ပဲ မဟုတ်လား၊ ကျွန်တော့်ကြိုးစားမှုပေါ် မူတည်ပြီး ရချင်လည်းရမယ်၊ ရချင်လည်း မရဘူး၊ အများကြီးတော့ မျှော်လင့်မထားပါဘူး ဦးလေးရာ"

"အို ဘာပဲဖြစ်ဖြစ် အဒေါ်ကတော့ လုံးဝကို ကျိန်းသေပြောရဲ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ့တူလေး ဒီနှစ်အကယ်ဒမီရမှာ မရလို့ မဖြစ်ဘူး''

ဖွတ်အတင်း အကယ်ဒမီရခိုင်းနေသော ဦးလေး၏မိန်းမစကားကြောင့် အားလုံး ဝိုင်းရယ်လိုက်ကြသည်။

''ဒါနဲ့ မန္တလေးမှာ သတင်းတစ်ခု ထွက်လိုက်သေးတယ်၊ ငါ့တူက မင်းသမီး သွန်းနုဒီကို ခိုးပြေးသွားတယ်ဆိုလား ဘာလား၊ အဲ အဲဒါကရော တကယ်လားကွ''

ဦးလေး အမေးကြောင့် ဖိုးချစ် ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး

''မဟုတ်ပါဘူး ဦးလေး။ အဲဒီနေ့က မင်းသမီးက ရှုတင်နားရက်မို့လို့ မြို့ပြင်ကိုထွက်ပြီး စိတ်လွတ်ကိုယ်လွတ် ကားမောင်းချင်တယ်ဆိုလို့ မင်းပြည့်က ငြင်းရမှာ ခက်တာနဲ့ အဖော်လိုက်သွားပေးတာပါ၊ အဲဒီမှာ ကားပျက်လို့ နီးရာတည်းခိုခန်းမှာ ဝင်တည်းမိလိုက်လို့ ဒီလိုသတင်းမျိုးတွေက ပြန့်သွားတာပါ။ ဒါ အမှန်သတင်း မဟုတ်ပါဘူး။ ပရိသတ်ကိုလည်း စာနယ်ဇင်းရှင်းလင်းပွဲလေး လုပ်ပြီးပါပြီ''

ဖိုးချစ်က ရှည်လျားစွာ ဝင်ရောက်ရှင်းပြ၏။ မင်းပြည့်စုံအဖို့တော့ ထိုသတင်းအတွက် ခုထိ ဖြေရှင်းလို့ မပြီးသေး။

''ဒီလိုပဲ ဖြစ်ရမှာပေါ့ကွယ်၊ အခေါ်တို့တော့ အဲဒီမင်းသမီး သွန်းနုဒီကို လုံးဝမကြိုက်ပါဘူးကွယ်၊ မျက်လုံးကလည်း ကြောင်မျက်လုံးနဲ့ ယောကျ်ားအားလုံးကို တစ်ယောက်မှအလွတ်မပေးချင်တဲ့ရုပ်၊ ဒီကြားထဲ



...ကိုယ်ဗလာကို လိုးရှင်းလိမ်းတဲ့ပုံက အင်တာနက်ထဲမှာ အတင်ခံရတယ် ...လား ဘာလား။ သူနဲ့တွဲတဲ့အကောင်က ဖုန်းနဲ့ရိုက်ပြီး အင်တာနက် ... တင်လိုက်တာလေ၊ ကာရိုက်တာ လုံးဝမကောင်းတဲ့ မင်းသမီး၊ ...ခေတ် ကောင်လေးတွေရဲ့ဖုန်းထဲမှာ အဲဒီမင်းသမီး ကိုယ်လုံး လိုးရှင်း ...င်းတဲ့ပုံတွေ ထည့်ထားကြတယ်လေ ငါ့တူရယ်၊ ဒီလိုအကျင့်ပျက် ...ကလေးနဲ့ ကားတွဲမရိုက်စမ်းပါနဲ့၊ အခေါ်ဆို အဲဒီမင်းသမီးကို အဲဒီ ... သတင်းတွေ ထွက်ကတည်းက လုံးဝမကြည့်တော့တာ၊ ဒါနဲ့တောင် ...ိုက်တာတွေက သူ့ကို ခေါ်ခေါ်သုံးသေးတယ် အံ့ပါရဲ့''

သွန်းနုဒီအကြောင်း မှိုချိုးမျှစ်ချိုးပြောနေသော အခေါ့်ကိုကြည့် ... ဦးလေးက မလွယ်တူး ဒီမိန်းမ အကုန်သိတယ်ဆိုသော အမူအရာမျိုး ... ခေါင်းခါပြသည်။

ပရိသတ်တစ်ဦးရဲ့ခံစားချက်ကို နားလည်သော မင်းပြည့်စုံ ...လေးကိုပြန်၍ ပြုံးပြလိုက်သည်။

သွန်းနုဒီကလည်း အခေါ်ပြောသလို ဟုတ်နေတာကိုး။ ဒါတောင် ...ခေါ်မသိတာတွေ အများကြီး ကျန်သေးလို့၊ အားလုံးသာသိလျှင် သွန်း ...ဒီက ခြေသုတ်ဝတ်လောက်တောင် တန်ဖိုးရှိတော့မည် မဟုတ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မင်းပြည့် မင်းမာမီ ဖုန်း"

ဟိုတယ်ပြတင်းပေါက်မှ အပြင်ရှုခင်းကိုငေးမောနေသော မင်း ပြည့်စုံ လင်းမြတ်လာပေးသော ဟန်းဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို မာမီ ပြော"

"သား ကားရိုက်က ဘယ်နှေ့ပြီးမှာလဲ သား"

"မနက်ဖြန်ဆိုရင် အားလုံးလက်စသတ်ပါပြီ မာမီ"

"အေး အေး ဒါဆို သား ပြန်လာခါနီးပြီပေါ့၊ ဒီမှာ ဒါရိုက်တာ ဖင်ကိုကလည်း သူ့ရိုက်ရက်နီးနေလို့ မေမေ့ကို လှမ်းလှမ်းပြီး မေးနေတာ ကွယ့်"

"ကျွတ် ဘာတွေလောဘတက်နေလဲ မသိဘူး၊ သူ့ရက်က



အောက်တိုတာ နှစ်ဆယ့်လေးရက်လေ၊ ခုမှ စက်တင်ဘာလကုန်ပဲ ရှိ သေးတယ်"

"ဪ သားရယ်၊ ဝိရိယကောင်းတဲ့သူမို့ ခုလို မကြာမကြာ သမ်းသတိပေးတာနေမှာပေါ့၊ ဒါနဲ့ သားရော နေကောင်းရဲ့လား"

"အင်း သိပ်မကောင်းဘူး၊ မာမီ့ဗိုက်ထဲက ခုတလော အောင့် အောင့်နေတယ်၊ လူကလည်း ရှိန်းတိန်းဖိန်းတိန်းနဲ့ ဖျားချင်သလို ဖြစ် နေတယ်၊ အာရုံတွေလည်း မလန်းဆန်းဘူး၊ အဲဒါကြောင့် မနက်ဖြန် ကောင်ပြီးတာနဲ့ ရန်ကုန်ကို ချက်ချင်းတန်းမဆင်းလာသေးဘူး မာမီ၊ သား ဒီမှာ အနားယူလိုက်ဦးမယ်၊ သိပ်မကြာပါဘူး တစ်ပတ်လောက်ပါပဲ"

တစ်လက်စတည်း အခွင့်အရေးယူကာ နေမကောင်းဘူးဆို သည့် အကြောင်းပြချက်ပေးလိုက်သည်။ တစ်ဖက် ဖုန်းထဲမှ မာမီ့အသံ မှာ စိတ်ပူသွားသဖြင့် ပျာတိပျာတာ ဖြစ်သွားသည်။

"သား တော်တော်ဗိုက်အောင့်နေလား၊ ခက်တော့တာပဲကွယ်၊ အဲ့ကိုယ်မာမီ နှစ်ကိုယ်တောင်ခွဲလိုက်ချင်ပါတယ်ကွယ်"

"ဟာ မာမီကလည်း ဘာလို့ နှစ်ကိုယ်ခွဲရမှာလဲ၊ သား ဘာမှ မဖြစ်ဘူး၊ ဒီလောက်လေးပဲ ဖြစ်တာ၊ အရှင်းဆုံးပြောရရင် ဒီမှာ ရက် အနည်းငယ်လောက် စိတ်လွတ်ကိုယ်လွတ် အနားယူချင်တယ်"

"အေးပါ ယူပါ သားရယ်၊ ငါ့သားလေး အရမ်းပင်ပန်းတာ

www.burmeseclassic.com

www.burmeseclassic.com



မာမီလည်း သိပါတယ်ကွယ်၊ ဒါနဲ့ မင်းဦးလေးနဲ့ရော တွေ့ပြီးပြီလား

သား''

''ဟုတ် တွေ့ပြီးပါပြီ''

''အေး အေး မာမီ သူ့ဆီကို ဖုန်းဆက်လိုက်ပါဦးမယ်''

''ဘာလုပ်ဖို့ ဆက်မှာလဲ မာမီ''

''ဪ သားမှနေမကောင်းတာ၊ သားအနားမှာ နေနိုင်မလား

မေးဖို့''

မာမီ အဖြစ်သည်းနေပုံကြောင့် မင်းပြည့်စုံ မျက်မှောင်နှစ်ဖက်

စုကျုံ့ကာ ကျစ်ခနဲ စုတ်သပ်လိုက်သည်။

''ဒီလောက်လည်း မဟုတ်ပါဘူး မာမီရာ၊ သားက ကလေး

မဟုတ်ဘာ၊ နောက်ပြီး လင်းမြတ်နဲ့ဖိုးချစ်လည်း ရှိတယ်လေ''

''အေး သူတို့ရှိတာလည်း ရှိတာပေါ့ သား၊ ...ယ်၊ အခု အနား

လင်းမြတ်ရှိလား''

ဖုန်းကစပီကာဖွင့်ထား၍ ဘေးမှာရပ်နေသော လင်းမြတ်

အတိုင်းသားကြားရကာ

''ဟုတ်ကဲ့ ရှိပါတယ် အန်တီလှိုင်''

''ကဲ ရော့ မင်းနဲ့စကားပြောမလို့တဲ့''

မင်းပြည့်စုံ သူ့လက်ထဲမှ ဖုန်းကို လင်းမြတ်အား လှမ်း



လိုက်သည်။ ဒီလိုမှ အမျှင်းမဖြတ်ရင် မေမေ့တော်ကီတွေထဲမှာ စုံးစုံးမြုပ်

သွားနိုင်သည်။

''ဟဲလို အန်တီလှိုင်''

''အေး လင်းမြတ် မင်းတို့ရှိရဲ့သားနဲ့ သားလေး အခု နေမ

ကောင်းချင်သလို ဖြစ်နေတယ်၊ မင်းတို့သားကို ဘာလို့ ဂရုမစိုက်ကြတာ

လဲ''

အရင်ဦးဆုံး အပြစ်တင်စကားဆိုသောကြောင့် လင်းမြတ် ဖုန်း

နားထောင်ရင်း စိတ်ပျက်စွာ ခေါင်းကိုတဖျင်းဖျင်း ကုတ်လိုက်သည်။

''ဗျာ ဂ ဂရုစိုက်ပါတယ် အန်တီလှိုင်ရယ်၊ အန်တီလှိုင်သားကို

က ပေတား ကျွန်တော်နဲ့ဖိုးချစ်ဆို တစ်ချိန်လုံး သူ့ကို အရိပ်လို လိုက်

ကြည့်နေရတာပါဗျာ''

ဖိုးချစ် ဘက်ကိုပါ လှည့်မည်စိုး၍ တစ်ခါတည်း ဖိုးချစ်နာမည်

ကိုပါ ထည့်သုံးလိုက်သည်။

''ပြောလိုက်ရင် ဆင်ခြေကအပြည့်၊ ဒါပဲနော် ငါ့သားတစ်ခုခု

ဖြစ်လို့ကတော့ မင်းတို့နှစ်ယောက်စလုံး မလွယ်ဘူး''

''ဟုတ် ဟုတ်ကဲ့ပါ အန်တီလှိုင်''

''အေး ဒါပဲ ဒါပဲ''

တစ်ဖက်မှ ဖုန်းချသွားတော့မှ မင်းပြည့်စုံရော လင်းမြတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကို ဟင်းခနဲ ပြိုင်တူချလိုက်သည်။

"နေပါဦး မင်းပုံစံက အလတ်ကြီးရှိသေးတဲ့ဟာကို အန့်တီလှိုင် စိတ်ပူအောင် ဘာတွေလျှောက်ပြောလိုက်ရတာလဲ"

လင်းမြတ် နားမလည်နိုင်စွာ မင်းပြည့်စုံကို ဘုတောလိုက်သည်။

"မင်း မသိပါဘူးကွာ၊ ငါ့မှာ အဲဒီလို ညာရတဲ့အကြောင်းအရင်း ရှိလို့ပေါ့ကွ"

"ဘာလဲ"

"ငါ ဒီကမပြန်ချင်သေးဘူး။ ရန်ကုန်ပြန်ရင် ငါ့ကို အလုပ်တွေက စောင့်ကြိုနေဦးမှာ၊ ငါ့မှာ အနားယူချိန်တောင် ရှိမှာမဟုတ်ဘူးကွ"

"အေးလေ အဲဒါနဲ့ပဲ ကလေးအကွက်နင်းပြီး ညာပြောလိုက်ရောမဟုတ်လား၊ နောက်ဆုံး အပြစ်ပုံချခံရတာက ငါပဲလေ၊ ငါက ဒီ တာလဗောကြီးကို ဒီထက်မိုပြီး ဘယ်လိုပုံစံနဲ့ ဂရုစိုက်ရဦးမလဲ"

"ပခုံးပေါ်ထမ်းပြီး သားချော့တေးဆိုပြီး သိပ်ပေါ့ကွာ၊ ထမင်းစားရင် ဝါးကျွေးလိုက်၊ ချိုချိုငံ့ချင်တယ်ဆိုရင် ပြားချပ်ချပ် မင်းရင်ဘတ်ကို လှန်ပေးလိုက်၊ အီအီးပါရင် မင်းလက်ကြမ်းကြီးနဲ့ ကိုယ်တိုင်ကိုယ်ကျ ပြောင်အောင်ဆေးပေးလိုက်၊ တစ်နေ့ကို ဘောဘီဘိုက်တာ အားဆေး ငါးကြိမ်ကျွေး၊ အဟဲ ဟဲ ဒါဆို မင်း သူ့ကို ဂရုစိုက်တာပဲ လင်းမြတ်"





ဘယ်အချိန်တည်းက အနားရောက်နေသည်မသိသော ဖိုးချစ် စကားကြောင့် လင်းမြတ် ဖိုးချစ်ကို ဘုကြည့်လှမ်းကြည့်ကာ

"အဲဒါဆိုလည်း မထူးပါဘူး၊ ဒီကောင့်ကို ငါ့သားပဲ လုပ်နိုင်းတော့မယ်"

"အဟား ဒါဆို ငါ့အဖေကြီးနဲ့ မင်းနဲ့ နောင်ချိန်ပလေးရမှာပေါ့ကွ ဟား ဟား ဟား၊ ငါ့အဖေက လက်သံတော့ ပြောင်တယ်နော်"

"ဟေ ဟေ့ မဆိုင်တဲ့အပိုင်းကို ဆွဲမထည့်နဲ့၊ မင်းကိုငါက ဖမ်းမနှာသားတော်မှာ"

"ဟုတ်ကဲ့ တော်ပါ ဒယ်ဒီ"

လင်းမြတ် စကားကြောင့် ဖိုးချစ် အသံပြောင်ဖြင့် ပြောပြီး တခွီးခွီးရယ်သည်။

"ကဲ အရည်မရ အဖတ်မရတာတွေ ပြောမနေနဲ့၊ ငါအကွက် ချလိုက်တော့၊ ငါ့မှာမီ ယုံသွားပြီ၊ ဒါကြောင့် မနက်ဖြန်ကစပြီး မန္တလေး တခွင် ပြုံပြုံစင်အောင် ငါတို့ လျှောက်လည်ကြတာပေါ့ကွာ"

"ပြောတော့ လွယ်တယ်၊ မင်းကိုယ်မင်း သာမန်လူများမှတ် နေလား"

လင်းမြတ် သူ့စာအုပ်ကြီးအတိုင်း မင်းပြည့်စုံ၏လွတ်လပ်ခွင့် ကို ပိတ်ပင်ချင်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သီအိုရီတွေ မင်းကျောပိုးအိတ်ထဲ ခေါက်သိမ်းလိုက် မနက်ဖြန်ကစပြီး ငါဟာ ရုပ်ရှင်မင်းသား မင်းပြည့်စုံ မဟုတ်တော့ဘူး ဒီတော့ ငါ့ကို မင်းတို့ ဘာမှမပြောနဲ့၊ ငါ့စိတ်ငါ့သဘောနဲ့ နေမယ်"

တစ်ချက်လွှတ် အမိန့်ထုတ်လိုက်သော မင်းပြည့်စုံ၏ဆန္ဒကို လင်းမြွတ်နှင့်ဖိုးချစ် ဘာမျှထပ်ပြီး စောဒက မတက်ရဲပြန်။

ငယ်သူငယ်ချင်းတွေကလည်းဖြစ်ပြန် မင်းသားကလည်း ဖြစ်ပြန်၊ ဒါ့အပြင် ကိုယ့်နောက်မှ မိသားစုတွေကအစ မင်းပြည့်စုံ၏စောင့်ရှောက်ဖေးမမှုအောက်မှာ နေနေရသော ကျေးဇူးတရား။

ဒါတွေအားလုံး ခြုံငုံကြည့်သောအခါ တစ်ခါတစ်ရံ အနိုင်လိုလို ဆန္ဒကိုဆန့်ကျင်ပြီး သူငယ်ချင်း၏ဆန္ဒကို လိုက်လျောကြည့်ချင်ပါသည်။

ကိုယ်တွေလည်း လွတ်လွတ်လပ်လပ် မပျော်ရတာ ကြာပြီလေ။

■ ■ ■



## အခန်း (၁၁)

အလုပ်တာဝန်တွေ ပြီးပြီမို့ သုံးယောက်သား ဖောင်းကမြင်း လွှတ်လိုက်သည့်ပမာ ကားတစ်စီးဖြင့် တစ်နေကုန်ကို လျှောက်သွားနေကြတော့၏။

"မင်းပြည့် ငါတို့ ကျူးတစ်ပတ် ပတ်မောင်းပြီးရင် တောင်ပေါ် တက်ပြီး ဘုရားဖူးကြရင် ကောင်းမလား"

"သဘောလေ တက်ပေါ့"

လင်းမြွတ် မင်းပြည့်စုံဆီမှ သဘောတူညီချက်ကို လှမ်းတောင်းလိုက်၏။ မတောင်း၍မရ။ ဒီနေ့ တစ်နေကုန် သူသွားချင်သည့်နေရာတွေကိုသာ လိုက်ပို့နေရသည်။ ကားမောင်းရှေ့ခန်း၌ ခါးတွေပင် တောင့်တင်းနေ၏။ ဖိုးချစ်ခမျာလည်း ဗိုက်ဆာ၍ထင်သည်။ မျက်နှာမှာ ရှုံ့တွ၍နေ၏။

"နောက်မှ ကျူးပတ်ပြီး တောင်ပေါ်တက်ချင်တက်ပါကွာ၊ ခု



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ငါ့ဗိုက်က စစ်ဖြစ်နေပြီကွ၊ လောလောဆယ် အစာဖြည့်မှရမယ်၊ နို့မို့ဆို စိတ်မထိန်းနိုင်ဘဲ မင်းတို့အသားတွေကို ကိုက်ဖဲ့စားမိတော့မယ်''

ဖိုးချစ် သူ့ဗိုက်ကို ပွတ်ပြပြီး ရှုံ့မဲ့မဲ့ဆို၏။

''ဟော့ကောင် ဇာတ်တူသားမစားကောင်းဘူး၊ နူတတ်တယ်နော်''

''ဒါဆို နီးရာဆိုင်တစ်ဆိုင်မှာ ရပ်လိုက်ကွာ၊ ငါ အရမ်းဆာလာပြီ''

ဖိုးချစ် ကလေးတစ်ယောက်လို ဖွတ်ပင် ကားရပ်ခိုင်း၏။ လင်းမြတ် ဖြစ်ပျက်နေသော ဖိုးချစ်ကိုကြည့်ပြီး ဒီကောင် မလွယ်ဘူးဟု ခပ်တိုးတိုးညည်းကာ ကားကို နီးရာထမင်းဆိုင်ရှိရာသို့ ထိုးရပ်လိုက်သည်။

ခနော်ခနဲ့ ထမင်းဆိုင်လေးရှေ့သို့ ဇိမ်ခံကားကြီး ထိုးရပ်လိုက်သဖြင့် ဆိုင်အနီးအနားမှ လူများ စိတ်ဝင်တစား ဝိုင်းကြည့်နေကြ၏။

ကားပေါ်မှဆင်းရန် မင်းပြည့်စုံ လျှာထိုးဦးထုပ် ခပ်ငိုက်ငိုက်ဆောင်းပြီး မျက်မှန်အကြီးကြီး တပ်လိုက်သည်။ ပြီးနောက် နောက်ကြည့်မှန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်သည်။

''ကဲ ဒီလောက်ဆို တော်ရုံလူ မမှတ်မိလောက်တော့ပါဘူး''

မင်းပြည့်စုံ ကားပေါ်မှ အရင်ဆင်းလိုက်သည်။ လင်းမြတ်နှင့်





ဖိုးချစ်လည်း လိုက်ဆင်းလိုက်ကြသည်။

ဆိုင်ထဲသို့ သုံးယောက်သား ခပ်တည်တည်ဖြင့် ဝင်လာလိုက်ကြပြီး စားပွဲခုံတွင် ဝင်ထိုင်လိုက်ကြ၏။

စားပွဲထိုး အနားကို ရောက်လာသည်။

''အစ်ကိုတို့ ဘာစားကြမလဲခင်ဗျာ၊ ဒီဆိုင်မှာ ဟင်းအစုံရှိပါတယ်''

''ဟော့ကောင် အငတ်တိုင်းပြည်ကလာတဲ့ကောင် မှာလေ၊ စောစောကတော့ အသားဖဲ့စားတော့မလိုလိုနဲ့''

လင်းမြတ် ခပ်ကြိတ်ကြိတ် ပြောတော့ ဖိုးချစ် ခေါင်းလေးကုတ်ကာ

''အဲ မင်း မင်းတို့ အရင်မှာကြလေ၊ ငါ ငါက ဘာနဲ့စားစားရတယ်''

မင်းပြည့်စုံ ဆိုင်ကလေးအတွင်းသို့ ဝေ့ကြည့်လိုက်သည်။ ဆိုင်အပြင်အဆင် အခင်းအကျင်းညံ့ပေမယ့် သန့်ရှင်းသပ်ရပ်မှုရှိပုံရသဖြင့် အနည်းငယ်တော့ စိတ်သက်သာရစေ၏။

''ပုစွန်ထုပ်ဟင်းရှိလား၊ နောက်ပြီး ဆိတ်သားဟင်းတို့ ကြက်ဆင်သားဟင်းတို့''

''ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



မင်းပြည့်စုံ အမေးကြောင့် စားပွဲထိုးပုံစံမှာ အတော်လေး အူ ကြောင်ကြောင်နိုင်သွားပုံရ၏။ ဖိုးချစ် ခွီးခနဲ ရယ်လိုက်သည်။

"ဩော် ကြက်ဆင်သားဟင်းရယ်၊ ပုစွန်ထုပ်ဟင်းရယ်၊ ဆိတ်သားတို့ ဂျီသားတို့ ဒါကိုပြောတာ"

မင်းပြည့်စုံအစား လင်းမြတ်က ကြားကဝင်ပြီး ရှင်းပြလိုက်သည်။ ဒီလိုမှ မရှင်းပြလျှင် မင်းပြည့်စုံ၏အသံကို စားပွဲထိုး မှတ်မိသွားနိုင်၏။

"ဟို ဆိတ်သားဟင်းနဲ့ ဆိတ်ကလီစာဟင်းတော့ ရှိတယ် အစ်ကို၊ ပုစွန်ထုပ်တို့ ကြက်ဆင်သားဟင်းတို့ကတော့ မရှိဘူး၊ တခြားဟင်းအစုံလည်း ရှိပါတယ် အစ်ကိုတို့"

"ဒါဆိုလည်း ဆိုင်မှာရှိသမျှဟင်း အကုန်ချကွာ"

"ဟုတ်ကဲ့ အစ်ကို"

လင်းမြတ် ရှိသမျှ ဟင်းအကုန် ချခိုင်း၍ စားပွဲထိုး မျက်နှာပျော်သွားပုံရ၏။ တခြားစားပွဲထိုးတစ်ယောက်က ရေသန့်ဘူးသုံးဘူး လာချ ပေး၏။

"လင်းမြတ် ဟင်းချက်တာ သန့်သန့်ရှင်းရှင်းရော ရှိရဲ့လား မသိပါဘူးကွာ၊ တော်ကြာ ငါတို့သုံးယောက်ပေါင်းပြီး ဝမ်းတော်တွေလားကုန်မယ်၊ ဟိုတယ်က အခန်းမှာ အိမ်သာက တစ်လုံးတည်းနော်"





"အေးပါ ငါလည်း အခြေအနေကြည့်နေတာ၊ ပန်းကန်ခွက်ယောက်တော်ကိုကြည့်ပြီး မသန့်ရှင်းဘူးထင်ရင် မင်းမစားနဲ့ ငါတို့ပဲ ...မယ်"

လင်းမြတ် ခပ်ကြိတ်ကြိတ် ပြော၏။

"ဖြစ်မလားကွ ငါလည်း ဗိုက်ဆာနေတာလေ၊ မင်းတို့စားတာကို ငါက ငုတ်တုတ်ထိုင်ကြည့်နေရမှာလား"

"မကြည့်နဲ့လေ မျက်လုံးမှိတ်နေပေါ့"

ဖိုးချစ် ရယ်ကျဲကျဲဖြင့် မင်းပြည့်စုံကို နောက်လိုက်သည်။

စားပွဲထိုးနှစ်ယောက် လင်ဗန်းကြီးနှစ်ဗန်းဖြင့် ဟင်းပန်းကန်တွေထည့်လာပြီး စားပွဲပေါ်သို့ လာချပေး၏။

စုံလင်လှသော ဟင်းပွဲတွေက ရေတ်သီးအရောင်ရဲရဲတွေနှင့် ဆီတွေက အပေါ်မှာ လက်တစ်ဆစ်လောက်ဝေ့တက်နေ၏။ မင်းပြည့်စုံ ...တ်လေသွားသည်။ ဒီပုံအတိုင်းဆို စား၍ဘယ်လိုမှ ဖြစ်မှာမဟုတ်။

လင်းမြတ်နှင့်ဖိုးချစ်ကတော့ ရေတ်သီးအရောင်ရဲတာတွေ ဆီဆေ့တာတွေကို လုံးဝသတိမထား။ ထမင်းပန်းကန်တွေ လာချသည်နှင့် ...းမယ်ဝါးမယ်ဆိုတာချည်းပင်။

"ဟော့ကောင် စားလေ၊ ဘာငိုင်နေတာလဲ"

လင်းမြတ် ဆူးပုတ်ရွက်နှင့်ပဲဟင်းကို တရှူးရှူးခပ်သောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းပြည့်စုံကို တံတောင်ဖြင့် လှမ်းတွတ်၏။

မင်းပြည့်စုံ အားလုံးက စိတ်ဝင်တစားဝိုင်းပြီး စူးစမ်းနေကြသဖြင့် မစားပြန်လျှင်လည်း ကိုယ့်ကို ဆိုင်ထဲရှိလူများက ကြီးကျယ်ရန်ကောဟု အမြင်ကတ်ပေဖန်ကြဦးမည်။

ထို့ကြောင့် ဖွန်းခက်ရင်းကို စိတ်မပါ့တပါဖြင့် ကိုင်လိုက်သည်။

"ခင်ဗျားတို့ ဒီထမင်းဟင်းတွေ လုံးဝမစားနဲ့"

ကြည်လင်စူးချိုသော အသံကြောင့် ဖွန်းခက်ရင်းကိုင်ကာ ထမင်းတွေကို ဆွနေသော မင်းပြည့်အသံလာရာသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

လင်းမြတ်နှင့်ဖိုးချစ်လည်း အားရပါးရ စားဖို့ဟန်ပြင်နေရင်းမှ ကာအံ့တသြ မော့ကြည့်ကြသည်။

"ဟင် မြသဏ္ဍာန်"

သုံးယောက်စလုံး ပါးစပ်အဟောင်းသားဖြင့် မင်တက်အံ့သြသွားကြသည်။ သုံးယောက်ထဲမှ ရင်ထဲ ထိတ်ခနဲ ခုန်သွားသူက မင်းပြည့်စုံ။ တွေ့ချင်မိသော ဆန္ဒတွေက ရင်ထဲမှာ ဘယ်လောက် အတိုင်းအတာအထိ ပြင်းပြသည်ဆိုတာ ကိုယ်သာလျှင် အသိဆုံးပဲလေ။

"သဏ္ဍာန် နင် ဒါ ဘာလုပ်တာလဲဟာ၊ ငါ့ဟာငါ ကိုယ့်စီးပွားရေးကိုယ်လုပ်စားနေတာလေ"



စောစောက စားပွဲထိုးမှာ ခေါင်းကိုတဖျင်းဖျင်း ကုတ်ပြီး မြသဏ္ဍာန်ကို စိတ်ပျက်စွာဆို၏။

"နင့်စီးပွားရေး နင်လုပ်စားတာကို ငါ မပြောပါဘူးဟာ၊ ဒါပေမဲ့ ဒီတို့မန္တလေးကို အလည်လာတဲ့ ဧည့်ကောင်းသော်ကောင်းတွေကို မနေ့က ဟင်းအကျန်တွေ နွှေးပြီးထိုးရောင်းတာတော့ မတရားဘူး အဲ မရိုးသားဘူး"

မြသဏ္ဍာန်က ကိုယ့်ရှေ့မှာ မတရားတာတွေ့လျှင် လက်ပိုက်ကြည့်နေတတ်သူ မဟုတ်။ ဇော်ထူးဆိုတာ မြသဏ္ဍာန်နှင့်ကျောင်းနေဖက် သူငယ်ချင်း မြသဏ္ဍာန်ကို အသေအလဲ ကြိတ်ပိုးနေသူ။ ခုလည်း အဖေ့ဆီမှ ချီးသွားသော ပိုက်ဆံ တစ်လကျော်သည်အထိ တစ်ပြားတစ်ချပ်မှ သာမပေး၍ လိုက်တောင်းရင်းမှ မင်းသားမင်းပြည့်စုံတို့ သူငယ်ချင်းတစ်စုနှင့် သွားဆုံခြင်း ဖြစ်သည်။

မြသဏ္ဍာန် နှိုမ့်ဆို သိမှာမဟုတ်။ ဆိုင်ထဲဝင်ဝင်လာချင်း ဆိုင်သားရှိ ကွမ်းယာဆိုင်မှ ကုလားဟာခင်က ဇော်ထူးတို့ မနေ့က ဟင်းကျန်တွေနဲ့ ရိုက်စားလုပ်တော့မည်ဆိုသည့် အသံကိုကြားလိုက်ရ၍ မြသဏ္ဍာန် ဝင်မပါချင်ဘဲ ပါလိုက်ရခြင်း ဖြစ်သည်။

"အဲဒါ နင်နဲ့ဘာဆိုင်လဲဟာ"

"ဆိုင်တာပေါ့ဟဲ့ သူက ဟိုတစ်လောက ငါ့ဆီက ပန်းချီကား

www.burmeseclassic.com

www.burmeseclassic.com



ကို သိမ်းနှစ်ဆယ်နဲ့ဝယ်သွားတဲ့ ရုပ်ရှင်မင်းသား မင်းပြည့်စုံ''

မြသဏ္ဍာန် ဘာမှုကွယ်ဝှက်မနေတော့ဘဲ ဖြောင်းပင် ဖွင့်ပြော ချလိုက်သည်။ ဒါမှ ပွဲကမျှသွားမှာလေ။ ဇော်ထူးလည်း ထိုအရှိန်ကြောင့် ဘာမျှ ပြဿနာရှာရဲတော့မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် အားလုံး ဝိုင်းကြည့်နေသူများသည် မင်းပြည့်စုံ၏ပရိသတ်များဆိုတာ မြသဏ္ဍာန် ကောင်းကောင်းသိနေ၍ ဖြစ်သည်။

လင်းမြွတ်နှင့်ဖိုးချစ်မှာ ဟင်းကျန်တွေဆို၍ ဆက်ပြီးမစား ကြတော့။ မင်းပြည့်စုံလည်း စားပွဲထိုးဆိုင်ရှင်ကို စိတ်ဆိုးရမလား မြ သဏ္ဍာန်ကိုပဲ ဖော်မပြနိုင်လောက်အောင် ကျေးဇူးတင်ရမလား။

''ကိုဇော်ထူး ဒါတော့ မကောင်းပါဘူး၊ ကျွန်မတို့ မင်းသား အဲဒီလို ဂျင်းထည့်ဖို့တော့ မကောင်းပါဘူး''

ထမင်းဆိုင်အပြင်ဘက်ရှိ ခေါင်းရွက်ဗျက်ထိုး ဈေးသည်တော တွေကအစ စားပွဲထိုးကို ဒေါသနှင့်ဝိုင်းပြီး ရန်တွေ့ကြလေသည်။

''အေးလေ အဲဒီလို စိတ်ကောင်းမရှိလို့ သူ့ဆိုင်မှာ စားမယ့် သူ မရှိတာ ဟင်း''

''ငါ ငါမှ မင်းသားဆိုတာ မသိတာဟ၊ မင်းသားဆိုရင် အဲဒီ အကျန်ကို ရောင်းမလားလို့''

ဇော်ထူး မျက်နှာငယ်လေးနှင့် ဖြေရှင်းချက် ထုတ်ပြရှာ





''ကဲပါဗျာ ထားလိုက်ပါတော့''

မင်းပြည့်စုံ စကားနည်းရန်စဲဖြင့် ကျေအေးပေးလိုက်သည်။

''စိတ်မရှိပါနဲ့ မင်းသားရယ်၊ တောင်းပန်ပါတယ်နော်၊ နောက် ကျွန်တော် ဟင်းအကျန်တွေ မရောင်းတော့ပါဘူး''

''ကဲပါဗျာ ဒါလည်း ခင်ဗျားရဲ့စီးပွားရှာတဲ့နည်းဗျူဟာတစ်ခု ကဲ ကဲ ခင်ဗျား ဟင်းပွဲတွေအတွက် ဘယ်လောက်ကျသလဲ''

''ဟာ မပေးပါနဲ့ဗျာ၊ ရပါတယ် မပေးပါနဲ့''

စားပွဲထိုး ဇော်ထူး မျာမျာသလဲ ငြင်းရှာ၏။

''ကဲ လင်းမြွတ် ဟင်းဖိုးတွေ ရှင်းပေးခဲ့''

မင်းပြည့်စုံ ထိုသို့ပြောပြီး ထမင်းဆိုင်ထဲမှ ထွက်လာခဲ့သည်။ တရက် လူအုပ်ကြားထဲမှ မြသဏ္ဍာန်ကို မတွေ့တော့၍ ဟိုဒီဝေ့ပြီး ကြည့်လိုက်သည်။

ထမင်းဆိုင်လေးသည် မင်းသားမင်းပြည့်စုံ လာသည်ဆို၍ ချင်းယင် လူများဝိုင်းအုံလာကြသည်။

ထိုလူအုပ်ကြားထဲမှ အတင်းတိုးထွက်ပြီး ကားရှိရာသို့ အမြန် ကာလာရသည်။ မင်းပြည့်စုံ ပရိသတ်တွေပါလားဆိုသည့် အသိ င့် အားလုံးကို လက်ဝှေ့ရမ်းပြပြီး ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက် ည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြတ်နှင့်ဖိုးချစ် လူအုပ်ကြီးထဲမှ တိုးထွက်လာကာ ကား
သို့ ခပ်သွက်သွက် လျှောက်လာကြပြီး ကားပေါ်သို့ မနည်းရှောင်ရှာ
တက်ကြရသည်။

ကားထဲရောက်သည်နှင့် ကားစက်နှိုးလိုက်သည်။

မင်းပြည့်စုံ မျက်မှန်နှင့်ဦးထုပ်ကိုချွတ်ပြီး ပရိသတ်တွေကို
ပြုပြီး လက်ဝှေ့ရမ်းလိုက်သည်။

ပရိသတ်တွေကလည်း မင်းပြည့်စုံ နာမည်အား တကြေ
ကြော် အော်ခေါ်ကာ နှုတ်ဆက်ပြီး လက်တွေ ဝှေ့ရမ်းပြကြသည်။

တဒင်္ဂအဖြစ်အပျက်ကလေးက မင်းပြည့်စုံအတွက် စိတ်
စရာလည်းကောင်းသလို ပရိသတ်တွေ၏ အားပေးမှုကြောင့် နွေး
သလိုလည်း ခံစားရ၏။

"လင်းမြတ် မြသဇ္ဈာန်ကို ငါ လုံးဝရှာမတွေ့တော့ဘူး

မင်းပြည့်စုံ၏မချိတင်ကဲ ပြောနေပုံကိုကြည့်ပြီး လင်းမြတ်
တွန့်ကာရယ်ရင်း

"ဒီပွဲမှာ သူက ဟီးရိုးဝင်လုပ်သွားတာကွ၊ ဒီဖိုင်းက
မိုက်တယ်၊ ဟိုစားပွဲထိုးကောင် ဘာမှကို ပြန်မပြောရဲဘူး။ ငါလည်
ကောင့်ကို တင်းပေမယ့် တခြားသူတွေပါရှိနေတော့ ဒေါသကို ထုတ်
ခဲ့ရဘူး၊ ဟင်းဖိုးတစ်သောင်းတော့ ပေးခဲ့လိုက်တယ်"



လင်းမြတ်စကားကို မင်းပြည့် စိတ်မဝင်စား။ မင်းပြည့် စိတ်
င်စားတာ မြသဇ္ဈာန် ရုတ်တရက် ဘယ်ကိုပျောက်သွားရတာလဲဆိုတာ
င်။

အမှန်ဆို ရင်းနှီးဖော်ရွေစွာ စကားတော့ ပြောသင့်သည်လေ။

သူမကို တွေ့လိုက်ရ၍ ပျော်သွားသော အပျော်လေးတွေပင်
ဘယ်ကို အစပျောက်သွားမှန်းတောင် မသိတော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မြသဏ္ဍာန်ကို တစ်သနကုန်လိုက်ရှာပြီး ပြန်လာသော မင်းပြ
စုံမှာ ဟိုတယ်ကို ပြန်ရောက်သည်အထိ စိတ်ထဲမှာ မတင်မကျဖြစ်နေ

ကိုယ့်နားကို ဖျတ်ခနဲ ပေါ်လာပြီး အရိပ်တစ်ခုလိုပင် ဖျတ်
ပြန်ပျောက်သွားသော မြသဏ္ဍာန်၏စိတ်ကို နားမလည်နိုင်။

တည်ငြိမ်အေးဆေးကာ်ပြီး အပြုံးတစ်ဖက် မရှိသော မြသဏ္ဍာ
ကိုမှ သူ ဘာကြောင့် တွေ့ချင်စိတ်တွေ ရင်မှာ အတိုင်းမသိ ပြင်းပြ
ရတာလဲ။

အမှန်ဆို မင်းပြည့်စုံအနားမှာ လှပသော ထိပ်တန်းအမျိုးသ
တွေ ပတ်ချာလည်ဝိုင်းနေတာပင်။ ထိုသို့သော ထိပ်တန်းအမျိုးသမီး
ထဲမှ ကိုယ့်စိတ်ကြိုက် တစ်ယောက်ကို ရွေးချယ်ခွင့်ရှိပါလျက်နှင့်





သဏ္ဍာန်လို အညတရ ပန်းချီဆရာမလေးကိုမှ အခွင့်အရေးတွေ အများ
ကြီး ပေးမိ၏။

ဒါဟာ အချစ်ဟု တင်စားခေါ်ဝေါ်ခွင့်ရှိမည်ဆိုလျှင် မင်းပြည့်စုံ
မြသဏ္ဍာန်ကို ချစ်မိသွားပြီဟု ဝန်ခံရတော့မည်။ ကိုယ့်ဆုံးဖြတ်ချက်တွေက
ကိုယ့်ရင်ဘတ်ထဲမှ သူ့အလိုလို ဖြစ်ပေါ်လာသော ခံစားမှုထူးကို လိုလို
ချင်ချင် ထောက်ခံအားပေးနေမှတော့ မင်းပြည့်စုံ ဘာကိုမှ ဟန်ကိုယ့်
မနေချင်တော့။ သူငယ်ချင်းနှစ်ယောက်ကို ရင်ဖွင့်တိုင်ပင်လိုက်ရုံပင်။

"ငါ မြသဏ္ဍာန်ကို ချစ်မိနေပြီထင်တယ်၊ အင်း ထင်တာ
မဟုတ်ဘူး ချစ်ကိုချစ်မိနေတာ ကျိန်းသေတယ် လင်းမြတ်"

ရုတ်တရက် ဖွင့်ဟဝန်ခံလာသော မင်းပြည့်စုံ ရင်ထဲက ဆန္ဒကို
လင်းမြတ်ရော ဖိုးချစ်ပါ ထပ်တူထပ်မျှ နားလည်မပေးနိုင်။

အခြေအနေချင်း မတူသော ဘဝနှစ်ခု။ ပေါင်းစပ်ဖို့အတွက်
ဘယ်လိုစိတ်အင်အားမျိုးနှင့် ထောက်ခံအားပေးရမည်နည်း။

"မင်းစိတ်ကို သိပ်ပြီး အလိုမလိုက်ပါနဲ့ မင်းပြည့်ရာ၊ ဆယ်
ကျော်သက်အရွယ်လို တဒင်္ဂ စိတ်ခံစားမှုကို ဘဝတစ်သက်စာ တံဆိပ်
တုံးထုလိုက်သလို သူမှသူပဲလို့ တဇွတ်ထိုးဆန်ဆန် ရွေးချယ်ရမယ့် အရွယ်
လည်း မဟုတ်တော့ပါဘူး၊ နောက်ပြီး မင်းရဲ့ရွေးချယ်မှုများလို့ အရင်ဆုံး
ခုင်ဆိုင်ရမှာက မင်းရဲ့မာမီပဲ၊ သူက မင်းရွေးချယ်မှုကို ကြည်ကြည်ဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံမှာမဟုတ်ဘူး။ လုံးဝ ကန့်ကွက်မှာ ရာနှုန်းပြည့်ပဲ၊ ငါတို့ စိတ်ထင် ပြောရရင် သွန်းနုဒီနဲ့မင်းကိုပဲ နီးစပ်စေချင်ပုံရတယ်''

လင်းမြတ်၏ထင်ကြေးပေးသော အကြောင်းအရာသည် မင်းပြည့်စုံအတွက် အကျည်းတန်ကာ ခါးသက်လွန်း၏။

''မင်းကလည်းကွာ ရုပ်ရှင်ဆန်တဲ့ဇာတ်ကွက်တွေကို လာရှုတ်ပြနေတယ်၊ အဆင့်အတန်း၊ မတူတာတို့ မိဘသဘောမတူတာတို့ ကိုယ်မချစ်တဲ့မိန်းမကို လက်ထပ်ရမှာတို့ ဒါတွေအားလုံးက ဟိုးရှေးရှေးကတည်းက ရုပ်ရှင်တွေ ဗီဒီယိုတွေမှာ ထည့်သုံးလာတဲ့ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ဇာတ်ကွက်ရိုးရိုးတွေ၊ ငါကတော့ ဒါတွေကို လုံးဝ လက်မခံဘူး''

''ဒါဆို မင်းမာမီနဲ့မင်း ရင်ဆိုင်ရမှာပေါ့၊ မင်း ရင်ဆိုင်ရဲမလား၊ မင်း ဒယ်ဒီတောင် မင်းမာမီရဲ့ဩဇာကို လွန်ဆန်ရဲတာ မဟုတ်ဘူး၊ ဇာတ်သိမ်းပိုင်းမှာ မင်းတို့ခံစားရလိမ့်မယ်''

လင်းမြတ်အနေနှင့် မင်းပြည့်စုံနှင့် သူ့မာမီကြားထဲက အနာဂတ်မှာ ဖြစ်ပေါ်လာမည့် ပြဿနာတွေကို ကြိုမြင်၍ ဝင်ရောက်ဟန့်တားခြင်းဖြစ်သည်။

''ငါ့ဘဝကို ငါ့နလုံးသားနဲ့ နင့်နင့်နဲနဲ ခံစားပြီး ပုံဖော်မယ် ဘယ်သူမှဝင်ပြီး စွက်ဖက်ခွင့်မရှိဘူး၊ ငါ ချစ်တဲ့သူကို ငါ ရွေးချယ်မှာ





အတွက် မာမီကို အတိုက်အခံလုပ်သင့်ရင်လည်း လုပ်ရမှာပဲ၊ ဒီတော့ မင်းတို့ ဘယ်သူ့ဘက်ကို လိုက်မလဲ၊ ငါ့ဘက်မှာနေမလား၊ ငါ့အမေဘက်မှာ နေမလား၊ ကြိုက်တဲ့ဘက်မှာ နေလို့ရတယ်နော်''

''ငါကတော့ မင်းဘက်မှာ ရပ်မယ် မင်းပြည့်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်နေလို့ပဲ''

ဖိုးချစ်က မင်းပြည့်စုံအပေါ် နားလည်မှုအပြည့်ဖြင့် ဝင်၍ရပ်တည်သည်။ ဖိုးချစ်သဘောထားအမှန်က ထိုသို့ ယတိပြတ်ဆုံးဖြတ်မှတော့ လင်းမြတ် ဆန့်ကျင်နေ၍ မဖြစ်တော့။

''မင်း မင်းတို့ အဲလို ခွဲခြားခွဲခြား မလုပ်နဲ့လေကွာ၊ ငါက မင်းဘက်က မရပ်တည်ပေးတာမှ မဟုတ်တာ၊ မဖြစ်နိုင်မှန်းသိလျက်နဲ့ ရှေ့ဆက်တိုးရင် နောက်ဆုံး မင်းပဲ ခံစားရလိမ့်မယ်၊ ဒါကြောင့် ငါက မင်းကို စေတနာနဲ့ သတိပေးတာ''

လင်းမြတ် သူငယ်ချင်းအထင်လွဲမည်စိုး၍ ပျာပျာသလဲ ရှင်းပြသည်။

''ဒါဆိုလည်း မင်း သူ့ဘက်က ရပ်တည်လိုက်ပေါ့ကွာ၊ မင်း ဘယ်လောက်ပဲ သူ့အတွက် ပူပန်နေပါစေ၊ ဖူးစာပါလာရင် ဒူးကာလို့ မရဘူးဆိုတဲ့အတိုင်း သူတို့နှစ်ယောက် ညားကိုညားမှာပဲ၊ ငါကတော့ မင်းပြည့်ကို သူချစ်တဲ့သူနဲ့ပဲ လက်ထပ်စေချင်တယ်၊ အဓိကကတော့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း စိတ်ချမ်းသာဖို့ပဲ မဟုတ်လား''

''ကဲ ဖိုးချစ် မင်းက လူတတ်ကြီးဝင်လုပ်နေမှတော့ ချကွာ ငါလည်း မင်းပြည့်ရဲ့နှလုံးသားခံစားမှုကို အားပေးတဲ့အနေနဲ့ သူတို့ နှစ်ယောက် ချစ်သူတွေ ဖြစ်အောင် အတတ်နိုင်ဆုံး ကူညီမယ်ကွာ ကဲ ဘယ်လိုလဲ ကျေနပ်ပြီလား''

''အိုကေ မင်းတို့ငါ့ကို ကူညီမယ်ဆိုရင် မင်းတို့ကို ငါ အမြဲ တမ်း ကျေးဇူးတင်နေမယ်''

မင်းပြည့်စုံ ဖိုးချစ်နှင့် လင်းမြတ်ပခုံးကို တစ်ဖက်တစ်ချက်စီ ဆုပ်ကိုင်လိုက်ပြီး ကျေနပ်သော အပြုံးတစ်ခုနှင့် ကျေးဇူးတင်စကားဆို လိုက်သည်။

''မလိုပါဘူးကွာ၊ ငါတို့က မင်းကို အမြဲတမ်း စိတ်ချမ်းသာစေ စေချင်ခဲ့တာပဲ၊ ဒီတော့ မင်း ရန်ကုန်မပြန်ခင် မြသဏ္ဍာန်ရဲ့အချစ်ကို ရအောင်ကြိုးစား၊ ငါတို့သူငယ်ချင်းနှစ်ယောက် အစွမ်းကုန် ကူညီမယ် ကွာ''

လင်းမြတ်စကားကြောင့် ဖိုးချစ် လက်မလေးတစ်ထောင်ထောင် ဖြင့် သူ့ပါ ထောက်ခံ၏။

''ဒါဆို မနက်ဖြန်ကစပြီး မြသဏ္ဍာန် ဘယ်မှာနေတယ်ဆိုတာ မင်းတို့စုံစမ်းပေး''





''ဒါများ လွယ်ပါတယ် မင်းပြည့်ရာ၊ ငါတို့ ဒီနေ့ဝင်ခဲ့တဲ့ ထမင်း ဆိုင်မှာ သွားစုံစမ်းရင် အိမ်အထိတောင် လိုက်ပို့ချင် ပို့ပေးနေဦးမှာ''

သူငယ်ချင်းသုံးယောက် မြသဏ္ဍာန်ကို ရှာဖွေရန် တက်ကြွစွာ သဘောတူညီမှု ယူလိုက်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ထမင်းဆိုင်လေးထဲ ဝင်လာသော လင်းမြတ်အား ဇော်ထူး တအံ့တသြဖြင့် ကြောင်ကြည့်နေ၏။

"အစ် အစ်ကို ထမင်းစားမလို့လား"

ဇော်ထူးအမေးကြောင့် လင်းမြတ် ရယ်လိုက်သည်။

"ဘာလဲ မနေ့က ဟင်းကျန်ရောင်းမလို့လား"

လင်းမြတ် အမေးကြောင့် ဇော်ထူး အားနာဟန်ဖြင့် တဟဲ ဟဲရယ်၏။

"အဟဲ မရောင်းတော့ပါဘူး အစ်ကိုရာ၊ အဲဒီနေ့က ကိစ္စကို လည်း ကျွန်တော် ရှက်လည်းရှက်တယ်၊ တောင်းလည်း တောင်းပန်ပါ တယ်၊ မင်းသားကိုလည်း ဘယ်လိုအားနာမှန်းမသိရလောက်အောင်





အားနာပါတယ် အစ်ကိုရာ"

"ရပါတယ် ဗျာ မလိုပါဘူး"

"ဒါနဲ့ အစ်ကို ဟိုလေ ထ ထမင်းလာစားတာလားဟင်၊ ဒါမှ မဟုတ် တခြားကိစ္စများ ရှိလို့လား အစ်ကို"

ဇော်ထူး တစ်ယောက် ကိုယ်လုပ်ခဲ့မိသော အမှားအတွက် စိတ်မလုံဖြစ်ကာ လင်းမြတ်ကို ပျာယာခတ်မတတ်ကို ပျူငှာနေ၏။

"ထမင်းကတော့ မစားတော့ပါဘူးဗျာ၊ ဒါပေမဲ့ အကူအညီ တစ်ခုလောက်တော့ တောင်းချင်တယ်"

အကူအညီတောင်းမည်ဆို၍ ဇော်ထူးပါးစပ်အဟောင်းသား ဖြစ် သွားသည်။

"ပြောပါ အစ်ကို ကျွန်တော် ဘာကူညီရမလဲ၊ ဟိုမဟုတ်မှလွဲ ရော ကျွန်တော့်ထမင်းဆိုင်လေးကို မင်းသားက ဇာတ်ဝင်ခန်းထဲမှာ ထည့်သုံးချင်လို့လား။ အဲဒါဆို စိတ်ကြိုက်သုံးပါ၊ လိုအပ်ရင် ကျွန်တော် ပါ ဝင်ပြီး သရုပ်ဆောင်ပေးမယ်၊ ရိုက်ကွင်းအတွက် အခကြေးငွေ လုံးဝမယူဘူး။ မေတ္တာနဲ့ကူညီမယ် အစ်ကို"

သူထင်ရာကို ဖွတ်ပြောနေသော ဇော်ထူးစကားကြောင့် လင်း မြတ် ခေါင်းတဆတ်ဆတ် ခါလိုက်သည်။

"မဟုတ်ဘူး ခင်ဗျား ထင်တာတစ်ခုမှ မဟုတ်ဘူး၊ ခုဟာက



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကိစ္စမဟုတ်ဘူး၊ ကျွန်တော့်ကိစ္စ''

''ဗျာ အစ်ကို့ကိစ္စ ဘာ ဘာများလဲ အစ်ကို''

''ကျွန်တော် ပန်းချီကားဝယ်ချင်သေးတယ်''

''ဗျာ''

ဇော်ထူး အူကြောင်ကြောင် ပုံစံဖြင့် ခေါင်းတွေတဖျင်းဖျင်းကုတ်ကာ

''အစ်ကို နေရာမှားလာပြီ ထင်တယ်နော်၊ ကျွန်တော့်ထမင်းဆိုင်က ပန်းချီအရောင်းပြခန်းမှ မဟုတ်တာ၊ နောက်ပြီး အစ်ကို ပန်းချီကားဝယ်ချင်လောက်အောင် ကျွန်တော့်ဆိုင်မှာ ပန်းချီကားနဲ့တူတာဆိုလို့ ပြက္ခဒိန်ကောင်းကောင်းတောင် မရှိဘူး။ မှား မှားတော့ မှားနေပြီထင်တယ်နော်''

စကားပြောရတာ လိုရင်းကို မရောက်သဖြင့် လင်းမြတ် ကျွတ်ခနဲ စုတ်သပ်ကာ

''မဟုတ်ပါဘူး ခင်ဗျားပြောတာ တစ်ခုမှ မဟုတ်ဘူး''

''ဗျာ တစ်ခုမှ မဟုတ်ဘူး ဟုတ်လား။ ဒါဆို ကျွန်တော် ဘာကူညီရမှာလဲ ပြောလေ အစ်ကို''

''မြသဏ္ဌာန် အိမ်ကို သိချင်လို့''

သူ တစ်ဖက်သတ် ကြိတ်ပိုးနေသော မြသဏ္ဌာန်ကို မေးနေ





သဖြင့် ဇော်ထူး အနည်းငယ်တော့ အခက်တွေ့သွားရ၏။

''မြသဏ္ဌာန်အိမ်ကိုသိတော့ အစ်ကိုက ဘာလုပ်ဖို့လဲ''

''ပန်းချီကား ဝယ်မလို့ပေါ့''

''ဩော် ဒီလိုလား အဟဲ ဒါဆိုရင်တော့ ဝမ်းသာစရာပဲ၊ ကျွန်တော့်မြသဏ္ဌာန်လေး သိရင်ပျော်မှာ''

ကျွန်တော့်မြသဏ္ဌာန်လေးဟု ပြောလိုက်သော ဇော်ထူးစကားကြောင့် လင်းမြတ် အဓိပ္ပါယ်တစ်မျိုးပါသော အကြည့်ဖြင့် ကြည့်လိုက်ပြီး

''ခင်ဗျားနဲ့မြသဏ္ဌာန်က ဘယ်လိုပတ်သက်တာလဲ၊ ချစ်သူတွေလား''

လင်းမြတ် မေးသာမေးလိုက်ရသည်၊ မြသဏ္ဌာန်၏ချစ်သူတော့ မဖြစ်လောက်ဘူးဟု တွေးမိ၏။ မြသဏ္ဌာန်လို လှပချောမောသော မိန်းကလေးက မည်းမည်းပိန်ပိန်နှင့် ကွမ်းဂျိုးတက်နေသော သွားတွေဖြင့် အရုပ်ဆိုးအကျည်းတန်နေသော ဇော်ထူးကို ဘယ်လိုနည်းနှင့်မျှ ချစ်သူတော်လိမ့်မည် မဟုတ်။

ဇော်ထူး သူ၏ကွမ်းဂျိုးတက်နေသော သွားကို ဖြဲပြီးတဟဲဟဲ ဖြင့်ရယ်၏။

''ကျွန် ကျွန်တော်က တစ်ဖက်သတ် ကြိတ်ကြွေနေတာပါ အစ်ကိုရာ၊ မြသဏ္ဌာန်က ကျွန်တော့်ကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင်



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါဘူး ဟီး ဟီး ဟီး''

''ဩော် ဒီလိုလား၊ ဒါဆိုလည်း ဆက်ကြိုးစားပေါ့ကွာ''

''ဟာ ဒါတော့မပူနဲ့အစ်ကို၊ ကျွန်တော်က ဖွဲ့ရှိတယ်၊ မြသဏ္ဌာန်လေးရဲ့အချစ်ကို မရရအောင် ကြိုးစားပြီးယူမှာ၊ မြသဏ္ဌာန်ရဲ့ဘဝကြင်ဖော်ဟာ ကျွန်တော်ပဲ ဖြစ်ရမယ်''

သူ့မျှော်လင့်ချက်နှင့်သူ ပီတိတွေ စိမ့်စိမ့်ဝေနေသော ဖော်ထူးကို ကြည့်ပြီး လင်းမြတ် ရယ်လိုက်သည်။

ကိုယ့်ရုပ်နဲ့တန်ရာတန်ရာ မမှန်းဘူးဟုလည်း ပစ်ပစ်နှစ်နှစ်ဝေဖန်လိုက်သေးသည်။

''ဟိုလေ ခုပဲ မြသဏ္ဌာန်အိမ်ကို ကျွန်တော် ကိုယ်တိုင် လိုက်ပို့ရမလား၊ ဒါမှမဟုတ် လိပ်စာပေးလိုက်ရမလား အစ်ကို''

''ရပါတယ် ခင်ဗျားလည်း ဆိုင်တစ်ဖက်နဲ့ဆိုတော့ လိုက်မပို့ပါနဲ့၊ ကျွန်တော့်ကို လိပ်စာပဲပေးလိုက်ပါ၊ နောက်ပြီး ကျွန်တော်လည်းခုလောလောဆယ် မသွားအားသေးပါဘူး၊ လိပ်စာသိထားရုံသက်သက်ပါ''

''ဩော် ဟုတ်လား ဒါ ဒါပေမဲ့ ပန်းချီကားကို သွားဝယ်ဖြစ်အောင်တော့ ဝယ်ပါ အစ်ကိုရာ၊ မြသဏ္ဌာန်ရဲ့ပန်းချီလက်ရာက အရမ်းကို လက်ရာမြောက်တယ်ဗျ၊ တစ်ခါတလေ နိုင်ငံခြားသားတွေတောင် သူ့လက်ရာကို သဘောကျပြီး လာဝယ်ကြတာ''



ဖော်ထူး တမင်တကာ မြသဏ္ဌာန်၏ပညာကို ဂုဏ်ပိုတက်အောင် မြှင့်ပေးလိုက်သည်။

ထို့နောက် ဖော်ထူး ပေးလိုက်သော မြသဏ္ဌာန်၏လိပ်စာကို သေချာမှတ်ခဲ့လိုက်ပြီး လင်းမြတ် ဟိုတယ်သို့ ပြန်လာလိုက်၏။

မင်းပြည့်စုံ လင်းမြတ် ဟိုတယ်သို့ ပြန်မရောက်မချင်း ဂနာငြိမ်မှာမဟုတ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

အိမ်ရှေ့ဝရန်တာတွင် ဒေစီပန်းတွေကို စတေလိုက်ရေးနေသော မြသဏ္ဍာန် စက်ဘီးနင်းပြီး ခြံထဲဝင်လာသော ဇာဇာကိုမြင်တော့ စုတ်တံကို ရေခွက်ထဲနှစ်လိုက်သည်။

''ပေါ်တော်မူ မမ လာသေးတယ်နော်၊ ဒီက ယောက်ျားရသွားပြီလို့တောင် ထင်နေတာဟ''

ဇာဇာ စက်ဘီးဒေါက်ထောက်ရပ်ကာ လေ့ကားထစ်တွေကို ခပ်သွက်သွက် နင်းတက်လာပြီး မြသဏ္ဍာန်၏ထေ့လုံးငေါ့လုံးကို ရယ်ပြီး ဖြဲဖြဲဖြင့်တုံ့ပြန်ကာ

''အမလေး မပူနဲ့ သူငယ်ချင်း၊ ငါယောက်ျားရလို့ကတော့ ဝမ်းသာလုံးဆို့ပြီး နင့်ကိုလာပြောမှာ၊ ယောက်ျားများ ခုရ ခုယူမှာ''

''ဟယ် မိန်းမ နင် အဲလောက်တောင် ရူနေတယ်ပေါ့ ဟုတ်သား၊ ကုန္ဒြေလေးဘာလေး ဆယ်ပါဦးလားဟာ၊ နင့်အစား ငါတောင် ရှက်လာပြီ''

''ရှက်ရင် ယောက်ျားအလိုရှိသည် အိမ်ထောင်ဦးစီးကောင်းလုပ်နိုင်သူ ကြင်နာတတ်သူ၊ ဘေးမခါးကျိုးအလုပ်လုပ်နိုင်သူကို ဦးစားပေးရွေးချယ်စဉ်းစားမည်လို့ ဂျာနယ်မှာထည့်ပြီး ကြော်ငြာလိုက်လေ''

''ဟယ် မိန်းမစုတ် ကြော်ငြာစရာလား၊ အဲဒီအလုပ်ကို နင်လုပ်၊ ငါက တစ်သက်လုံး ဘယ်ယောက်ျားကိုမှ မစဉ်းစားဘူး''

''မင်းပြည့်စုံကလွဲပြီးပေါ့ ဟုတ်လား''

ဇာဇာ့အမေးကြောင့် မြသဏ္ဍာန် မျက်ဝန်းဝိုင်းလေးဖြင့် ကြည့်သည်

''အယ် မင်းပြည့်စုံက ဘယ်ကနေဘယ်လို ခေါ်ပြီး ဆွဲထည့်လိုက်ရတာလဲဟယ်၊ မဆိုင်လိုက်တာ၊ လူဆိုတာ ကိုယ်နဲ့မတန်ရာကို မှန်းရဘူးဟဲ့ သိလား''

မြသဏ္ဍာန် နှုတ်ခမ်းလေးစူထော်ကာ ဇာဇာ့ကို ခပ်ငေါက်ငေါက်ပြောလိုက်၏။

''အပြောမကြီးစမ်းပါနဲ့ဟယ်၊ ကိုယ့်အခြေအနေကိုယ်သိသလိုလိုဘာလိုလိုနဲ့ ရိုးသားပြမနေနဲ့၊ ငါ အကုန်သိပြီးသွားပြီ''



ဗျူး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဘာသိတာလဲ"

"ဇော်ထူး ထမင်းဆိုင်ကို မင်းပြည့်စုံတို့ လာစားတာကို နင်က ကြားထဲက ကိုယ် မျက်နှာရဖို့အတွက် သူများစီးပွားရေးကို တုတ်နဲ့သွားထိုးတယ်ဆို"

"ဘုရားရေ"

"ဘုရားရေ မနေနဲ့၊ အဲဒီသတင်းက ငါတို့ရပ်ကွက်ထဲမှာ ဟိုးလေးကိုကြော်နေတာပဲ၊ ငါတောင် ဒီသတင်းကြားကြားချင်း နင့်ကို အပြစ်တောင် တင်မိသေးတယ်"

"အပြစ်တင်လည်း တတ်နိုင်ဘူးလေ၊ ဇော်ထူးအကျင့်ကို နင်မသိဘူးလား။ ဒီကောင့်ဆိုင်က ဘယ်ဘော့မှ ရောင်းကောင်းတာ မဟုတ်ဘူး၊ တစ်နေ့ကုန်တဲ့ဟင်း နောက်တစ်နေ့ ပြန်နွေးပြီးရောင်းတာ၊ အဲဒါကို ငါက သိသိကြီးနဲ့ လက်ပိုက်ကြည့်မနေနိုင်ပါဘူး"

မြသဏ္ဍာန် ဘက်ကလည်း သူမှန်တယ်ထင်၍ ပြန်လည် ဖြေရှင်းချက် ထုတ်ပြ၏။

"အဲဒါ နင်နဲ့ဘာဆိုင်လဲ"

"ဆိုင်တယ်လေ၊ အဲဒီမင်းသားက ငါ့ဆီက ပန်းချီကားကို ဝယ်ခဲ့လို့ ငါတို့ရဲ့ပေါင်ထားတဲ့အိမ်လေးကို ပြန်ရွေးနိုင်ခဲ့တယ်၊ အဲဒီအတွက် ငါ့ကျေးဇူးရှင်လို့ ငါက သတ်မှတ်ထားတာ၊ ဒါကြောင့် ပြော



သင့်ပြောထိုက်တာကိုတော့ ဝင်ပြောရမှာပဲလေ"

"ဒါပေမဲ့ ဇော်ထူး သနားပါတယ်ဟယ်"

"အဲဒါ သနားစရာမကောင်းဘူး၊ စိတ်ဓာတ်မကောင်းတာ နင်ဆိုရင်ရော ဇော်ထူး လုပ်ရပ်ကို အကောင်းမြင်ပေးမှာလား"

မြသဏ္ဍာန် အမေးကြောင့် ဇာဇာ ပါးစပ်ကလေး အဟောင်းသားဖြင့် ဘာပြန်ဖြေရမှန်းမသိ။

"အယ် ဒါ ဒါကတော့"

"အေး နင် ဆိုရင်လည်း ဇော်ထူးလုပ်ရပ်ကို ရွတ်ချမှာပဲ ငါသိတယ်"

"ဟော့တော် ပြောရင်းနဲ့ သေခဲဦးမယ် သဏ္ဍာန်ရေ၊ ဟိုမှာ နင့်ဇော်ထူးကြီး လာပြီ"

ဇာဇာ့အပြောကြောင့် မြသဏ္ဍာန် ခြံဝကိုလှည့်ကြည့်လိုက်၏။ စပ်ဖြဲဖြဲ မျက်နှာဖြင့်ဝင်လာသော ဇော်ထူးကို ကြည့်ပြီး မြသဏ္ဍာန် နှာခေါင်းလေးရှုံ့လိုက်သည်။

"ဟဲ့ ဘာလာလုပ်တာလဲ"

"ဟာ သဏ္ဍာန်လေးရယ် သတင်းကောင်း သယ်လာပေးတဲ့လူကို အဲဒီလို ရင်ဝကိုစည်းပြီး စကားနဲ့ထိုးဆွရသလားလို့"

"ဟဲ့ ငါက အဲဒီလိုမမေးလို့ ဘယ်လိုမေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



''မောင် ဘာလာလုပ်တာလဲဟင်လို့ မေးလိုက်ပါတော့လား''

''လဲသေလိုက် နော၊ နင့်ကို မောင်လို့ခေါ်မိရင် ငါ့လျှာကို ဓ

ကိုက်ပြီး သေပစ်လိုက်မယ် နားလည်လား''

''အောင်မလေး ရက်စက်လိုက်တာ ရက်စက်လိုက်တာ ဇား

နင့်သူငယ်ချင်း ပြောနေတာကို ကြားရဲ့လား''

''ကြားသားပဲ''

''ကြားရင် အဲဒီလို မပြောရဘူးလို့ နည်းနည်းပါးပါး တာ

တော့လား။ ခုတော့ နွေနေ့လယ်ခင်းမှာ ငါ့ရဲ့မဟူရာရောင်အသာ

နေလောင်ခံပြီး လာရကျိုးတောင် မနပ်ဘူး''

''ကဲပါ ဇော်ဘူးရယ် ပြောမှာသာ ပြောစမ်းပါ၊ နင် သဗ္ဗာ

ကို ဘာလာလုပ်တာလဲ''

''ပြော ပြောပါ့မယ်ဟာ၊ အရင်ဆုံး ရေ...စ်ခွက်လော

တော့ အရင်တိုက်ပါလား''

''ဟဲ ဇာဇာရေ ထုံးစံအတိုင်း ရစ်ပြီ၊ ငါတော့ မအား

နင်ပဲ ထခပ်ပေးလိုက်တော့''

''အမလေး ငါလည်း နေ့ပူထဲကလာရတာပဲ ဒင်းကျမှ ရှိ

ကြီးနဲ့ နပြဲနေတယ် တကယ်ပဲ''

ဇာဇာ ထိုင်ရာမှ ထကာ ဆောင့်ဆောင့်အောင့်အော





ရေထခပ်ပေး၏။

ဇော်ထူး ဇာဇာ လှမ်းပေးသော ရေဖန်ခွက်ကို ယူကာ ဂလုခနဲ

မော့ချလိုက်ပြီး

''ဒီလိုဟ ဒီနေ့ ငါ့ဆီကို မင်းသား မင်းပြည့်စုံရဲ့တပည့်လား၊

ဘာလား မသိဘူး သူ လာသွားတယ်''

''ဘာလဲ ဟိုနေ့က ဟင်းကျန်တွေ ရောင်းတဲ့ကိစ္စ မကျေပွဲ

လာနွဲ့တာလား''

''ထပ်သရီး ဘယ်ကလာ အဲဒီကိစ္စ သူတို့က ဘယ်လိုမှမနေဘူး

နင်ကသာ 'ငတွားမ' ဝင်ပြီး ခါးနာတာလေ သဗ္ဗာနှမရဲ့''

''နာသင့်ရင် နာရမှာပဲလေ၊ သူက မင်းသား ဟင်းအကျန်တွေ

စားဖို့ ဘယ်လိုသင့်မှာလဲ၊ ဘာပဲဖြစ်ဖြစ် နင်လည်း အဲဒီနေ့က ငါ့ကျေးဇူး

ကြောင့် ဟင်းလည်း တစ်စက်မှမကုန်ဘဲနဲ့ ပိုက်ဆံရလိုက်တယ် မဟုတ်

လား''

''အယ် ဒါ ဒါကတော့ သူတို့က သဘောထားကြီးပြီး ရှင်းသွား

တာလေ၊ ဘာပဲဖြစ်ဖြစ် နင့်ကြောင့် ငါ့ဆိုင်တော့ နာမည်ပျက်သွားတာ

ပဲ မဟုတ်လား''

''ကဲပါ စကားကို လိုရင်းရောက်အောင် ပြောစမ်းပါ ဇော်ထူး

ရယ်၊ မင်းသားရဲ့လူက နင့်ဆိုင်ကို ဘာလာပြန်လုပ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဖာဖာက ကြားထဲက စိတ်လောကြီးစွာ မေးလိုက်သည်။ မြ
သဏ္ဌာန်ကတော့ ဖော်ထူးစကားကို တစ်စက်ကလေးမှ စိတ်မဝင်စား
ဖြင့် ရေဆေးဘွေကို ဆေးစပ် ဖလက်ပြားပေါ်မှာ စုတ်တံဖြင့် မွှေနှော
နေ၏။

''အဲဒီလူကလေ မြသဏ္ဌာန်ရဲ့အိမ် ဘယ်မှာလဲလို့ ငါ့ဆီ
လာမေးတာ''

''ဟယ်တော် ဘာလုပ်ဖို့ သဏ္ဌာန့်အိမ်ကို လာမေးရတာလ

''ပန်းချီကား ထပ်ဝယ်မလို့တဲ့''

''ဟယ် တကယ်''

ဖာဖာ ဝမ်းသာဟန်ဖြင့် ဖော်ထူးကို မေးလိုက်သည်။ ဖာဖာ
မဆိုင်သူတောင် ဝမ်းသာသွားသည်ဆိုလျှင် ကာယကံရှင် မြသဏ္ဌာ
အဖို့ အတိုင်းထက်အလွန်ပင်။

''နင်ခုတလော ကံဇာတာတွေ အရမ်းတက်နေပါလား သဏ္ဌာ
ရယ်၊ ငါတောင် နင့်ရဲ့ပညာကို အရမ်းအားကျလာပြီ၊ ဘာပဲဖြစ်ဖြစ်
တစ်ချီလည်း ဈေးကိုအများကြီး ပြောချလိုက်သိလား''

ဖာဖာက သူငယ်ချင်းအတွက် လောဘတက်ပေးနေပေမ
မြသဏ္ဌာန်ကတော့ အရင်တစ်ခါလို မဖြစ်နိုင်သည့်ဈေးကို မပြောတော့
ဆုံးဖြတ်လိုက်သည်။





ဘာကြောင့် မင်းပြည့်စုံက မြသဏ္ဌာန် ပန်းချီကားတွေကိုမှ စိတ်ဝင်စားပြီး ဝယ်ချင်ရတာလဲ။ စဉ်းတော့စဉ်းစားစရာပင်။

မန္တလေးမှာ တကယ့် ဒိတ်ဒိတ်ကြဲ ပန်းချီဆရာတွေက အများကြီးရှိတာ မြသဏ္ဌာန်၏လက်ရာက ဘာမှမဟုတ်သေး။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသော စိတ်ခံစားမှုက ရင်ထဲမှာ ဘလုပ်လုပ်နှင့် ဘယ်လိုပုံဖော်ညွှန်းဆိုရပါ့မလဲ။

အတွေးထဲမှာ မတင်မကျသော ခံစားမှုကြီးက အုံ့ပွဲ့နေ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဦးရန်နိုင် ကိုယ့်အိမ်ရှေ့ပေါက်မှာ မားမားကြီး လာရပ်နေသော မင်းပြည့်စုံကို တွေ့တော့ အတော်လေး အံ့သြမင်တက်သွား၏။

"ငါ့ ငါ့တူက မင်းသား မင်းပြည့်စုံ မဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်"

မင်းပြည့်စုံ အံ့သြမင်တက်နေသော ဦးရန်နိုင်ကို ဖော်ရွေ ပြုံးပြပြီး ဖြေလိုက်သည်။

"ဒါနဲ့ ဘာကိစ္စရှိလို့ပါလဲ ငါ့တူရယ်"

"မြသဏ္ဍာန်နဲ့တွေ့ချင်လို့ပါ၊ ရန်ကုန်မပြန်ခင် ပန်းချီကားလေးတွေ ကြည့်သွားချင်လို့ပါ အန်ကယ်"





"ဩော် သမီးဈေးချိုဘက် ခဏသွားတယ်၊ မင်းသား အချိန်ရမယ်ဆိုရင်တော့ ခဏလောက်စောင့်ပါလား။ ဒါနဲ့ မင်းသားတစ်ယောက်တည်းလား။ အဖော်တွေရော မပါကြဘူးလား"

"မပါဘူး အန်ကယ်၊ ကျွန်တော် တစ်ယောက်တည်း ထွက်လာခဲ့တာပါ"

"ဩော် အေးကွယ် အေး အေး၊ ထိုင်ဦးနော် မင်းသား၊ ဦးလေး ကော်ဖီလေးသွားဖျော်လိုက်ဦးမယ်"

"မဖျော်ပါနဲ့ အန်ကယ်၊ ကျွန်တော် မသောက်တော့ပါဘူး၊ သောက်ခဲ့ပြီးသွားပါပြီ"

"ဟုတ်ရဲ့လားကွယ်၊ တစ်ခုခုနဲ့တော့ ဧည့်ခံရမှာပေါ့"

"နေပါ အန်ကယ်၊ ဒုက္ခမရှာပါနဲ့"

မင်းပြည့်စုံ ဟုဟုသလဲ ငြင်းနေရှာ၍ ဦးရန်နိုင် ဘာမှထမဖျော်ဘဲ နေလိုက်ရသည်။

"သမီးနဲ့ သိတာကြာပြီလား"

"ဟုတ်ကဲ့ ကျွန်တော် မန္တလေးမြေကို ခြေချတဲ့နေ့ကစပြီး သိခဲ့တာပါ၊ မြသဏ္ဍာန်ရဲ့ပန်းချီလက်ရာကို ကျွန်တော် သဘောကျလို့ပါ"

"အေးကွယ် သမီးက မျိုးရိုးမရှိဘဲနဲ့ ဒီပန်းချီဝါသနာကို ဘယ်ကဘယ်လိုပါလာလဲမသိဘူး။ သူက ပန်းချီသာဆွဲနေရရင် လောကကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မေ့ထားချင်တဲ့ မိန်းကလေးမျိုး ငါတူရ၊ ဘွဲ့ရပြီး တခြားအလုပ်မဝင်ဘဲနဲ့ ဒီပန်းချီပဲဆွဲတယ်၊ ပြီးရင် သူ့ဆရာရဲ့ ပန်းချီပြခန်းလေးမှာ ကားသွား သွားတင်တယ်လေ''

''မြသဏ္ဍာန်က စိတ်ကူးကောင်းပါတယ်၊ ကျွန်တော်က ပန်းချီ ပညာကို လေးစားမြတ်နိုးတဲ့သူဆိုတော့ မြသဏ္ဍာန်ရဲ့ပန်းချီလက်ရာကို မြင်မြင်ချင်း သဘောကျသွားမိတယ်၊ ဒါကြောင့်လည်း ဝယ်ဖြစ်ခဲ့တာပေါ့''

''အဲဒီအတွက် ဦးလေးကလည်း ကျေးဇူးတင်ပါတယ်၊ မင်းသား ရယ်''

''ဖေဖေ ညှို့သည်ရောက်နေတာ ထင်တယ်''

အိမ်ပေါ်တက်တက်လာချင်း မေးလိုက်သော မြသဏ္ဍာန်၏ မျက်နှာလေးမှာ မင်းပြည့်စုံကိုတွေ့လိုက်ရတော့ မျက်ဝန်းလေးတွေ ဝိုင်း စက်ကာ

''ဪ ခင်ဗျား ရောက်နေတာကိုး''

''သမီးကို စောင့်နေတာကွယ့်''

''ခင်ဗျားက ကျွန်တော့်ကို စောင့်နေတာ၊ ဘာကိစ္စလဲ''

မြသဏ္ဍာန် သိပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်လိုက် ၏၊

''ပန်းချီကားလေးတွေ ထပ်ကြည့်ချင်သေးလို့''

ဗျူး၈၃၆ပ



''ဝယ်မလို့လား''

''ဒါပေါ့ နောက်ပြီး အကူအညီတောင်းချင်တာလည်း တစ်ခုရှိ သေးတယ်''

''ဘယ်လို အကူအညီတောင်းချင်တယ် ဟုတ်လား၊ ဘာလဲ ကျွန်တော့်ကို ခင်ဗျားပုံတူပန်းချီကားရေးပေးရမယ်ဆိုတဲ့ အကူအညီ လား''

''ဟင့်အင်း မဟုတ်ပါဘူး''

မင်းပြည့်စုံ ပါးစပ်ထဲတွေ့ကရာ အကူအညီတစ်ခု တောင်းမည် ဟုသာ ပြောလိုက်ရတာ တကယ်တမ်း ဘယ်လိုအကူအညီတောင်းရမှန်း မသိ။ တကယ်ဆို မြသဏ္ဍာန် မျက်နှာလေးကို အမြဲတမ်း မြင်ချင်နေမိ သို့ စိတ်ကူးတည့်ရာ အကြံအဖန်လုပ်လိုက်မည်ဆိုသော ရည်ရွယ်ချက် ဖြစ်သည်။

''ဒါဆို ဘာအကူအညီပေးရမလဲ''

''အဲ ဟို ဟိုလေ''

မင်းပြည့်စုံ နှုတ်တွေ ဆွံ့အနေသည်။ မင်းပြည့်စုံတောင်းလာ သည့် အကူအညီဟာ ဘယ်လိုအကူအညီမျိုးလဲဆိုတာ ဦးရန်နိုင်ရော မြသဏ္ဍာန်ပါ သိချင်နေကြ၏။

''ကိုယ် ကိုယ် ပန်းချီသင်ချင်လို့ပါ''

ဗျူး၈၃၆ပ

www.burmeseclassic.com

www.burmeseclassic.com



အဆင်ချောသွားသော အဖြေစကားကြောင့် မြသဏ္ဍာန် နှုတ်ခမ်းထက်မှာ ပြုံးယောင်သမ်းသွားသလို မျက်နှာမှာ ကျဉ်းတည်းကျုပ်ထဲရောက်သွားသလို အနေခက်နေပုံလည်း ရသွား၏။

''ဒါ ဒါတော့ ဖြစ်နိုင်ပါ့မလား''

''ဘာလို့ မဖြစ်နိုင်ရမှာလဲ သမီးရဲ၊ ပြီးခဲ့တဲ့နှစ်က ဒေါ်မြင့်ဝေသားလေးကို သမီးသင်ပေးတာ ခုဆို ကောင်လေးက တော်တော်လေးကို ဟုတ်သား၊ သူ့အမေ ဟိုနေ့ကတောင် ပြောသွားသေးတယ်၊ ပန်းချီကားတောင် ရေးနေပြီဆိုလား''

ယတိပြတ်ငြင်းဆန်ဖို့ စိတ်ကူးပြီးကာမှ ဖေဖေက ကြားမှဝင်ပြီး ခြေဆင်းလေးခင်းပေးနေတော့ မြသဏ္ဍာန် မည်သို့ငြင်းရမှန်းတောင်မသိတော့။

''ပန်းချီသင်တယ်ဆိုတာ ပါရမီပါမှ သင်လို့ရတာ ဖေဖေရဲ၊ ပြီးတော့ အချိန်လည်း ပေးနိုင်ဦးမှ နောက်ပြီး မင်းသားက အလည်လာတဲ့ဧည့်သည်၊ အချိန်အများကြီး ဘယ်ပေးနိုင်ပါ့မလဲ''

မြသဏ္ဍာန် သင်မပေးချင်၍ ကွေ့ပတ်ပြီး အကြောင်းပြချက်ပေး၏။

''အဲဒီအတွက် မပူပါနဲ့ မြသဏ္ဍာန်၊ ပန်းချီက ကိုယ့်အတွက် အစိမ်းသက်သက် မဟုတ်ပါဘူး၊ ပန်းချီကားတစ်ကား ဖန်တီးဖို့အတွက်





colour tone တွေ texture တွေ၊ perspective, lighting, weight, workmanship ဒါတွေအားလုံးရဲ့ သဘောတရားတွေ ကိုယ် နားလည်သင့်သလောက် နားလည်ပါတယ်''

မင်းပြည့်စုံ ပန်းချီသဘောတရားတချို့ကို လေ့လာထားမိသလောက်လေး ရွတ်ပြလိုက်၏။

''ဟာ မင်းသားက ဒီလောက်ထိတောင် သိထားတာဆိုတော့ ဘယ်ဆိုးလို့လဲ၊ အရင်က ပန်းချီတွေဘာတွေ သင်ဖူးလား''

ဦးရန်နိုင် အမေးကြောင့် မင်းပြည့်စုံ အားနည်းနည်းတော့ ာက်သွား၏။

''ဆရာနဲ့တော့ အသေအချာ မသင်ဖူးပါဘူး အန်ကယ်၊ ကျွန်ာ်က ပန်းချီကားတွေကို အရမ်းခရေဇီဖြစ်တော့ ပန်းချီရေးနည်းစာအုပ်တွေ ရေဆေးဆီဆေးရေးနည်းစာအုပ်တွေကို လေ့လာပါတယ်၊ ဒါကြောင့် ားမလည်ပါးမလည်နဲ့ အနည်းအကျဉ်းတော့ သိနေတာပါ''

''အင်းလေ ခင်ဗျားအနေနဲ့ ဒီလောက်သိထားမှတော့ ကျွန်တော် င်ပေးရတော့မှာပေါ့၊ ဒါပေမဲ့ ခင်ဗျားဘက်က အချိန်ပေးနိုင်ပါ့မလား''

''ဟာ ကိုယ်က ပညာလိုချင်နေတဲ့သူပဲ၊ ဒီလောက်တော့ အချိန် းရမှာပေါ့''

''ကောင်းပြီလေ၊ ဒါဆိုရင်တော့ ခင်ဗျားကို ကျွန်တော် သို



www.burmeseclassic.com

www.burmeseclassic.com



သလောက် တတ်သလောက် သင်ပေးရမှာပေါ့။ ဘယ်အချိန်တွေ သင်ပေးရမလဲဆိုတာသာ ခင်ဗျားဘက်က အချိန်ညှိပေါ့"

"အင်း ည ညဘက်မှသင်ရင် အဆင်ပြေမလား မသိဘူး"

"ဘာဗျ"

မြသဏ္ဌာန် ရှုတည်တည်ဖြင့် ဘာလိုက်သဖြင့် ဦးရန်နောင် ကြားထဲကဝင်ပြီး မင်းပြည့်စုံကို အားနာသွားသည်။

"သမီး သူအားတဲ့အချိန်ကိုပြောတာလေ သမီးရဲ့၊ ဘယ့်နှယ် အော်ရတာတုံး၊ ဖေဖေ့အထင်ဆိုရင် ညဘက်က မင်းသားအတွက် လူမမြင်ဘူးပေါ့ကွယ်၊ ဦးလေးပြောတာ ဟုတ်တယ် မဟုတ်လား မင်းသား"

"ဟာ ဟုတ်တာပေါ့ အန်ကယ်ရယ်၊ အန်ကယ်က လူကြီးမို့လို့ အရိပ်ပြရင်အကောင်တင်တယ်၊ ပန်းချီသင်တယ်ဆိုတာ နေ့တိုင်း အချိန်ပေးရမှာလေ၊ ကျွန်တော်က မြသဏ္ဌာန်ဆီကို နေ့တိုင်းပန်းချီလာသင်တာ ပတ်ဝန်းကျင်သိသွားရင် ဦးတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်နိုင်တယ် ကျွန်တော့်ဘက်ကလည်း မီဒီယာတွေ ဘာတွေက ဖွလိုက်ရင် အင်တာဗျူးလာကြမှာနဲ့ သက်သက်မဲ့ အလုပ်ရှုပ်မှာစိုးလို့ပါ"

မင်းပြည့်စုံ၏ဆင်ခြေကို ဦးရန်နိုင် လက်ခံသဘောပေါက်ကာ ခေါင်းတညိတ်ညိတ်လုပ်နေပေမယ့် မြသဏ္ဌာန်က တစ်ဖက်သို့လှည့်ပြီး မျက်နှာလေးကို မဲ့လိုက်သည်။





ဘာ့ပဲဖြစ်ဖြစ် မင်းသားကို ပန်းချီသင်ပေးရမယ်ဆိုတော့ မြသဏ္ဌာန် နည်းနည်းတော့ ရင်ခုန်သား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟာ မင်းပြည့် မင်းအဓိပ္ပာယ်မရှိ ဘာတွေလျှောက်လုပ်နေ
တာလဲကွာ"

"ငါ အဓိပ္ပာယ်ရှိတာ လုပ်နေတာကွ၊ မင်းက အချစ်ဆိုတာ
ရင်နဲ့ရင်းပြီး မခံစားဘူးတော့ ငါ့လုပ်ရပ်တွေကို အလကားအဓိပ္ပာယ်
မရှိတဲ့လုပ်ရပ်လို့ အထင်သေး ရှုတ်ချချင် ရှုတ်ချနေလိမ့်မယ်"

မင်းပြည့်စုံ၏ယုံကြည်ချက် ခိုင်မာစွာပြောဆိုနေသော အတည်
ပေါက်ဟန်တွေကိုကြည့်ပြီး လင်းမြတ် နားမလည်သလို ခေါင်းကို ခါ
လေးလေး ခါလိုက်သည်။

"မဟုတ်ပါဘူး မင်းမှာ ချစ်တတ်တဲ့နှလုံးသားရှိလို့ မြသဏ္ဍာန်
ကို ချစ်မိသွားတာကို ငါ အပြည့်အဝ ထောက်ခံပေးနိုင်တယ်၊ အဲဒီ

ဗျူးစာငှပ



ထောက်ခံပေးနိုင်လို့လည်း ငါတို့သူငယ်ချင်းနှစ်ယောက် အပြည့်အဝ
ကူညီမယ်လို့ ပြောပြီးသားလေ၊ ခု ငါ နားမလည်နိုင်တာက မြသဏ္ဍာန်
အိမ်မှာ ညတိုင်းညတိုင်း ပန်းချီသွားသင်မယ့်ကိစ္စပဲ"

"အေးကွာ လင်းမြတ် ပြောသလိုပဲ ငါလည်း အဲဒီကိစ္စကြီးကို
တစ်မျိုးကြီးလို့ မြင်နေတယ်"

ဖိုးချစ်ကပါ မနှစ်မြို့သောဟန်ဖြင့် ဝင်ပြောသည်။

"မင်းတို့ တော်တော်ဝေးတဲ့ကောင်တွေပဲ"

"အယ် ငါတို့နှစ်ယောက်က ဝေးတယ် ဟုတ်လား"

"ဟုတ်တယ်လေ ငါ မန္တလေးမှာနေလို့ရ အလွန်အကျွံ ဆယ့်ငါး
ရက် အရက်နှစ်ဆယ်ပေါ့ကွာ၊ အဲဒီရက်တိုတိုအတွင်းမှာ ငါ့အနေနဲ့
မြသဏ္ဍာန် နီးနီးကပ်ကပ်နေဖို့ အခွင့်အရေးတစ်ခုလိုတယ်၊ ဒါကြောင့်
ငါ ဒီနည်းလမ်းကို သုံးရတာ၊ ငါ ဒီလိုနည်းမသုံးဘဲနဲ့ နေမြဲတိုင်း နေ
နေရင် မန္တလေးမြို့ကသာ ငါ ပြန်ချင်ပြန်သွားရမယ် မြသဏ္ဍာန်အချစ်ကို
ရသွားမှာ မဟုတ်ဘူး"

မင်းပြည့်စုံ ပြောတာလည်း ဟုတ်သလိုလို ရှိနေ၍ လင်းမြတ်
သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။ ဘာမျှတော့ ထပ်ပြီး စောဒက
မတက်တော့။

ဖိုးချစ်က ခေါင်းကိုတဖျင်းဖျင်းကုတ်ကာ မင်းပြည့်စုံအနားမှ

ဗျူးစာငှပ

www.burmeseclassic.com

www.burmeseclassic.com



ထသွားသည်။

"မင်းတို့ ငါ့ကိစ္စကို မကူညီချင်နေ ဘာမှတော့ ဝင်မစွက်ဖက်ကြနဲ့တော့လို့ ငါ ပြောချင်တယ်"

"အေးပါ မင်းသဘောအတိုင်းလုပ်ပါ၊ တစ်ခုပဲ ငါပြောချင်တာက မင်းခုလို လုပ်နေတာတွေကို မြသဏ္ဍာန်ရော မြသဏ္ဍာန်ရဲ့အသိုင်းအဝိုင်းကရော အပေါ်စားအကွက်တွေနင်းတယ်လို့ ထင်မသွားစေဖို့ပဲ"

"အဲဒီကိစ္စကို ငါ ကြိုတင်စိစဉ်ထားပြီးသားပါ၊ မင်းတို့ မပူပါနဲ့"

"မင်းက ဘယ်လိုစီစဉ်တာလဲ"

လင်းမြတ် အမေးကြောင့် မင်းပြည့်စုံ ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး

"ငါ မြသဏ္ဍာန်ဆီကိုသွားရင် ထည်ထည်ဝါဝါနဲ့ မသွားဘူး။ ငါမှန်း အလွယ်တကူ မသိအောင် ရုပ်ဖျက်ပြီးသွားမှာ၊ ဒါကြောင့် သူနဲ့တွေ့ဖို့အချိန်ကို ညဘက်ကို ရွေးလိုက်တာပေါ့"

"အေးပေါ့ မင်းအထာနဲ့မင်းကတော့ ဟုတ်နေတာပေါ့၊ ငါတို့နှစ်ယောက်ကတော့ ဘယ်တော့ ခေါင်းနဲ့ကိုယ် အိုးစားကွဲမလဲ မသိဘူး"

လင်းမြတ် သူ့ခေါင်းကိုသူ တဖတ်ဖတ်ရိုက်ရင်း ခပ်ညည်းညည်းဆို၏။ ထိုသို့ပြော၍ ပါးစပ်ပင် မစိသေး ဖုန်းမြည်သံက သူတို့သုံးဦး၏ စကားဝိုင်းထဲသို့ တိုးဝင်လာသည်။





"ဟာ မင်းမားသားကြီးဆီက ထင်တယ်"

ဖိုးချစ် ပြောပြောဆိုဆိုဖြင့် ဆိုဖာပေါ်တင်ထားသော ဖုန်းကို လှမ်းယူလိုက်သည်။ ဖုန်းမှာပေါ်သော နံပါတ်ကိုကြည့်ပြီး ဖိုးချစ် မျက်နှာ ရှုံ့မဲ့သွားသည်။

"ဟား ကျိုင်အကြီးစားကြီးတော့ လာပြီ မင်းပြည့်ရေ ရော့ရော့"

ဖုန်းတီးလုံးမြည်နေသော ဟန်းဆက်ကို ကမန်းကတမ်း လှမ်းပေးလိုက်၏။

"ဟော့ကောင် စပီကာဖွင့် စပီကာဖွင့် ငါတို့လည်း နားထောင်ရအောင်"

လင်းမြတ် သိုးမွေးထိုင်ခုံပုလေးကို မင်းပြည့်စုံနား ရွှေ့ပြီး ပြောင်းထိုင်လိုက်သည်။

"ဟဲလို ပြော သွန်း"

"ပြည့် ဘာအထာတွေ လုပ်နေတာလဲ၊ ကားရိုက်ပြီးတာတောင် ရန်ကုန်မပြန်လာဘဲ အဲဒီမှာ ဘာလုပ်နေတာလဲ"

တစ်ဖက်ဖုန်းထဲမှ ချွဲပျစ်ပျစ် အသံကြည်ကြည်လေးက ပိုင်စိုးပိုင်နင်းဆန်စွာ ထွက်ပေါ်လာသည်။ လင်းမြတ်နှင့်ဖိုးချစ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မဲ့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နေသိပ်မကောင်းနေလို့ အနားယူတဲ့အနေနဲ့ ခဏနေခဲ့တာ"

"ဟင် ပြည့် နေမကောင်းဘူးလား ဘာဖြစ်တာလဲ"

"ဖျားပြီး ဗိုက်နည်းနည်းအောင့်တာပါ"

"ဟယ် ဟုတ်လား၊ သွန်း စိတ်ပူလိုက်တာ ပြည့်ရယ်၊ ဒါများ အဲဒီမှာ နေနေရလား။ ပြန်လာခဲ့ရောပေါ့ အန်တီလှိုင်ရော ပြည့် နေမကောင်းတာကို သိလားဟင်"

"အင်း သိတယ်၊ ဒါပေမဲ့ ငါ စိတ်မပူဖို့ ပြောထားပါတယ်၊ နင်လည်း ဘာမှမပူနဲ့၊ ငါ အလတ်ကြီးရှိသေးတယ်"

"အို မပူလို့ရမလားလို့ ဒါပဲနော် ပြည့် မြန်မြန်နေကောင်းအောင်လုပ်၊ လင်းမြတ်နဲ့ဖိုးချစ်ကရော သူတို့နှစ်ယောက်ရှိရဲ့သားနဲ့ ပြည့် ဒီလို နေမကောင်းဖြစ်ရောလားလို့"

အပြစ်ပြောနေသော သွန်း၏စကားကြောင့် လင်းမြတ်နှင့်ဖိုးချစ် တွတ်ပွတွတ်ပွဖြင့် မကျေမနပ်တွေ ဖြစ်ကုန်ကြ၏။ အဲဒါကြောင့် သွန်းနဒီ ဆိုတဲ့မိန်းမကိုကြည့်မရတာ။ မင်းပြည့်စုံ ရူပါမင်းသားဖြစ်နေ၍ ဆက်ဆံမှုက လိုတာထက်ပိုကာ ဖားသလို ယားသလို ပုံစံမျိုး သိသာလွန်းနေ၏

သူမအမြင်မှာ လင်းမြတ်နှင့်ဖိုးချစ်ကို မင်းပြည့်စုံ၏သူငယ်ချင်းတွေလို့ မမြင်။ ကျေးကျွန်တွေလို့ ဆက်ဆံကာ ဘယ်သောအခါမှ





ကောင်းမွန်ပြော။ အမြဲတမ်း မောက်မာ၏။

"ငါ နေမကောင်းတာနဲ့ သူတို့နဲ့ဘာဆိုင်လဲဟာ၊ သူတို့က ငါ့ ငယ်ချင်းတွေပဲ၊ ဆရာဝန်တွေမှ မဟုတ်တာ"

"အို ဘာပဲဖြစ်ဖြစ် စားတာသောက်တာ နေတာထိုင်တာ ကျန်း ရေးနဲ့ညီညွတ်အောင်တော့ ဘေးကနေ သတိလေးနဲ့ ထိန်းပေးရမှာပေါ့

"သောက်ကောင်မ ဒင်းကများ ငါတို့ကို လှမ်းပြီး အပြစ်တင် သေးတယ်၊ သူ့အကောင်က နောက်တစ်ယောက်ကို ချိတ်ချင်လို့ ကြံအဖန်ထုတ်ပြီး နေခဲ့တယ်ဆိုတာ မသိဘူး"

လင်းမြတ် ဒေါသဖြစ်ကာ သွန်းနဒီကို မကျေမနပ်ဖြင့် ပြော ၏။

"ဟေ့ကောင် တိုးတိုးပြောပါဟ၊ ဟိုဘက်က ကြားသွားပါဦး မကွာ၊ အလကားနေရင်း ပြဿနာ မရှာစမ်းပါနဲ့"

ဖိုးချစ် ပြဿနာဖြစ်မည်စိုး၍ ဝင်ဟန့်လိုက်သည်။

"ကြားကြားဟေ့ကောင် မင်းကျွတ်လား၊ ငါကတော့ ဒီသောက် ကောင်မ ငါနဲ့ထိပ်တိုက်မတွေ့သေးလို့ တွေ့လိုက်တော့ မှတ်လောက်သား လောက်အောင် ပညာပေးလိုက်မယ်"

"အံမယ် မင်းက ဘယ်လိုပညာပေးမှာလဲ၊ သူက မင်းအမြီး



www.burmeseclassic.com

www.burmeseclassic.com

နော်"

"ဒါများ လွယ်လွယ်လေး။ သူ့ကို နောက်မမောက်မာရဲအော

သူ့ပါးပေါက်ထွက်တဲ့အထိ ဖက်နမ်းပစ်လိုက်မှာပေါ့ကွာ ရှင်းရှင်းလေး

"ဩော် မင်း နာသွားဦးမယ် အဟား ခွီး ခွီး ခွီး"

ဖိုးချစ် အားရပါးရ ရယ်သည်။ သို့သော် အကျယ်ကြီးတော

မဟုတ်။ ခပ်ကြိတ်ကြိတ်လေး ရယ်ခြင်းဖြစ်သည်။ ထိုအချိန်ထိ သွန်

တို့ ဖုန်းထဲကနေ မင်းပြည့်စုံကို ချွဲလို့ကောင်းနေဆဲ။

"ကဲ သွန်းရေ ငါ ဆေးသောက်ချိန်ရောက်နေလို့ နှင့်တေ

ကိုမှာ မမျှောနိုင်တော့ဘူး၊ ဒါပဲနော် ဝွတ်နိုက်"

မင်းပြည့် စကားစကို မနည်းဖြတ်လိုက်ပြီး ဖုန်းပိတ်လိုက်သည်

"ဟူး တော်တော် စကားပြောနိုင်တဲ့ဟာလေး"

မင်းပြည့်စုံ ဖုန်းကို ဖိုးချစ်အား လှမ်းပေးပြီး ခုတင်ထက်သို

ဝုန်းခနဲ မှောက်ခုံလှဲအိပ်လိုက်သည်။

"မင်း သူ့ကို ဘယ်လိုခွာထုတ်မလဲ မင်းပြည့်"

"ခွာထုတ်ရအောင် သူနဲ့ငါနဲ့ ကပ်နေတာမှ မဟုတ်တာ ထ

မြတ်ရာ၊ ငါက ဘာကြောင့်ခွာရမှာလဲ၊ သူနဲ့ငါ့ကြားမှာ ဘာအက

မရှိဘူး။ လုပ်ဖော်ကိုင်ဖက်ဆိုတဲ့ ဘော်ဒါကန္တပဲ ရှိတယ်"

"မင်းဘက်ကတော့ ဘော်ဒါကန္တပေမယ့် သူ့ဘက်က မင်း





အပိုင်ဖမ်းချင်နေတာလေ"

"အဲဒါတွေ ငါ စိတ်မဝင်စားဘူး၊ အချိန်တန် ငါနဲ့မြသဏ္ဍာန်

ချစ်သူဖြစ်သွားကြည့် သူ့အလိုလို ငါ့နားကနေ ခွာသွားလိမ့်မယ်"

"ကဲ အိပ်တော့မယ်ကွာ၊ မင်းတို့လည်း အိပ်ကြတော့၊ အိပ်မက်

ထဲမှာ မြသဏ္ဍာန်နဲ့ငါနဲ့ ချစ်သူတွေအဖြစ် ဆုံရဦးမယ်၊ မင်းတို့နဲ့ လေပန်း

နေလို့ အကျိုးမရှိဘူး၊ လစ်တော့ လစ်တော့"

မင်းပြည့်စုံ လင်းမြတ်နှင့်ဖိုးချစ်ကို အတင်းပြန်လွှတ်နေလေ

၏။

မနက်ဖြန် မြသဏ္ဍာန်နှင့်တွေ့မည့်အချိန် တဒင်္ဂလေးအတွက်

ကြိုပြီးရင်ခုန်ရဦးမည်။

မင်းအချစ်ကို ရဖို့ ကြိုးစားရတဲ့အချိန်က ကိုယ့်အတွက် အရမ်း

နည်းလွန်းတယ် မြသဏ္ဍာန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ပန်းချီသင်ပေးမည့် ဆရာမနှင့် ပန်းချီပညာသင်ယူမည့် တပည့် အကြည့်ချင်းဆုံသောအခါ ရင်တွင်းကိုယ်စီမှာ ဝိုင်တစ်ခွက်သောက်လိုက်ရသလို ရှိန်းတိန်းဖိန်းတိန်းနှင့် အရာရာကို သတိမေ့ပြီး ကမ္ဘာသစ်ကလေးတစ်ခုထဲကို ရောက်နေသလို ခံစားရ၏။

မင်းပြည့်စုံ ထိုတဒင်္ဂလေးတွေကို ထာဝရ မကုန်ဆုံးစေချင်။

"သဏ္ဍာန် ဘာငိုင်နေတာလဲ၊ ကိုယ့်ကို ပန်းချီရေးနည်း သင်ပေးတော့လေ"

စားပွဲခုံတစ်ဖက်တစ်ချက်စီမှာ မျက်နှာချင်းဆိုင် ထိုင်နေသော တိတ်ဆိတ်မှုကို မင်းပြည့်စုံက စတင်ဖြိုခွင်းလိုက်သည်။ ပုံဆွဲစာအုပ်ကြီးနှင့် ပုံဆွဲခဲတံ ရှေ့ချပြီး သင်ခန်းစာတစ်ခုကို အသင့်လိုက်မှတ်ရန်





ဆင်သင့်ဖြစ်နေသော မင်းပြည့်စုံ မြသဏ္ဍာန်၏ စိမ်းသက်သော ကြည့်တချို့နှင့် အေးစက်သော အမူအရာကို အားမလိုအားမရ ကြည့်း ကိုယ့်ကိုယ်ကိုယ် ရုပါမင်းသား တင်လက်ရော ဟုတ်သေးရဲ့လားဟု သယဝင်မိ၏။

ရန်ကုန်မှာဆိုလျှင် မင်းပြည့်စုံ လာပြီဆိုတဲ့အသံကြားတာနှင့် ်းကလေးကြီးငယ်အရွယ်အလတ် အားလုံး သည်းသည်းလှုပ်ကာ မင်းည့်စုံကို လက်ကလေးပဲကိုင်ရကိုင်ရ အမှတ်တရလက်မှတ်ကလေးပဲ အားလုံးက မင်းပြည့်စုံကို အရှူးအမူး စွဲလမ်းကြသည်။ ရူးသွပ်ကြည်။ တန်ဖိုးထားကြသည်။

ဘချို့က မင်းပြည့်စုံ၏အနုပညာကို ချစ်သလို တချို့က မင်းည့်စုံ၏ယောက်ျားပီသချောမောခန့်ညားသော ရုပ်ရည်ကို နှစ်သက်တ်နိုးကြသည်။ မင်းပြည့်စုံကသာ တစ်ချက်ကလေး အရေးပေးကြည့်င့်အရေးတွေ ပုံးပေါ်လာအောင် ပေးချင်လွန်းနေသည့် မိန်းကလေးတွေက်ဆိတ်အုံသလို အုံခဲလာကြလိမ့်မည်။

ယခု ကိုယ့်ရှေ့မှာ မထုံတက်တေး အမူအရာနှင့်ရှိနေသော သဏ္ဍာန်ကျတော့ ထိုသို့ မိန်းကလေးမဟုတ်။ မင်းပြည့်စုံအား စိတ်ဝင်မပြ။ စူးရှုလင်းလက်သော သူမအကြည့်တွေထဲမှာ မင်းပြည့်စုံကို ပေသော အရိပ်အယောင် ရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



မင်းပြည့်စုံကလည်း လူတစ်မျိုး။ ကိုယ့်ကို တမ်းတမ်းစွဲ လိုက်
ကပ်နေသော မိန်းကလေးတွေကို စိတ်ဝင်စားဖို့ ထိုမိန်းကလေးတွေထဲ
ကိုယ့်စိတ်ကြိုက် ဘဝလက်တွဲဖော်ရွေးချယ်ဖို့ အိပ်မက်တောင် ထည့်
မမက်။ ထိုသို့သော မိန်းကလေးတွေကိုလည်း အထင်မကြီးတတ်။

ယခု မြသဏ္ဍာန်ကိုကျတော့ မင်းပြည့်စုံ မြင်မြင်ချင်း စိတ်ထ
စားသွား၏။ အမြဲတမ်း ငြိမ်သက်ခဲ့သည့် ရင်ခုန်သံတို့သည် မြသဏ္ဍာ
နှင့်တွေ့တော့ ဂနာမငြိမ်တော့။ တခြားမိန်းကလေးတွေရှေ့မှာ ရုပ်မ
သား မင်းပြည့်စုံဆိုတဲ့ ဂုဏ်ဒြပ်နှင့် ထည်ဝါခဲ့သလောက် မြသဏ္ဍာ
ရှေ့မှာကျတော့ ကိုယ့်ဂုဏ်သိက္ခာသည် မြူတစ်မှုန်စာလောက်တော
တန်ကြေးမရှိတော့သလို သေးနုပ်သိမ်ငယ်သွားရ၏။

သို့သော် မင်းပြည့်စုံ ကျေနပ်သည်။ မြသဏ္ဍာန်နှင့်တွေ့တို
ရင်ထဲမှာ နှစ်နှစ်ကာကာ ခံစားမိသည့် ရသလေးကို မြတ်နိုးသည်။

''အဟမ်း' အဟမ်း''

အသားမကျသော ဆရာနှင့်တပည့် အနေအထားလေး
ချောင်းဟန့်သံလေးဖြင့် အသက်သွင်းကာ

''ကဲ အရင်ဆုံး ခဲတံနဲ့လိုင်းတွေကို ဆွဲရမယ်၊ ဖြောင့်တန်းနေ
မျဉ်းတစ်ကြောင်း ရတဲ့အထိပေါ့''

''ဟင် မျဉ်းကြောင်းတွေချည်းပဲ ဆွဲရမှာလား''





''ဟုတ်တယ်လေ ခဲတံကိုင်တဲ့နေရာမှာ ကိုယ်ဆွဲလိုက်တဲ့မျဉ်း
ကြောင်းရဲ့ လားရာဘက်မှာ ကိုးဆယ်ဒီဂရီ ထောင့်မှန်အတိုင်းရှိနေရ
။ ပန်းချီရဲ့အခြေခံက မျဉ်းကြောင်းပဲ၊ ပန်းချီကားတစ်ကား လှပံ့
ပုံ ဖန်တီးတဲ့နေရာမှာ မျဉ်းကွေး၊ မျဉ်းကောက်တွေနဲ့ စုစည်းဖန်တီး
းတာလေ၊ ဟောဒီမှာ ကျွန်တော် ဆွဲပြမယ်''

မြသဏ္ဍာန် မင်းပြည့်စုံ ရှေ့မှ ပုံဆွဲစာအုပ်နှင့်ခဲတံကို လှမ်းယူ
ပထမဆုံးစာရွက်ဖြူဖြူပေါ်မှာ မျဉ်းဖြောင့်တစ်ကြောင်းကို တန်းနေ
င် ဆွဲပြလိုက်သည်။

ပေတံနှင့်ဆွဲထားသလားဟု ထင်ရလောက်အောင် မြသဏ္ဍာန်
လိုက်သော မျဉ်းက ဖြောင့်တန်းနေသည်။ နောက်တစ်ကြိမ် မျဉ်းမတ်
ကြောင်းကို ထပ်ဆွဲပြသည်။

''မင်း လက်မှန်း တကယ်တော်တာပဲ၊ မျဉ်းဖြောင့်တွေ မျဉ်း
တွေကို ပေတံအကူမပါဘဲ ရေးနိုင်တယ် ကြည့်စမ်း တကယ့်လက်
ဉ်သမားပဲ''

တအံ့တသြ ချီးမွမ်းနေသော မင်းပြည့်စုံကို မြသဏ္ဍာန် ဖျတ်ခနဲ
ကြည့်လိုက်ပြီး

''မျဉ်းဖြောင့်တွေ မျဉ်းမတ်တွေမှာ တိကျတဲ့အဓိပ္ပာယ်သတ်မှတ်
ချက်ရှိတယ်၊ သူတို့မှာ အားနည်းချက် အားသာချက်တွေရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



မင်းပြည့်စုံ မြသဏ္ဍာန်လို မျဉ်းဖြောင့်တစ်ကြောင်း လိုက်ချ ကြည့်သည်။ မျဉ်းက မြွေတစ်ကောင်လို ကောက်နေ၏။ ကိုယ်ဆွဲလိုက် သော မျဉ်းကြောင်းကိုကြည့်ပြီး သူငယ်နှပ်စားလေး တစ်ကောင်လို ရယ် ချင်သွားသည်။

"အဟား ကိုယ် တော်တော်ညံ့သေးတာပဲ၊ သူငယ်တန်းကလေး လေးဆွဲနိုင်းရင်တောင် ဒီမျဉ်းကြောင်းလောက်ကို ဖြောင့်အောင် ဆွဲချင် ဆွဲနိုင်ဦးမယ်"

"ခင်ဗျားလက်ရဲ့ ရစ်သန်မမှန်လို့ပါ၊ များများဆွဲပါများရင် ဖြောင့်သွားပါလိမ့်မယ်"

"မျဉ်းဖြောင့်တွေ မျဉ်းမတ်တွေက ဘယ်လိုအဓိပ္ပာယ်မျိုးတွေ ရှိလို့လဲ၊ ကိုယ့်အမြင် ပြောရရင်တော့ မျဉ်းကြောင်းကို မျဉ်းကြောင်းလို့ပဲ မြင်တယ်၊ မျဉ်းမတ်ကိုလည်း မျဉ်းမတ်လို့ပဲ မြင်တယ်"

"ဟုတ်မှာပါ ဒါက သာမန်မျက်စိနဲ့ကြည့်လို့ပါ၊ တကယ်တော့ မျဉ်းကြောင်းပဲဖြစ်ဖြစ် မျဉ်းမတ်ပဲဖြစ်ဖြစ် မျဉ်းစောင်းမျဉ်းကောက် မျဉ်း လဲပဲဖြစ်ဖြစ် သူတို့ဆီမှာ အဓိပ္ပာယ်တစ်မျိုးဆီ ရှိတယ်ဆိုတာ အနုပညာ မျက်စိနဲ့ပဲကြည့်လို့ မြင်နိုင်မယ်"

မြသဏ္ဍာန် ပုံဆွဲစက္ကူပေါ်မှာ မျဉ်းကွေး၊ မျဉ်းကောက်၊ မျဉ်းလဲ မျဉ်းခုံးတွေကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဖျတ်ခနဲ ဖျတ်ခနဲ ဆွဲချပြပြီး





ရှင်းပြသည်။

မင်းပြည့်စုံအမြင်မှာ သူမ ဆွဲလိုက်သော မျဉ်းကွေးမျဉ်းကောက် ... စုံတို့မှာ သူ့အဓိပ္ပာယ်နှင့်သူ စနစ်တကျ အသက်ဝင်လှုပ်ရှားနေ သည်ဟု ထင်မိ၏။

"ဒါဆို မျဉ်းဖြောင့်တစ်ကြောင်းရဲ့ အဓိပ္ပာယ်က ဘာလဲ"

"မျဉ်းဖြောင့်ဆိုတာ လျင်မြန်သွက်လက်မှုရှိတယ်၊ အားရှိပြီး ခိုင်မာတဲ့သဘောကို ဆောင်တယ်၊ မျဉ်းမတ်ကျတော့ ဖြောင့်မတ်တည် ကြည်ခန့်ညားပြီး ဂုဏ်သရေရှိတဲ့သဘောကို ဆောင်တယ်၊ အဲ မျဉ်းလဲ ကိုတော့ ငြိမ်သက်လဲလျောင်း လွမ်းမောဖွယ်ရာဖြစ်ခြင်းလို့ တင်စားလို့ ရသလို စကျွမြင်ကွင်းကို အပြတ်အလတ်မရှိ ရွေ့လျားနိုင်တဲ့ သဘော လို့လည်း မှတ်လို့ရတယ်"

ခုမှပင် မျဉ်းကြောင်းတွေ၏သဘောတရားကို မင်းပြည့်စုံ ကောင်းကောင်း သဘောပေါက်စပြုလာ၏။

"မျဉ်းကွေး၊ မျဉ်းကောက်နဲ့ မျဉ်းခုံး မျဉ်းခွက်တွေကိုရော ဘယ် လို အဓိပ္ပာယ်နဲ့ ဖွင့်ဆိုမလဲ"

မင်းပြည့်စုံ အမှန်ပင် စိတ်ဝင်စားစွာ မေးလိုက်ခြင်း ဖြစ်သည်။ သူ့အနေနှင့် ပန်းချီပညာကို စိတ်ဝင်စားပေမယ့် ပန်းချီကားတွေကို မြတ်နိုးခုံမင်တတ်ပေမယ့် ပန်းချီ၏အခြေခံသဘောတရားတွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ မသိနားမလည်။

"မျဉ်းစောင်း မျဉ်းကောက်ဆိုတာက အင်း အရင်ဆုံး မျဉ်းစောင်းကိုပြောမယ်၊ မျဉ်းစောင်းဆိုတာက တစ်နည်းအားဖြင့် ယိုင်နဲ့ခြင်းသဘောပေါ့၊ လှုပ်ရှားဆွဲငင်တွန်းကန်ပေါက်ကွဲတတ်ပြီး ခုန်ပျံခြင်းလို့လည်း ထင်မြင်ချက်ပေးလို့ရတယ်"

"နောက်ပြီး မျဉ်းကောက်ကျတော့ ငြိမ့်ညောင်းသာယာခြင်း၊ ပျင်းရိငြီးငွေ့ လေးကန်နှေးကွေးထိုင်းမှိုင်းတတ်တဲ့ သဘောတွေကို ဖော်ဆောင်တယ်၊ မျဉ်းခုံးမျဉ်းခွက်ကျတော့ မျဉ်းခုံးဆိုရင် အမြင့်သဘောဆောင်တယ်၊ ခန့်ညားထည်ဝါတယ်၊ ဥပမာ ဂုံးကျော့တံတားတွေလိုပေါ့၊ မျဉ်းခွက်ကျတော့ ခန့်မှန်းရတာ ပိုလွယ်ပါတယ်၊ အနက်သဘောကို ဆောင်တယ်၊ လှုပ်ရှားသွက်လက်မှုရှိတယ်၊ မျဉ်းခုံးနဲ့မျဉ်းခွက်ကို ပေါင်းစပ်ကြည့်လိုက်ရင် ဂုဏ်သရေရှိတဲ့ အလှအပတွေကို ဖွဲ့စည်းလို့ရတယ်၊ ပန်းချီဆန်တဲ့ မျဉ်းကြောင်းတွေကို ရရှိမယ်၊ ပန်းချီကားတစ်ကားအဖြစ် ပုံဖော်ရင်တောင် စိတ်ဝင်စားစရာကောင်းပြီး ပန်းချီကားကို တရွေ့ရွေ့ ဦးဆောင်ခေါ်သွားနိုင်တယ်၊ နောက်ပြီး အဆုံးအစမရှိ လည်ပတ်နိုင်တဲ့ သဘောပေါ့"

"ဟာ အိုကေ ဖြေရှင်းချက်တွေက အရမ်းဒဿန ဆန်တယ်၊ ခုမှပဲ မျဉ်းကြောင်းလေးတွေကို အဓိပ္ပာယ်ပါတဲ့ အကြည့်နဲ့ ကြည့်တတ်





ားတော့တယ်"

"ဒါဆိုရင် ခင်ဗျားမျဉ်းကြောင်းတွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရုပ်ဖော်ကြည့်လေ"

"အိုကေ ကိုယ်ဆွဲကြည့်လိုက်မယ်၊ စိတ်ဝင်စားစရာကောင်းမှာ

မင်းပြည့်စုံ ကကြီးခခွေး ရေးတတ်ကာစ ကလေးငယ်တစ်ယောက်လို မျဉ်းကြောင်းတွေကို ပုံဆွဲစက္ကူပေါ်မှာ တဖျင်းဖျင်းနှင့်ရေးဆွဲသတော့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟာ မင်းပြည့် မအိပ်သေးဘဲ ဘာလုပ်နေတာလဲ"

လင်းမြတ် အမေးကြောင့် စာရေးစားပွဲပေါ်ထိုင်ပြီး မျဉ်းဖြောင့် မျဉ်းကောက်တွေ ဆွဲနေသော မင်းပြည့်စုံ လင်းမြတ်ကို မော့ကြည့်သည်။

"ဒီမှာ မမြင်ဘူးလား၊ မျဉ်းဖြောင့်တွေဆွဲနေတာလေ"

လင်းမြတ် မင်းပြည့်စုံ ဆွဲနေသော မျဉ်းဖြောင့်တွေ မျဉ်းကောက်တွေကို အထူးအဆန်းသဖွယ် ငုံ့ကြည့်သည်။

"မင်းပြောတော့ ပန်းချီသင်မလို့ဆို၊ အခု ဘာလို့ မျဉ်းကြောင်းတွေ ဆွဲနေတာလဲ"

"အေးလေ ဒါ ပန်းချီသင်နေတာလေ"

မင်းပြည့်စုံ စကားကြောင့် လင်းမြတ် စိတ်ပျက်လက်ပျက်



...ခေါင်းခါသည်။

"အင်းပေါ့လေ မင်းက အချိန်တွေ တအားပိုနေတယ်ဆိုတော့ ...သဘောပေါ့"

"ဟော့ကောင် ဘုမသိ ဘမသိပြောပြန်ပြီ၊ မြသဏ္ဌာန်က ခု ...မှာ ငါ့ကို ပန်းချီသင်နေတဲ့ဆရာမ၊ ဒီတော့ သူ့သဘောအတိုင်း သူ ...င်တာ နားထောင်၊ သူက ဒီလိုရေးဆိုရေးလိုက်ရုံပဲ"

"မင်းက သူနဲ့နီးစပ်ချင်ရုံသက်သက် ပန်းချီသင်တာ မဟုတ် ...။ ဒါဆိုရင် ဟိုတယ်ပြန်ရောက်တာနဲ့ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ် ...် အနားယူပေါ့၊ ဘာလို့ မူလတန်းကျောင်းသားအိမ်စာလုပ်သလို ...ကုတ်ကုတ် လုပ်နေရတာလဲ၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး ...ပေါ့"

မင်းပြည့်စုံ စားပွဲခုံပေါ်သို့ ခဲတံကို ဒေါက်ခနဲ ချလိုက်ကာ ...ခုံးနှစ်ဖက်တွန့်ရှုံ့လိုက်ပြီး

"ငါ အဲဒီလို လုပ်ရင် မြသဏ္ဌာန်ရဲ့ပညာနဲ့ အချိန်တွေကို ...လေးမထားရာ ရောက်မှာပေါ့ကွ၊ နောက်ပြီး ငါကိုယ်တိုင်ကလည်း ...ဆွဲရတာကို စိတ်ဝင်စားတယ်၊ ဒါကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် ...ကိုဖန်လိုက်တာ"

"အင်းလေ မင်းအတွက် အကျိုးသက်ရောက်မှု တုံ့ပြန်...ား

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်ဆိုရင်တော့ မင်းသဘောအတိုင်းပဲပေါ့၊ ငါက ခုလို အမုန်းခံပြီး ဝင်ပြောနေရတာ မင်းအတွက်ပါ၊ နောက်ပြီး ဒီကိစ္စသာ အန်တီလှိုင်သိရင် မင်း ခုချက်ချင်းတောင် ရန်ကုန်ကို ပြန်သွားရနိုင်တယ်၊ အဲဒီကျရင် မင်း ခံစားရမှာကို ငါ မလိုလားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက မင်းရဲ့သူငယ်ချင်းဖြစ်နေလို့ပဲ''

လင်းမြတ် ပြောနေတာတွေဟာ ကိုယ့်အတွက်ဆိုတာ သိပေမယ့်လည်း ရင်ထဲက သူ့အလိုလို ပေါက်ဖွားလာသည့် ချစ်ခြင်းတွေကိုတော့ ဘယ်လိုမှ ဖိသိပ်ချုပ်နှောင်ထား၍မရနိုင်။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမိပါသည်။

''ညခုနစ်နာရီလောက်က သွန်းနဒီ ဖုန်းဆက်တယ်၊ မင်းရဲ့ ဖုန်းပိတ်ထားလို့တဲ့ ငါ့ဖုန်းကို လှမ်းခေါ်တယ်''

BURMESE CLASSIC .com

''မင်း ဘယ်လိုပြောလိုက်လဲ''

''အိပ်ပျော်နေလို့ဆိုပြီး ညာလိုက်တယ်၊ မင်းနေမကောင်းတကယ်ဖြစ်တယ်ထင်ပြီး သူတော်တော် စိုးရိမ်နေပုံရတယ်''

''ကျစ် ထားလိုက်ပါကွာ၊ ဒါ သူ့စတိုင်ပဲဟာ''

''သူ့စတိုင်မလုပ်နဲ့၊ သူ ရိုက်လက်စ ဒီဗီဒီကားပြီးတာနဲ့ မန္တလေးကို ဆင်းလာခဲ့မယ်တဲ့''

''ဟာ ဘာဇယားလာရှုပ်ဦးမလို့လဲ၊ မင်းက အပြတ်ပြောလိုက်





တာ မဟုတ်ဘူးကွာ၊ ငါတောင် လူမသိသူမသိ နေနေရတာ၊ သူသာလာရင် မန္တလေးတစ်မြို့လုံး သိကုန်တော့မှာပဲ''

မင်းပြည့်စုံ စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားလိုက်သည်။

''မင်းပြောသလိုပေါ့၊ ဒါလည်း သူ့စတိုင်ပဲလေ၊ ဒီတော့ မင်းလုပ်ရမယ့်အပိုင်းက မင်းနဲ့မြသဏ္ဌာန် အမြန်ဆုံး ချစ်သူတွေဖြစ်ကြဖို့ပဲ''

''မြသဏ္ဌာန်က သွန်းနဒီလို မိန်းကလေးမဟုတ်တဲ့အတွက် သူ့ဆီက အချစ်ရဖို့က အတော်လေး ခက်လိမ့်မယ်ကွ''

''အဲဒါဆိုလည်း မင်းမှာအချိန်မှမရှိတာ၊ လက်ရှောင်လိုက်ပေါ့ကွာ၊ ရောဂါနတုံးဖြတ်ရင် မင်းအများကြီး မခံစားရဘူးပေါ့၊ ဒီလိုမှမဟုတ်ရင် နေမြင့်လေ အရှုးရင့်လေ ဖြစ်လိမ့်မယ်''

လင်းမြတ်ပြောသလို နောက်ဆုတ် လက်ရှောင်ဖို့ဆိုတာတော့ မင်းပြည့်စုံအတွက် ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပေ။

ဘဝတစ်သက်တာမှာ တစ်ခါဖူးမျှ မခံစားဖူးသော ခံစားချက်ရင့်ရင့်တွေနှင့်ကို မြသဏ္ဌာန်ပေါ်မှာ ချစ်ခင်စုံမက်သွားမိတာ။

မျက်ဝန်းဝိုင်းဝိုင်းလေးနှင့် ပင့်ပင့်ကြည့်သော သူမ၏မထီမဲ့မြင်အမူအရာနှင့် တည်တင်းပိရိလွန်းသော နှုတ်ခမ်းဖူးဖူးလေးတစ်စုံ၊ အရာရာဟာ အလှအပတွေချည်းပဲဟု မဆိုနိုင်ပေမယ့် မင်းပြည့်စုံအတွက် ထူးခြားမက်မပြေသော အလှအပ ကဗျာလေးတစ်ပုဒ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



နေမြင့်လို့ အရှုရင့်ရုံမကလို့ သွက်သွက်ခါအောင် ရူးသွားသည် ရှူပါစေ။ ကိုယ့်စိတ်အစဉ်ကိုက သူမဏ်စိမ်းတောက်သော ဆက်ဆံရေး မှာ သတိလက်လွှတ် မျှောပါချင်မိသူပါ။

“ငါ မြသဏ္ဍာန်ကို အရမ်းချစ်သွားမိတာကို ဘာနဲ့ထိန်းချုပ် ရမလဲ လင်းမြတ်၊ ဘယ်လိုအရာမျိုးကမှလာပြီး မထိန်းချုပ်နိုင်ပါဘူးကွာ”

“အေးလေ ငါလည်း မင်းကို ကိုယ်ချစ်တဲ့သူနဲ့ပဲ ပေါင်းဖက် ချင်ပါတယ်”

လင်းမြတ် မင်းပြည့်စုံမျက်နှာပေါ်မှ ချစ်ခြင်း၏အငွေ့အသက် တွေကို ဖတ်မိသွားပြီး သူငယ်ချင်းဖြစ်သူကို ကြဖန်ပြီး အားပေးလိုက် သည်။

“ဒါပေမဲ့ ခုဖြစ်ပေါ်နေတဲ့ အချစ်ဆိုတဲ့ ခံစားမှုကြီးက အစ ဖြစ်ဖို့ပဲလိုတယ်”

“လုံးဝ စစ်တယ် လင်းမြတ်၊ ငါ မြသဏ္ဍာန်ကို အရမ်းချစ်တာ ကျိန်းသေတယ်၊ ဘဝတစ်သက်စာကို ချစ်တာ”

■ ■ ■

## အခန်း (၁၉)

“ပစ္စည်းတွေ ဒီလောက်အများကြီး ဘာလို့ ဝယ်လာရတာလဲ မင်းသားရယ်”

အိုဗာတင်း၊ မုန့်ပုံ၊ နို့မှုန့် စသော စားသောက်စရာ အဖိုးတန် ပစ္စည်းမျိုးစုံကို လက်ကိုင်ကြိမ်ခြင်း အဝိုင်းကြီးဖြင့် သေသပ်ကျနစွာ ထည့်ပြီး ထုပ်ပိုးထားသော ကန်တော့ခံခြင်းကိုကြည့်ပြီး ဦးရန်နိုင် အားတုံ့ အားနာဖြင့် ဆိုလိုက်၏။

“နောက်ကို ဝယ်မလာပါနဲ့ မင်းသား၊ ကျွန်တော်တို့အဆင့် ကျွန်တော်တို့အခြေအနေက မင်းသားပေးတဲ့ လက်ဆောင်တွေကို လက်ခံ သောက်တဲ့ အခြေအနေ မဟုတ်ပါဘူး”

မြသဏ္ဍာန် မျက်နှာခပ်တည်တည်ဖြင့် လက်ဆောင်ယူလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ကို မနှစ်မြို့ဟန်ဖြင့် ပြော၏။

"လက်ဆောင်ဆိုတာထက် အနက်ကဲ့ကို ဓာတ်စာဝယ်ပေး

သဘောပါ၊ နောက်ပြီး ကိုယ့်အတွက် ဒီလောက်ကလေးက ဘာမှမ

ပလောက်ပါဘူး။ ယူလိုက်ပါ မြသဏ္ဍာန်၊ အနက်ကယ်လည်း ကျွန်တေ

စေတနာကို အသိအမှတ်ပြုတယ်ဆိုရင် မငြင်းပါနဲ့ အနက်ကယ်၊ ကျေ

ပြုပြီး ဒီကြိမ်ခြင်းကို လက်ခံပေးပါ"

"ဦးလေးတို့က မင်းသားရဲ့စေတနာကို လက်မခံချင်လို့ ငြ

တာ မဟုတ်ပါဘူးကွယ်၊ လက်မခံဝံ့တာပါ"

"ဘာလို့ လက်မခံဝံ့ရမှာလဲ အနက်ကယ်ရာ၊ လူလူချင်းပဲ ဘာ

ခွဲခြားဆက်ဆံဖို့ လိုသေးလို့လဲ၊ နောက်ပြီး ကျွန်တော့်ကို မင်းသားဆို

အသုံးအနှုန်းကြီး မသုံးနှုန်းပါနဲ့၊ ရင်းရင်းနှီးနှီး မင်းပြည့်စုံလို့ပဲ ခေါ်

"နှုတ်ကျိုးနေလို့ပါ မင်းသားရယ်၊ ကဲ ကဲ မင်းသားယ

သင်ရဦးမယ် သင် သင် ဦးလေးလည်း အခန်းထဲ ဝင်ပြီး တရား

ထိုင်လိုက်ဦးမယ်ကွယ်"

ဦးရန်နိုင် ထိုင်ရာမှ လေးပင်စွာထကာ အခန်းထဲသို့ တ

ရွေ့ဝင်သွား၏။ မင်းပြည့်စုံ ဧည့်ခန်းထဲတွင် နှစ်ယောက်တည်း ကျ

သော အခြေအနေလေးကို ကျေနပ်သွားပြီး မြသဏ္ဍာန် ထိုင်နေ

နေရာနားသို့ ဆတ်ခနဲ တိုးထိုင်လိုက်သည်။



မြသဏ္ဍာန်၏ကိုယ်လေးတွန့်ခနဲ ဖြစ်သွားပြီး မင်းပြည့်စုံကို အလန့်တကြား မော့ကြည့်ပြီး

"အို ဒါ ဘာသဘောလဲ"

"ကိုယ် မြသဏ္ဍာန်ကို ပြောစရာရှိတယ်"

မင်းပြည့်စုံ ရုတ်တရက် ပေါ်ထွက်လာသော အကြံကို အချိန်ဆွဲမနေဘဲ ချစ်ရေးဆိုဖို့ တစ်ခါတည်း ဆုံးဖြတ်လိုက်ပြီး

"ပြောစရာရှိလည်း ဟိုဘက်ခုံကနေ ပြောလို့ရတာပဲ၊ ဘာလို့ ဒီဘက်ကို အတင်းတိုးကပ်ထိုင်ရတာလဲ"

"ချစ်တဲ့အကြောင်းပြောဖို့အတွက် နှစ်ကိုယ်ကြားလေသံ သုံးဖို့ လိုတယ်လေ"

ရုတ်တရက် ကြားလိုက်ရသော စကားလုံးတွေက မြသဏ္ဍာန် ၏ရင်ကို ထိတ်ခနဲ အခုန်မြန်သွားစေလျက်

"ဘယ်လို ခင်ဗျားက ကျွန်တော့်ကို ချစ်တဲ့အကြောင်းပြောမလို့ ဟုတ်လား"

ဒေါသသံမပါသော အံ့ဩတုန်လှုပ်ခြင်းတွေကြောင့် လည် ချောင်းဝမှ ထွက်ပေါ်လာသော စကားသံတို့သည်ပင် တုန်ယင်မောဟိုက် လျက် သံစဉ် သိပ်မမှန်ချင်။

ယခု ရင်ဆိုင်နေရသော ပစ္စုပ္ပန်သည် အိပ်မက်လား တကယ်

www.burmeseclassic.com

www.burmeseclassic.com



လားဟုပင် သံသယဝင်ကာ မော်အတတ်ဖြင့် ပြုစားခြင်းခံလိုက်ရသည့် လူကို မူးမိုက်သွားစေ၏။

"ကိုယ် မင်းကိုချစ်တယ် မြသဏ္ဌာန်၊ ကိုယ့်ကို မင်း ချစ်သူ အဖြစ် လက်ခံပေးပါ"

"ခင် ခင်ဗျား ဒါ နောက်စရာမဟုတ်ဘူးနော်၊ ကျွန်တော့်ကို အပေါစားမိန်းမများ ထင်နေလား"

စိတ်လှုပ်ရှားလွန်းသောအသံဖြင့် မတုန်အောင် သတိထားပြီး ထိန်းပြောလိုက်သည်။ အမှန်တော့ မြသဏ္ဌာန် မယုံရဲခြင်းဖြစ်သည်။

ကိုယ့်လိုအညတရ မိန်းကလေးတစ်ယောက်ကို ပြည့်စုံခြင်းတွေနှင့် ထိပ်တန်းရောက်နေသည့် ယောကျ်ားတစ်ယောက်က ချစ်ရေးဆိုသတဲ့ သူများကြားလျှင် ဒါဟာ ဟာသဇာတ်ကွက်တစ်ပုဒ်တောင် ဖြစ်သွားမလား ဘဲ။

ဟင့်အင်း ဒါဟာ အပျော်တမ်းပဲဖြစ်မှာပါ။ ဘယ်သူက မြသဏ္ဌာန်လို မိန်းကလေးမျိုးနဲ့ မင်းသားကို သဘောတူကြမှာလဲ။ မင်းသား မိဘကရော သူတို့သားနဲ့မြသဏ္ဌာန်ကို သဘောတူမှာတဲ့လား။

မသာယာမိစေနဲ့ လုံးဝ စိတ်ဓာတ်တွေ ယိမ်းယိုင်မသွားမိစေနဲ့

ကိုယ့်ကိုယ်ကိုယ် သတိတွေ အထပ်ထပ်ပေးပြီး နူးညံ့သယောင် ယောင် ဖြစ်လာသည့် စိတ်အစဉ်ကို မာနတွေက သတိပေးတားမြစ်၏



"မင်းဟာ အပေါစားမိန်းမ မဟုတ်လို့ ကိုယ်ချစ်မိသွားတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရာဇဝင်မှာ မင်းပြည့်စုံဆိုတဲ့ကောင်က ခပ်ညံ့ ညံ့ မိန်းမတွေကို စိတ်မဝင်စားတတ်လို့ပဲ"

"အို ဟင့်အင်း မယုံဘူး။ လုံးဝမဖြစ်နိုင်ဘူး၊ ခင်ဗျားဘေးမှာ သိပ်တော်ပြီး သိပ်အထက်တန်းကျတဲ့ မိန်းမတွေ မှိုလိုပေါက်နေမှတော့ ကျွန်တော့်လို အောက်ကြမ်းခင်းက မိန်းမက ခင်ဗျားချစ်သူဖြစ်ထိုက်ပါ့ မလား။ တော်ပါတော့ ဆက်ပြီးမပြောပါနဲ့တော့ ခင်ဗျား ပြန်ပါတော့"

ရှက်ရွံ့ထူပူစိတ်တွေဖြစ်ကာ မင်းပြည့်စုံကို အတင်းတွန်းလွှတ် ၏

BURMESE CLASSIC .com

"ကိုယ့်ကို မနှင်လွှတ်ပါနဲ့ သဏ္ဌာန်၊ ကိုယ် မင်းကို ချစ်လို့ ရလို မင်းနဲ့နီးစပ်အောင် အမျိုးမျိုးသောအကြံဉာဏ်တွေထုတ်ပြီး မင်း အနားမှာ နေ့ခင်းရနေတာပါ"

မင်းပြည့်စုံ တွန်းလွှတ်နေသော မြသဏ္ဌာန်၏လက်အစုံကို ဆုပ် ကိုင်ကာ ခန္ဓာကိုယ်အိအိထွေးထွေးလေးကို သူ့ရင်ခွင်ကျယ်ကြီးထဲ တိုး ဝက်လိုက်သည်။

မြသဏ္ဌာန်၏အစဉ်အမြဲ ရဲ့နေသော မျက်နှာလေးမှာ ရှက်စိတ် ကြောင့် နီရွေးသွားကာ

"အို လွှတ်ပါ အဲဒီလို မလုပ်ပါနဲ့၊ ကျွန်တော် ခင်ဗျားကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးလိုက်မှာနော်''

''မလွှတ်ဘူး။ ကိုယ် မင်းကို အရမ်းချစ်တယ်၊ မင်းကိုယ့်အ

ကို ပြန်လက်ခံပေး၊ အဲဒါဆိုရင် ကိုယ်မင်းကို လွှတ်မယ်၊ ပြီးရင် မင်း

ကိုယ်တို့ရဲ့ ရှေ့ရေးကို အသေးစိတ် တိုင်ပင်ကြမယ်''

''ဒီမှာ လာပြီး ရှူးမနေနဲ့၊ ကျွန်တော် အောက်ကြမ်းခင်း

မိန်းမမို့ ခင်ဗျား ကျွန်တော့်ကို ခုလိုမျိုး ဆက်ဆံနေတာ ကျွန်တော်

သိတယ်၊ ခင်ဗျားရင်ထဲမှာ အချစ်ဆိုတာ ရှိတောင်ရှိမှာ မဟုတ်ဘူး''

''ကိုယ့်ကို အဲလောက်ထိ အထင်မသေးပါနဲ့၊ ကိုယ် မင်း

တကယ်ချစ်တာပါ၊ မင်းယုံအောင် ကိုယ် ဘာနဲ့သက်သေပြရမလဲ ပြော''

မင်းပြည့်စုံ မြသဏ္ဍာန်၏ကိုယ်လုံး အိအိထွေးထွေးလေး

မလွှတ်တမ်း ဖက်တွယ်ကာ ရင်ထဲက စစ်မှန်သော မေတ္တာတရားတွေ

အငမ်းမရ ဖွင့်ဟဝန်ခံ၏။

ထို့နောက် မျက်နှာချင်းကပ်လုနီးနေသော အနေအထား

ထဲမှ ရုန်းမထွက်ဘဲ မြသဏ္ဍာန်၏မျက်နှာအနှံ့ကို စိတ်ရှိသည့်အတိုင်း

တရစပ် နမ်းရှိုက်လိုက်လေ၏။

''အို ခင်ဗျား သိပ်ယုတ်မာတယ်''

''အား''

မြသဏ္ဍာန် မင်းပြည့်စုံ၏လက်မောင်းကို တအားကိုက်လိုက်





သသည်။

ထိုညသည် ရင်ခုန်ကြည်နူးစရာကောင်းမလိုလိုနှင့် အနည်းငယ်

ကျည်းကန်သော ညတစ်ည ဖြစ်ခဲ့လေ၏။

အချစ်တွေဟာ သစ္စာတရားနှင့်အတူ အမှန်တကယ် ရိုးသား

တာပါလို့ မြသဏ္ဍာန် ယုံအောင် ဘယ်လို သက်သေပြရမလဲ။

ကိုယ့်အချစ် အမှန်တကယ် စစ်မှန်တယ်ဆိုတာ မင်းသိလာတဲ့

တစ်နေ့ ဒီနေ့လို နာကျင်အောင် လုပ်မိတဲ့ မင်းရဲ့အပြုအမူတွေကို

င်း ကောင်းကောင်းကြီး နောင်တရလိမ့်မယ် မြသဏ္ဍာန်။

ဘာဖြစ်လို့လဲဆိုတော့ ရိုးသားမှုနဲ့ထုပ်ပိုးထားတဲ့ ကိုယ့်ရဲ့သစ္စာ

တရားက ကိုယ့်ဘက်က ရပ်တည်ပြီး မင်းချစ်လာအောင် ဖန်ဆင်းပေး

ပါ။

နှလုံးသားထဲက ပေါက်ဖွားလာတဲ့ သစ္စာတရားက တန်ခိုးရှိ

ယ်လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟာကွာ တောက် ဒီမိန်းမ တော်တော်ကို ရက်စက်တာပဲ၊ လူရောဟုတ်ရဲ့လား မသိပါဘူးကွာ"

အကိုက်ခံထားရသော ဒဏ်ရာကြောင့် အကွင်းလိုက်ကြီး ညိုကာ ရောင်နေသော မင်းပြည့်စုံ၏လက်မောင်းကိုကြည့်ကာ လင်းမြတ်နှင့် ဖိုးချစ် အတော်လေးကို စိတ်ကသိကအောက်ဖြစ်ကာ ဒေါသတွေထွက်နေရ၏။

"လင်းမြတ် လာ ငါတို့သွားရှင်းမယ်ကွာ၊ ပြည်သူချစ်တဲ့ နိုင်ငံကျော်မင်းသားတစ်ယောက်ကို ခုလို ဒဏ်ရာရအောင်လုပ်တာ ဘယ်လောက်အပြစ်ကြီးသလဲဆိုတာ ဒင်းသိစေရမယ်"





ဖိုးချစ် မြသဏ္ဍာန်ကို သွားရှင်းမယ် တကဲကဲဖြစ်နေသည်။ သူတို့ အရိပ်တကြည့်ကြည့် စောင့်ရှောက်နေသည့် သူငယ်ချင်းကို ခုလို ဖြစ်အောင် ကုန်းကိုက်တာတော့ လူသားလုံးဝမဆန်။ မြသဏ္ဍာန်ကို ရှင်းချင်သည်။ ပိုးစိုးပက်စက် ပြောချင်သည်။

ဒီနေရာမှာ မြသဏ္ဍာန်ဟာ ယောက်ျားတစ်ယောက် ဖြစ်ကြည့် နေရာမှာတင် ပွဲချင်းပြီးသေသွားအောင် ကိုယ့်ဒေါသတွေကို ထုတ်သုံး ပစ်ဖို့ဝန်မလေး။

"ဟေ့ကောင်တွေ မင်းတို့သဏ္ဍာန်ကို လုံးဝမထိရဘူးနော်၊ ခု ဖြစ်တဲ့ကိစ္စမှာ ငါမှားခဲ့တာ၊ ငါက သူ့ကို အတင်းအဓမ္မ အရှက်ရအောင် လုပ်ခဲ့တာကိုး၊ ပြီးတော့ သူ့အိမ်ပေါ်မှာ"

"လုပ်တော့ရော ဘာဖြစ်လဲ မင်းက နိုင်ငံကျော်မင်းသားပဲ၊ သူ့အတွက် ပိုတောင် ဂုဏ်ရှိသေးတယ်၊ တစ်နိုင်ငံလုံးမှာရှိတဲ့ မိန်းကလေး တွေရဲ့အချစ်တော် မင်းသားက သူ့ကိုချစ်တယ်လို့ပြောတာ ဝမ်းသာလုံး ပြီး နေရာမှာတင် ဂန့်ခနဲဂန့်ခနဲ တက်သွားရမယ့်ကိစ္စကို သူကပဲ ကိုက်ပြီး ကိုယ်ထိလက်ရောက် ဒဏ်ရာရအောင်လုပ်စရာလားလို့"

လင်းမြတ်၏မိန်းမဆန်သော နှုတ်ထွက်စကားတွေကြောင့် ဘင်ထက်တွင် အနာရှိန်ကြောင့် မှိန်းနေသော မျက်လုံးတွေ ခပ်ဟဟ ဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



''ကျစ် တော်တော် ပြောရခက်တဲ့ကောင်တွေပါလား၊ မင်းတို့ ငါ့အတွက် ခုလို ပူပင်ပေးတာ၊ ဒေါသထွက်ပေးတယ်ဆိုတာကို ငါ သိ တယ်၊ ဒါပေမဲ့ ဒါကို ငါ လက်သင့်မခံနိုင်ဘူး၊ သူက ငါသိပ်ချစ်တဲ့ ကောင်မလေး။ သူ့ကို နာကျင်အောင်လုပ်ရင် ငါ့ကိုနာကျင်အောင်လုပ် တာနဲ့ အတူတူပဲ၊ ဒါကြောင့် မင်းတို့စိတ်လျှော့လိုက်ပါ''

''ကဲ ဖိုးချစ် ပြောမနေနဲ့တော့၊ ဒီအချိန်မှာ သူက မှန်နေတာ ငါတို့ဒေါသတွေကို သူ့အတွက်ပါလားဆိုပြီး အသိအမှတ်ပြုပေးမှာမဟုတ် ဘူး''

လင်းမြတ် ဖိုးချစ်ကို မျက်ရိပ်မျက်ကဲပြပြီး ဟန့်တားလိုက်သည် ဖိုးချစ် ဘာမှဆက်မပြောတော့ဘဲ သက်ပြင်းခပ်လေးလေးချကာ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

''အေးပါ ငါ မပြောတော့ပါဘူး၊ ကဲ ခုလောလောဆယ် စော စောက ဆရာဝန်ပေးသွားတဲ့ ဆေးသောက်ဖို့ မင်း အစာတစ်ခုခု စား မှဖြစ်မယ်''

''ငါ ဘာမှမစားချင်ဘူး''

''ဟော့ ဟော့ မင်း ဂျစ်တိုက်မနေနဲ့ကွာ၊ ဆေးသောက်စရာရှိတာ တော့ သောက်ပေါ့ကွာ''

''ဟင့်အင်း မသောက်သေးဘူး၊ မင်းတို့ ငါ့ကို တစ်ခုကူညီ



သာက်မယ်''

''ဟဲ့မ် ငါတို့က ဘာများကူညီရဦးမှာလဲ''

''မြသဇာအခန်းလေးဆီကို သွားပေး''

''ဘာ စောစောကပြောတော့ မင်းပဲ မသွားနဲ့ဆို''

''မသွားနဲ့ဆိုတာ ပြဿနာသွားမရှာနဲ့လို့ ပြောတာ၊ ခုဟာက ကိုက်လိုက်တဲ့ ဒဏ်ရာကြောင့် ငါ အဖျားဝင်နေတယ်လို့ သွားပြော း''

''မင်း ဘာအကွက်ရွှေ့ပြန်ပြီလဲ''

''ငါ့ကို ဘာမှပြန်မေးမနေနဲ့ ဖိုးချစ်ရာ၊ ငါက သွားဆိုရင် ွားလိုက်ပေါ့''

မင်းပြည့်စုံ စိတ်မရှည်သော လေသံဖြင့်ပြောလိုက်မှ ဖိုးချစ် ်သွားသည်။ ထိုစဉ် ဖုန်းမြည်လာသည်။

မင်းပြည့်စုံ ခုတင်ထက်မှာ လှဲအိပ်နေရာမှ ဖုန်းကိုလှမ်းယူပြီး ပါတ်ကို ကြည့်လိုက်သည်။

''ဟာ အရေးထဲ မားသားကြီးဖုန်းက ဝင်လာသေးတယ်ကွာ''

မင်းပြည့် ခပ်တိုးတိုး ညည်းတွားရင်း ဟန်းဆက်ကို နားနား ပ်ပြီး ဟဲလိုဟု ထူးလိုက်သည်။

''ဟုတ်ကဲ့ ပြန်လာတော့မှာပါ မာမီ၊ သား နေသိပ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



သေးလို့ပါ''

''. . .''

''သားက မာမို့ကို ညာစရာလား မာမီရာ၊ ခုလေးတင် ဆရာ
ဝန် ပြန်သွားတာ၊ မယုံရင် လင်းမြတ်နဲ့ဖိုးချစ်ကို မေးကြည့်''

သူခိုးသားရေဖော်ညှိနေသော မင်းပြည့်စုံကို ဖိုးချစ်ရော လင်း
မြတ်ရော မဲ့ကာရွဲ့ကာဖြင့် ဘုကြည့်လှမ်းကြည့်ကြသည်။

''အင်းပါ စိတ်ချ၊ သား ဒီတစ်ပတ်အတွင်း ပြန်လာမယ်
မာမီ''

''. . .''

''ဟုတ်ကဲ့ ဟုတ်ကဲ့ မာမီ မကြိုက်တဲ့အလုပ်ကို သား ဘာမှ
မလုပ်ဘူး၊ သား ဒီမှာနေနေတာ၊ တကယ် အနားယူချင်လို့ နေနေတာပါ
မာမီရာ တခြားဘာအကြောင်းအရာမှ မရှိပါဘူး''

''ဟွန့် ရုပ်ရှင်မင်းသားလည်း လိမ်တတ်တာပဲ''

လင်းမြတ် မကြားတကြားဖြင့် တွတ်ပွတွတ်ပွ ဆို၏။

''အင်းပါ မာမီရ သားလည်း မာမို့ကို သတိရတာပဲ၊ ဒယ်ဒီ
ရော ဆီးချိုသက်သာရဲ့လား''

''. . .''

''သားအတွက်ကို ဘာမှတွေးပူမနေနဲ့ မာမီ၊ သားကိုယ့်ကိုယ်





[ ]ယ် ထိန်းတတ်ပါတယ်''

''ဗျာ မင်္ဂလာကိစ္စဟုတ်လား မာမီ''

''. . .''

''ဟာ အဲဒါတော့ သား လုံးဝငြင်းတယ် မာမီ၊ သားမင်္ဂလာ
[ ]ကို သားစိတ်တိုင်းကျတဲ့ မိန်းကလေးကို ရွေးချယ်ပြီးမှ စဉ်းစားမယ်''

မင်းပြည့်စုံစကားကြောင့် လင်းမြတ်နှင့်ဖိုးချစ် အနားသို့ ဇွေ့ခနဲ
[ ]က်လာကြပြီး သူတို့ပါ ဖုန်းအနားကို ကပ်ပြီးနားထောင်နေကြ၏။

''သားကိုမတိုင်ပင်ဘဲနဲ့ ဘာကိစ္စမှ ဖွတ်မလုပ်ပါနဲ့ မာမီ၊ အရှင်း
[ ]ပြောရရင် သား သွန်းနဒီကို လုံးဝစိတ်မဝင်စားဘူး၊ သားသဘော
[ ]တဲ့ ဖွတ်စီစဉ်ရင် ရုပ်ရှင်လောကထဲက အပြီးထွက်ပြီး သားဘဝကို
[ ]အဝေးကြီးရောက်အောင် ရွက်လွှင့်လိုက်မယ် မာမီ''

''. . .''

''ဒါပဲ မာမီ၊ အဲဒီကိစ္စ သားပြန်လာမှ မာမီနဲ့ အကျေအလည်
[ ]ဆွေးမယ်၊ ခု သားရဲ့ဆေးသောက်ချိန်ရောက်လို့ ဖုန်းချလိုက်တော့

မင်းပြည့်စုံ အလိုမကျသော မျက်နှာဖြင့် ဖုန်းကိုပိတ်လိုက်ပြီး
[ ]ပေါ်သို့ ဝုန်းခနဲ ပြန်လှဲအိပ်လိုက်သည်။

မထင်မှတ်ထားသည့် ပြဿနာတစ်ခုက မဖိတ်ခေါ်ဘဲနှင့်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပြီ။ မင်းပြည့်စုံ သက်ပြင်းမောကို ဟင်းခနဲ ချလိုက်ပြီး မျက်
နှင့်ခေါင်းအုံးကို အပ်ထားလိုက်သည်။

ငြင်းပယ်ခံလိုက်ရတဲ့ ယောကျ်ားတစ်ယောက်ဟာ ပိုပြီးထိ
လွယ်စေသည်ဆိုတာ အမှန်ပါပဲလား။ ယခု မင်းပြည့်စုံ ရင်မှာ နာကျ
စွာဖြင့် ခံရခက်လွန်းနေ၏။

ကိုယ့်ဘက်က ပေးဆပ်မည့်ချစ်ခြင်းမေတ္တာတရားဟာ အ
တန် ရိုးရှင်းပြီး ကြည်နူးလိုက်ဖို့ရင်ခုန်စရာကောင်းနေပါရဲ့နှင့်
ကြောင့်များ စိတ်ရှိတိုင်း ငြင်းပယ်လိုက်ရတာလဲ။ ကိုယ့်မှာ ဘယ်
ချို့ယွင်းချက်တွေ ရှိနေလို့လဲ။

ကိုယ်ကလည်း သိပ်လွယ်တဲ့မိန်းမတွေကို သဘောမကျတတ်
သိပ်ခက်တဲ့ မြသဏ္ဍာန်ကိုသာ ဘာကြောင့် အရူးအမူး ဖြစ်နေရတာ

လက်မောင်းသားက သွားဆိပ်တက်နေသော ဒဏ်ရာသ
အဲယားကွန်းအအေးဒဏ်ကြောင့်လားမသိ တဆစ်ဆစ်နှင့်နာကျင်
သည်။

■ ■ ■

## အခန်း (၂၁)

ဈေးချိုထဲဝင်ဖို့ ခြေလှမ်းတွေပြင်နေသော မြသဏ္ဍာန်ရှေ့မှ
တ်ရပ်လိုက်သော ကားတစ်စီးကြောင့် ခြေလှမ်းတို့ တုံ့ခနဲ ရပ်လိုက်သည်။

"ဩော် ရှင်တို့ကိုး"

မြသဏ္ဍာန်၏ပုံစံက ဘာအပြစ်မှ လုပ်မထားသူတစ်ယောက်လို
ငြိမ်ငြိမ်ပုံစံနှင့်ပင်။

"မင်း ငါတို့မင်းသားကို ဘယ်လိုလုပ်လိုက်တာလဲ မြသဏ္ဍာန်၊
င်းကိုချစ်လွန်းလို့ မန္တလေးမြို့ပေါ်မှာ သောင်တင်နေတဲ့သူကို မင်းအနေ
ဒီလိုပုံစံနဲ့ တုံ့ပြန်လိုက်တာ အရမ်းရက်စက်လွန်းရာ ကျမနေဘူးလား"

"ဟုတ်တယ် ခုဆို မင်းကိုက်လိုက်တဲ့ အရှိန်ကြောင့် သွားဆိပ်
က်ပြီး ဖျားနေတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



ဘဝ်ယောက်တစ်ပေါက်စီ ရန်တွေ့နေကြသော လင်းမြတ်နှ

ချစ်စကားကြောင့် မြသဏ္ဍာန် မျက်နှာပျက်ယွင်းသွားသည်။

မင်းပြည့်စုံကို ထိုသို့ဖြစ်စေလိုသော ဆန္ဒနှင့် ကိုက်လိုက်

မဟုတ်ပေမယ့် ဒီအချိန်မှာ ငှင်းပြနေလို့လည်းအပိုပဲဖြစ်မည်ဟု

လိုက်ပြီး မြသဏ္ဍာန် ပျက်ယွင်းသွားသော မျက်နှာကို ထိန်းလိုက်သ

"အင်းလေ ခုချိန်မှာ ခင်ဗျားတို့ကို ရှင်းပြနေလည်း ခင်

တို့ နားဝင်မှာမဟုတ်သလို ကျွန်တော်ကလည်း ကိုယ့်ကိုယ်ရေးကိုယ်

ကိစ္စတစ်ခုကို သူစိမ်းယောက်ျားလေးတွေရှေ့မှာ ဖာတ်စုံရှင်းပြဖို့ ဝါသ

မပါဘူး ဒီတော့ ခင်ဗျားတို့မင်းသားကို ပြောလိုက်ပါ၊ ကိုယ့်ကျေးဇူး

တစ်ယောက်ကို ကိုယ်ထိလက်ရောက် စော်ကားမိတဲ့အတွက် ခွင့်လွှတ်

လို့ပဲ ပြောချင်တယ်"

"ခင်ဗျား အဲလို လေလေးနဲ့ ငြ ါးလိုက်လို့ရမလော

ခင်ဗျားနဲ့ပတ်သက်ပြီး ကျွန်တော်တို့မင်းသား တ ယ်ဟ ်ထိသွား

သူ့ဘဝမှာ ဒီလိုအထိနာခြင်းမျိုးနဲ့ တစ်ခါမှ ကြုံဖူးခဲ့တာ မဟုတ်

ခုလို အနာရှိန်ကြောင့် အဖျားကွေတက်နေတာတောင် ခင်ဗျားမှာ

သူမှားတယ်ချည်းပဲ သူ့ကိုယ်သူ အပြစ်တင်နေတာ"

မြသဏ္ဍာန် ကြက်သီးမွေးညှင်းများ ဖြာထရလောက်အောင်

အံ့သြထိတ်လန့်သွားရ၏။ အမှန်ဆို မင်းသားသူမကို ချစ်သည်ဟု ဌ





ခံခဲ့စဉ်တုန်းက မင်းသားဟာ သူမကိုအပျော်ကြံဖို့ ကြိုးစားသည်ဟုပဲ

သူမ သမားရိုးကျတွေးပြီး ရင့်သီးစွာတုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် မှားသွားမှန်းသိပေမယ့် အချိန်တွေကို နောက်

ပြန်ဆုတ်ပြီး ပြီးခဲ့သည့်အတိတ်တွေထဲ ပြန်ခုန်ဝင်လို့မှ မရတာ။ တကယ်

တော့ ယောက်ျားတစ်ယောက် ဖွင့်ဟဝန်ခံခဲ့သည့်အချစ်ဆိုတာ မြသဏ္ဍာန်

အတွက်တော့ အဖြေမရှိတဲ့ပုစ္ဆာတစ်ပုဒ်လိုပါပဲ။

မြသဏ္ဍာန် ကိုယ့်ကိုယ်ကိုယ်ပင် ပြန်၍မဝေဖန်တတ်တော့။

ခံစားမှုလှိုင်းငယ်တို့သည် ရင်ထဲမှာ လှိုင်းလုံးကြီးတွေ ဖြစ်သွားလိုက်၊

လှိုင်းငယ်လေးတွေဖြစ်သွားလိုက်နှင့် အတွေးတိုင်း ထွက်သက်ဝင်သက်

တိုင်း ရင်ခုန်သံတိုင်းကို နှောင့်ယှက်နှောက်ယှက်နေစေတာကတော့ အသေ

အချာ။

မင်းသားက သူမကို တကယ်ချစ်ခဲ့တာတဲ့လား။ ဟင့်အင်း

အချိန်ထိ ခံစားမှုတွေ ဗဝေဗဝါနှင့်ရင်ခုန်သံတွေကို ပြန်မေးကြည့်ရမလို

ဖြစ်နေပြီး သူမကရော မင်းသားကို တကယ်ပဲ ချစ်မိသွားတာလား။

မဟုတ် ကိုယ်ထိလက်ရောက် နာကျင်အောင်ပြုမူမိလိုက်၍ စိတ်ထဲမှာ

အားတုံ့အားနာဖြစ်သွားပြီး ခံစားမှုတွေ နူးညံ့ညင်သာသွားတာလား။

ဝေခွဲ၍မရသော မျက်နှာမျိုးဖြင့် လင်းမြတ်နှင့်ဖိုးချစ်ကို မျက်နှာ

ချင်းဆိုင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် ကိုယ်တိုင် လိုက်တောင်းပန်ဖို့ လိုအပ်လို့လာ

မင့်မရဲမေးမိတော့ လင်းမြွတ် စိတ်ပျက်သော အမူအရာ

ဟက်ခနဲ ခပ်မဲ့မဲ့ ရယ်လိုက်ပြီး

''ခင်ဗျား အရိပ်ပြရင် အကောင်မြင်ရဲ့သားနဲ့ လေကုန်ခံ

မေးနေရသေးလား မြသဏ္ဌာန်ရယ်''

ဖိုးချစ် ခပ်ရှည်ရှည်လေသံဖြင့် ခပ်ရွှဲရွှဲပြောကာ အနီးရှိ

နားသို့ လျှောက်သွား၏။ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ပြီး လက်နှ

ဖြင့် ရှယ်ပြကာ တက်ပါဟူသော အမူအရာကို လုပ်ပြသည်။

မြသဏ္ဌာန် ကားနောက်ခန်းထဲသို့ ဝင်ထိုင်လိုက်သည်။

ရင်တွေ တဒိတ်ဒိတ်နှင့် အခုန်မြန်နေသည်။

■ ■ ■

## အခန်း (၂၂)

အခန်းဝမှာ ဘွားခနဲ ပေါ်လာသော မြသဏ္ဌာန်၏အရိပ်ကြောင့်

ခုတင်ထက်တွင် စိတ်ပျက်လက်ပျက် လှဲနေသော မင်းပြည့်စုံ ဝေါက်ခနဲ

ထထိုင်လိုက်၏။

''ဟင် သဏ္ဌာန်''

မာနနှင့်မခံချင်စိတ်တွေ လုံးထွေးရစ်ပတ်ခြင်းမရှိတော့သော

မျက်နှာအမူအရာဖြင့် တအံ့တသြ ပြူးကြည့်နေသော မင်းပြည့်စုံကို

မြသဏ္ဌာန် အပြစ်ရှိသူတစ်ယောက်လို မလုံမလဲ ကြည့်ပြီး ခပ်ဖျော့ဖျော့

လေး ပြုံးပြလိုက်သည်။

''ခင်ဗျား နေမကောင်းဘူးဆို''

''အင်း ဟုတ်တယ် ကိုယ့်ကို သိပ်ချစ်စရာကောင်းတဲ့ ရွှေမ

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ကောင် ကိုက်လိုက်လို့ အခု သွားဆိပ်တက်ပြီး ဖျားနေတာ"

"လူကို မရိုပါနဲ့"

"ဟာ မရိုပါဘူး၊ တကယ် အတည်ပြောနေတာ"

ရယ်ဟာဟာလေးဖြင့် ရယ်သံနှောသောအသံဖြင့် ဆိုသော မင်းပြည့်စုံကို ရှက်ဝဲဝဲလေးဖြင့် မျက်စောင်းလေး ဝေ့လိုက်၏။

"လာလေ ဘာရပ်လုပ်နေဝဘာလဲ၊ လူနာသတင်းမေးတာ အခန်းပေါက်ဝကနေ လှမ်းမေးမလို့လား"

မင်းပြည့်စုံ ခပ်ငေါ့ငေါ့လေး နောက်လိုက်သည်။

"ဟုတ်တယ် အခန်းဝကနေပဲ လှမ်းမေးပြီး ပြန်မလို့၊ ခင်ဗျားလို မင်းသားတစ်ယောက်ကို ဘာမှမဟုတ်တဲ့ ကျွန်တော်က အနီးအနားကပ်မေးလို့မှ မဖြစ်နိုင်တာ"

မြသဏ္ဍာန်ကလည်း ပြန်၍ငေါ့သည်။

"ဘာလဲ နောက်တစ်ခါစိတ်မထိန်းနိုင်ဘဲ ထပ်ကိုက်မိသွားမှာစိုးလို့လား၊ ဒါကြောင့် ကိုယ့်စိတ်ကိုယ် မနိုင်လို့ အနားကို မလာတာ ထင်တယ်"

"ခင်ဗျားနော်"

"လာပါ နောက်တစ်ခါ ထပ်ကိုက်ရင် ဘာမှမဖြစ်အောင် ဗိုက်ကို ဆေးဆယ့်လေးလုံးထိုးဖို့ စဉ်းစားထားပြီးသားပါ"





ပေါက်ကရ စကားလုံးတွေဖြင့် အရွှန်းဖောက်နေသော မင်းပြည့်စုံ၏ပျော်ရွှင်နေပုံကိုကြည့်ပြီး မြသဏ္ဍာန်၏တည်တင်းတင်း မျက်နှာလေးပါ အပျော်တွေကူးစက်ခြင်း ခံရသလို ချိုမြိန်၍သွားသည်။

"ခင်ဗျား ဖျားနေလို့ဆို"

မြသဏ္ဍာန် အနီးသို့ မဝံ့မရဲ လျှောက်၍သွားလိုက်၏။ အထူးဘာလည်း ပြင်ဆင်ခြယ်သထားခြင်း မရှိဘဲ တောရိုင်းပန်းလေးတစ်ပွင့်လိုလှနေသော မြသဏ္ဍာန်၏ အပြစ်ကင်းစင်သော မျက်နှာလေးကို မင်းပြည့်စုံ တရှိုက်မက်မက် စိုက်ကြည့်လိုက်သည်။

မြသဏ္ဍာန် ထိုအကြည့်စူးမူးကို ရင်မဆိုင်ရဲစွာဖြင့် မျက်နှာကို ငုံ့လိုက်သည်။ အနားရောက်လေ ရင်ခုန်သံတွေ ပိုမြန်လာလေ၊ အနားရောက်လေ ရင်ခုန်သံတွေ ပိုမြန်လာလေနှင့် လူက ကတုန်ကယင်ပင်ဖြစ်လာ၏။

"အင်း ဟုတ်တယ် ကိုယ် အချစ်ဖျားတွေ တက်နေတာ"

"ခင်ဗျား ဘာလို့ အဓိပ္ပာယ်မရှိတဲ့စကားတွေ ပြောနေရတာလဲ ခုလို ပေါက်ကရလျှောက်ပြောလို့ ခင်ဗျား ဂုဏ်သိက္ခာ ဘယ်နှစ်ပြားနိုးလေးက် တက်သွားလို့လဲ"

"ဟာ တက်တာပေါ့၊ ကိုယ်သိပ်ချစ်ကဲ့မိန်းကလေးရှေ့မှာ နှိုးသားစွာရင်ဖွင့်တာ၊ ဘယ်လောက် ဂုဏ်သိက္ခာရှိလိုက်သလဲ၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ စွန့်စားမှုကြီးတစ်ရပ်ပဲ''

''ဘဝကို လက်တွေ့ကျကျ အကောင်အထည်ဖော်စမ်းပါ မင်းသားရယ်၊ ကျွန်တော်က ခင်ဗျားချစ်သူအဖြစ် လုံးဝမလိုက်ဖက်ဘူး''

''နှလုံးသားခံစားမှုကို သိမ်ငယ်မှုတွေနဲ့ ရောထွေးမပစ်လိုက်ပါနဲ့ မြသဏ္ဍာန်၊ လောကမှာ ကိုယ်နဲ့အထိုက်တန်ဆုံးမိန်းကလေးက မင်းပဲ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ကိုယ်သိပ်ချစ်လို့ပဲ၊ မင်းယုံအောင် ကိုယ် ဘယ်လိုပဲ သက်သေပြရ ပြရ ကိုယ် ပြရဲတယ်''

မင်းပြည့်စုံ ခုတင်ဘေးတွင် ရပ်နေသော မြသဏ္ဍာန်၏လက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်သည်။ သန့်ပြန့်မှုနှင့်အတူ လျှို့ဝှက်မှုတို့ကပါ ထွေးလိပ်နေသော အခန်းထဲမှာ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေရသလိုပင် ခံစားမိ၏။

ထိုတဒင်္ဂတို့သည် မြသဏ္ဍာန်အတွက် ဒဏ္ဍာရီဆန်လွန်းနေ၏။ စိတ်အစဉ်ကို တိမ်းညွှတ်အားကောင်းစွာဖြင့် ရပ်နေသော ခြေအစုံပင် ခွေယိုင်လဲပစ်ချင်သည်အထိ အတွေးလှိုင်းကို ဗဟိုပြုနေသော ခံစားမှုတို့သည် နူးညံ့နွေးထွေးလွန်းနေ၏။ ထို့ပြင် ဆုပ်ကိုင်ခြင်းခံထားရသော လက်ကို ပြန်၍ မရုန်းမိအောင် မြသဏ္ဍာန် စိတ်မှာ သာယာမိပြန်၏။

ခုတင်ပေါ်ထိုင်မိအောင် ဆွဲလိုက်သော မင်းပြည့်စုံ၏ဆွဲခေါ်မှုကြောင့် ခန္ဓာကိုယ်ဟန်ချက် မထိန်းနိုင်ဘဲ ခုတင်စွန်းတွင် ထိုင်လျှက်





သား ဖြစ်သွား၏။

''အို ခင်ဗျား''

''မတ်တပ်ကြီးရပ်ပြီးပြောတော့ သဏ္ဍာန် ညောင်းမှာစိုးလို့ပါ၊ စိတ်မရှိပါနဲ့''

''ခင်ဗျားက လူလည်ပဲ''

''လူလည်မဟုတ်ပါဘူး လူရှေ့ပါ၊ လောကမှာ မြသဏ္ဍာန်ကို အရင်ဦးဆုံး ရှေ့ဆုံးက ချစ်တဲ့ လူရှေ့လေး''

''တော်ပါ ဒါ ရပ်ရှင်ရိုက်နေတာ မဟုတ်ဘူး''

စိတ်က လက်ခံမိသော်လည်း နှုတ်၏တုံ့ပြန်မှုက ဘုဆတ်ဆတ်နိုင်တုံး။

''မနေ့က အဖြစ်အပျက်နဲ့ ဒီနေ့ကြည်နူးမှုလေးက တမင်ခန့်တီးတင်ဆက်ထားတဲ့ ရိုမန့်ဆန်တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်လိုပါပဲ၊ ဒါပေမဲ့ ဒါဟာ မင်းနဲ့ကိုယ်နဲ့ပဲ သက်ဆိုင်တဲ့ အချစ်ခန်းလေးပဲပေါ့''

''ခင်ဗျား ကျွန်တော့်ကို တကယ်ချစ်တာလား''

''ယောက်ျားပီသစွာနဲ့ လက်မကို သံရိုက်ပြီး သစ္စာဆိုရင်လည်း ဆိုဖို့အသင့်ပဲ''

ထိုသို့ အတည်ပေါက်ဖြင့်ဆိုသောအခါ မြသဏ္ဍာန်၏မျက်နှာပေါ်မှာ ရှားပါးအပြုံးလေးက လှစ်ခနဲ ထင်ဟပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးတို့သည် အနမ်းတို့ဆင့်ကဲပေါက်ဖွားလာဖို့အတွက် ဖြားယောင်းနေသလို မင်းပြည့်စုံရင်ထဲ တရှိက်မက်မက် နမ်းချင်သော ဆန္ဒတို့ ရုန်းကြွလာသည်။

"ကိုယ့်ကို မင်းချစ်မယ် မဟုတ်လား"

"စဉ်းစားနေတယ်"

"အခန်းထဲပဲ ရောက်နေပြီ၊ စဉ်းစားဖို့ လိုသေးလား"

"အို ဒါက ဘာဆိုင်လဲ၊ ကျွန်တော် ကိုက်လိုက်လို့ ခင်ဗျား ဒဏ်ရာရပြီး ဖျားနေတယ်ဆိုလို့ တာဝန်သိစိတ်နဲ့ သတင်းလာမေးတာ"

"လူနာသတင်းလာမေးရင် လူနာကြိုက်တဲ့ခတ်စာလေးတော့ ယူလာရမှာပေါ့။ ခုတော့ လက်ဗလာကြီး လာရသလား၊ မန္တလေးသူတွေ အတော့်ကို လူမှုရေးခေါင်းပါးပါလား"

မင်းပြည့်စုံ မျက်လုံးလေး မှေးစင်းကာ ခပ်ပြုံးပြုံးလေးဆိုတော့ မြသဏ္ဍာန် ခစ်ခနဲ ခပ်တိုးတိုးရယ်လိုက်သည်။

"သိပါတယ် ရန်ကုန်သားတွေ ငတ်ကြီးကျတတ်မှန်း နေမကောင်းတာကို အရင်းပြုပြီး သတင်းလာမေးတဲ့ညီ့သည်တွေဆီက ခတ်စာမျှော်တတ်တာ ရန်ကုန်သားတွေရဲ့အကျင့် မဟုတ်လား"

မြသဏ္ဍာန် မျက်စောင်းလေးထိုးပြီး ရှုပွပွလေးဝေဖန်လိုက်သဖြင့် မင်းပြည့်စုံ တဟားဟား ရယ်၏။





"ဟုတ်ပါပြီ ဟုတ်ပါပြီ ခုလည်း ကိုယ့်ကို ခတ်စာအဖြစ်ဘာပေးမှာလဲ"

"ပေးမှာပေါ့ ခင်ဗျားကို ပေးဖို့ ခတ်စာက ကျွန်တော့်ရင်ဘတ်ထဲမှာ ပါလာပြီးသား"

"ဟာ တကယ် ဒါဆို မင်း ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးလိုက်တာပေါ့၊ ခုချိန်မှာ ကိုယ်လိုအပ်နေတာက မင်းရင်ထဲက ထွက်ကျလာတဲ့ အချစ်ဆိုဝ. ခတ်စာတစ်မျိုးပဲ၊ အဲဒီခတ်စာကိုသာ ပိုင်ဆိုင်ရရင်ကိုယ် လုံးဝနေပြန်ကောင်းသွားမှာ"

"သိပါတယ် ဒါကြောင့်လည်း ဒီက ခင်ဗျားအကြိုက်ခတ်စာကိုတစ်ခါတည်းပေးလိုက်တာပေါ့"

မင်းပြည့်စုံ ဝမ်းသာအားရဖြင့် မြသဏ္ဍာန်၏ကိုယ်လေးကို သိမ်းကျုံး ဖက်တွယ်လိုက်သည်။ ထို့နောက် အနမ်းတို့ မိုးပေါက်သဖွယ် ဖြာဆင်းကျလာ၏။

ထိုတဒင်္ဂသည် ဘာနှင့်မျှ နှိုင်း၍မရလောက်အောင် နက်ရှိုင်းလေးနက်သော ရင်ခုန်သံချင်း ဖလှယ်သည့်ပွဲလေးဖြစ်သည်။

ထိုအနမ်းတို့သည်လည်း သံလိုက်ခတ်တစ်ခုလို အတော်အားကောင်းပြီး ခန္ဓာကိုယ်တစ်ခုလုံး ကျင်စက်နှင့်အတို့ခံလိုက်ရသလို ရှိန်းတိန်းရှိန်းတိန်း ဖြစ်သွားကာ အနာဂတ်ကို ဘာမျှမမျှော်ကြည့်တော့ဘဲ မင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ၏အချစ်တွေထဲကို မိုက်မဲစွာ ပျော်ဝင်မိလိုက်တော့၏။

လောကကြီးက ထင်ထားတာထက် ပို၍ သိမ်မွေ့ညင်သာလွန်း နေသည်။

■ ■ ■

## အခန်း (၂၃)

"မိန်းမတွေရဲ့စိတ်က အတော်လေးကို မှန်းရခက်တယ်ဆိုတာ လက်တွေ့ယုံသွားပြီကွာ"

တွေးတွေးဆဆလေး ပြောနေသော ဖိုးချစ်စကားကြောင့် လင်း တ် မျက်မှောင်ကျုံ့ကာ ဖိုးချစ်ကို လှမ်းကြည့်လိုက်သည်။

"ဘယ်လို ဒဿနတွေ ဖွဲ့ဦးမလို့လဲ"

"မိန်းမတွေရဲ့စိတ်က သချာ်ပုစ္ဆာတစ်ပုဒ်လိုပဲ အစကတော့ ယ်လို ဖြေရှင်းရမယ်မသိဘူး။ အမုန်းတွေကို မလွှတ်တမ်းဖက်တွယ် သလိုလို ဘာလိုလို တကယ့် အထာကြီးတွေနဲ့ သူတို့ရဲ့အညှာကို ်ခါတည်းကိုင်လည်း ကိုင်လိုက်ရော အဲဒီအမုန်းတွေ မာနတွေက

www.burmeseclassic.com

www.burmeseclassic.com



ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီး အချစ်တွေဘက်ကို တစ်ခါ
တည်း ခုန်ကူးဖြစ်လိုက်ကြရော ဆယ့်နှစ်မျိုး ဂျင်းသုတ်လိုလေ၊ တထ
လည်းတတ်နိုင်တယ်''

'အဲဒါ မာယာလို့ခေါ်တယ်ကွ၊ သူတို့ရဲ့မွေးရာပါ အတတ်ပညာ
တစ်ခုပဲ၊ ယောက်ျားတွေကို အဲဒီမာယာနဲ့ အမျိုးမျိုးလှည့်စားကြတာ''

''အဟုတ် မာယာ ဟုတ်လား၊ အသံကြားတာနဲ့ လန့်ချင်စရာ
စကားလုံး၊ ဒါပေမဲ့ သူ့အားနည်းချက်ကိုသိတဲ့ယောက်ျားတစ်ယောက်
အတွက်တော့ အဲဒီ မာယာဆိုတာကြီးက သုံးစားလို့မရတော့ပါဘူးကွ၊
ခုပဲကြည့်လေ မြသဏ္ဌာန် ပုံစံကို အရင်က ယောက်ျားတွေကို အထင်
မကြီးသလိုလို မုန်းသလိုလိုနဲ့ ယောက်ျားတစ်ယောက်ရဲ့ခံစားချက်တွေကို
မသိကျိုးကျွံပြုတယ်၊ အပြင်ပန်းဖြူန်းခနဲ ကြည့်လိုက်ရင် သူ့ဆီက အချစ်
ကိုရဖို့ တော်တော်လေး ခဲယဉ်းသလိုပဲ၊ ဟော ခုကျတော့ ရမယ့်ရတော့
လည်း ယောက်ျားတစ်ယောက်က သူတို့ကြွေလောက်မယ့် ဒိုင်တွေနဲ့
ဝင်ပြီး အောင်းလည်းအောင်းလိုက်ရော ရှော့ယူလိုက် ရှော့ယူလိုက်ဆိုတဲ့
သီချင်းထဲကလိုပေါ့ အဟား ဟား ဟား ဟား''

''ဟေ့ ဟေ့ကောင်တွေ ငါ ငြိမ်ပြီးနားထောင်နေလို့ အကောင်း
မှတ်နေကြတယ် ဟုတ်လား''

မင်းပြည့်စုံ ကိုယ့်ချစ်သူ အသစ်စက်စက်လေး အကြောင်းကို





…ပန်နေကြသော လင်းမြတ်နှင့်ဖိုးချစ် စကားကို ဆက်ပြီး နားမထောင်
…တော့သဖြင့် ဝင်ဟန့်လိုက်သည်။ သူတို့ပြောတာ ဆက်နားထောင်နေ
…င် သူတို့ပါးစပ်ထဲမှာ ကိုယ့်ချစ်သူ ရစရာရှိမည် မဟုတ်တော့။

''မဟုတ်ပါဘူး သူငယ်ချင်းရာ ငါတို့က မြင်တာကို မြင်တယ်၊
…တာကို သိတယ်ဆိုတဲ့ အမှန်တရားတစ်ခုကို အမြင်နဲ့လွတ်လပ်စွာ
…နိုကြည့်တာပါ''

''မဝေဖန်နဲ့ မင်းတို့ထင်သလို သဏ္ဌာန်က ခပ်ပေါပေါ မိန်းမ
…တ်ဘူး။ သူ့ရင်ထဲမှာ ငါ့ကိုချစ်တဲ့အချစ်တွေ အစကတည်းက ကိန်း
…င်းနေပေမယ့် ကံကြမ္မာကို မယုံရဲလို့ သူ့ဟာသူ သိမ်ငယ်ပြီး ငါ့အပေါ်
…မာနေတာ၊ အခု ငါတို့နှစ်ယောက်ကြားထဲမှာ ခိုင်မြဲတဲ့အချစ်တစ်ခု
အခိုင်အမာတည်ဆောက်ပြီးသွားပြီ၊ မကြာခင်မှာ ငါ သဏ္ဌာန်ကို
…ထပ်မယ်၊ ငါ လက်ထပ်မယ့် ငါ့ရဲ့ဘဝဖော်ကို မင်းတို့ ဘာမှဝေဖန်
…ခွင့်မရှိဘူး''

မင်းပြည့်စုံ ရုပ်တည်ကြီးနှင့်ပြောတော့ လင်းမြတ်ရော ဖိုးချစ်
…ပါ ယူဆက်ပြီး မဝေဖန်ရဲတော့။

ထိုစဉ် ဖုန်းမြည်လာသည်။ ဖုန်းမြည်သံက မင်းပြည့်စုံ၏ဘောင်း
…ဘိတ်ထဲမှ ထွက်ပေါ်လာသဖြင့် မင်းပြည့်စုံ ဖုန်းထုတ်ယူလိုက်သည်။

မာမီ့ဆီမှ ဆက်လာသဖြင့် မင်းပြည့်စုံ ထပ်မံ၍ အကြံအိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်သည်။

"ဟဲလို မာမီ သား သဘက်ခါ ရန်ကုန်ဆင်းလာတော့မယ်"

လတ်တလော ဖြေရှင်းနည်းဖြင့် မုသာဝါဒကို အားမနာတမ်း
သုံးလိုက်သည်။

"ဟာ မလိုက်လာနဲ့တော့လေ၊ သား နေကောင်းသလော
ရှိနေပါပြီ မာမီ ဘာမှမပူနဲ့တော့"

"..."

"ဟုတ်ကဲ့ သား ကျိန်းသေပြန်လာပြီ မာမီ၊ ဒါပဲနော် မာမီ"

မာမီ့ကို စကားစဖြတ်သည့်အနေဖြင့် ဖုန်းကို ကမန်းကတမ်း
ပိတ်လိုက်သည်။ ဆက်ပြောနေလျှင် သွန်းနဒီကိစ္စကြီးက ပါလာဦးမည်

"မင်း တကယ်ပြန်မှာလား မင်းပြည့်"

"ငါ ဒီမှာ နောက်ထပ် ဆယ်ရက်လောက် နေချင်သေးတာ
ကွာ"

စိတ်ရှုပ်ထွေးသော အရိပ်တွေဖြင့် ဖိုးချစ်အမေးကို စိတ်
တပါ ဖြေလိုက်သည်။

"ဒီကိစ္စ အန်တီလှိုင် သိရင် ကျိုင်အကြီးစားကြီးတက်မှာ
မင်းပြည့်၊ ခုလို မန္တလေးမှာ ရက်အကြာကြီးနေနေတာ မြသဇ္ဈာန်
ကြောင့်ဆိုတာသိရင် ချက်ချင်းရောက်ချလာမလား မသိဘူး"



"ဖြစ်မလာသေးတာကိုတွေးပြီး ပူနေမယ့်အစား ပစ္စုပ္ပန်တည့်
...ည့်က ရင်ဆိုင်နေရတဲ့ကိစ္စကိုပဲ စဉ်းစားစမ်းပါကွာ"

လင်းမြတ်စကားကို ဖိုးချစ် စိတ်မသက်သာစွာဖြင့် ဝင်ပြော
...။

"အေးလေ ငါတို့က ဘေးကလူတွေပဲ၊ ဒီကိစ္စကို ကာယကံရှင်
...ဆုံးဖြတ်ရမှာ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေသော သူငယ်ချင်းနှစ်
...ယောက်၏စကားသံသည် မင်းပြည့် အာရုံထဲ မတိုးတော့။ အချိန်တွေကို
...ဖြုန်းဘဲ မြသဇ္ဈာန်ဆီသွားရန် ထလိုက်သည်။

ရန်ကုန်မပြန်ခင် ကျန်ရှိနေသော အချိန်တွေအား မြသဇ္ဈာန်
...နှင့်သာ အတူကုန်ဆုံးချင်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"သဏ္ဍာန် ကိုယ် ရန်ကုန်မပြန်ခင် သဏ္ဍာန့်အဖေကို ဖွင့်

ပြီး လက်ထပ်လိုက်ကြရအောင်"

ဆိုင်းမဆင့်ဗုံမဆင့် ပြောလာသော ချစ်သူစကားကြောင့် ရင်

မှာ မှိန်ခဲ့နေသော သဏ္ဍာန် မျက်နှာလေး ပင့်မော့လာသည်။

"မြူနီးစားကြီး လက်ထပ်ရမယ် ဟုတ်လား၊ ဘာဖြစ်လို့

ခင်ဗျားနဲ့ကျွန်တော် ချစ်သူဖြစ်တာ ဘယ်လောက်မှ မကြာသေး

ခုလို မြူနီးစားကြီးလက်ထပ်ဖို့ ဖြစ်နိုင်ပါ့မလား"

"ကိုယ်ကတော့ ချစ်သူသက်တမ်းကို မလိုအပ်တဲ့ ဆွဲမဆန့်

ဘူး သဏ္ဍာန်ရယ်၊ အရှင်းဆုံးပြောရရင် ကိုယ် သဏ္ဍာန့်ကို ဘယ်

အကြောင်းမျိုးနဲ့မှ လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး။ ကိုယ်က သဏ္ဍာန်

အချိန်တိုင်း ချစ်နေချင်တာ၊ ကိုယ့်အနားမှာ သဏ္ဍာန့်ကို အချိန်

ဈူး၀၁၄၉



နိုးစေချင်တာ"

"ကျွန်တော်လည်း ခင်ဗျားနဲ့ထပ်တူပါပဲ၊ ကျွန်တော့်ဘဝမှာ

ခင်ဗျားနဲ့ချစ်သူဖြစ်ခွင့်ရခဲ့တာဟာ တကယ်ရော ဟုတ်ရဲ့လားလို့ ကိုယ့်

ကိုယ်ကိုယ် သံသယဝင်မိတယ်၊ ခုလိုတွေ့နေရတဲ့အချိန်တွေ ကျွန်တော့်

အနားကနေ အိပ်မက်တစ်ခုလို အငွေ့ပျံထွက်သွားမှာကို ကျွန်တော် အရမ်း

စိုးမိတယ်"

"သဏ္ဍာန် ကိုယ်တို့နှစ်ယောက် ချစ်သူတွေ ဖြစ်နေကြပြီလေ၊

ဘာဖြစ်လို့ ခင်ဗျားတွေ ကျွန်တော်တွေနဲ့ ပြောနေရတာလဲ၊ ကိုယ့်နား

မှာ သိမ်မွေ့မလိုလိုနဲ့ မာဆတ်ဆတ်ကြီး ဖြစ်နေတယ်"

မင်းပြည့်စကားကြောင့် မြသဏ္ဍာန် ခပ်ဖွဖွရယ်သည်။

"ဒါဆို ဘယ်လိုနာမ်စားမျိုး သုံးရမှာလဲ"

"မောင်လို့ ခေါ်လေ"

"အို အဲဒါကြီးက မရိုးလွန်းဘူးလား"

"ဒါဆို ခင်ဗျားတွေ ကျွန်တော်တွေ သုံးမယ့်အစား တခြား

နာမ်စားတွေသုံး"

"အင်းပါ သ သဏ္ဍာန် ကြိုးစားပြီး ပြင်ပါ့မယ်"

မြသဏ္ဍာန် သူ့ကိုယ်သူ ကျွန်တော်ဟု ကိုယ်စားသုံးနေရာမှ

သဏ္ဍာန်ဟု မဝံ့မရဲလေး ပြောင်းသုံးကြည့်သည်။

ဈူး၀၁၄၉

www.burmeseclassic.com

www.burmeseclassic.com



''အင်း မဆိုးပါဘူး၊ ကျွန်တော်ဆိုရင် နာမ်စားထက်စာ
နားထောင်ရတာ ပျားရည်စားရသလို ချိုမြိန်ပါတယ်''

''ကို သဏ္ဍာန့်ကို တကယ် လက်ထပ်မှာလားဟင်''

''အင်း လက်ထပ်မယ်လေ၊ ပြီးရင် ကိုယ်နဲ့ရန်ကုန်ကို လိုက်
ဟိုရောက်ရင် သဏ္ဍာန်ဟာ ကိုယ့်ဇနီးလောင်းပါဆိုတာကို တရား
ကြေညာပြီး ခမ်းနားထည်ဝါတဲ့ လက်ထပ်ပွဲလေး လုပ်ကြမယ်''

''ဟင့်အင်း အဲဒီလောက်ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲ
မလုပ်ရဲပါဘူး ကိုရယ်၊ သဏ္ဍာန်က ကိုနဲ့လုံးဝမလိုက်ဖက်တဲ့ အညာ
မိန်းကလေးတစ်ယောက်ပါ၊ နောက်ပြီး သဏ္ဍာန်နဲ့ လူသိရှင်ကြား
လက်ထပ်ဖို့လည်း မလိုပါဘူး၊ အဲဒီလိုလုပ်ရင် ကို့ရဲ့တိုးတက်မှုလမ်းကြောင်း
ပိတ်သွားမှာပေါ့၊ ကိုကိုချစ်တဲ့ ပရိသတ်တွေကရော ကြည်ဖြူကြပါ့မလား

''ဒါက ကိုယ့်ဘဝနဲ့ဆိုင်တဲ့ ရွေးချယ်မှုတစ်ခုပါ သဏ္ဍာန်ရဲ့
ဘာကြောင့်များ သိမ်ငယ်စရာတွေကို တွေးနေရတာလဲ၊ ခုချိန်မှာ ကို
အတွက် အလိုအပ်ဆုံးက မြသဏ္ဍာန်ပဲ၊ မြသဏ္ဍာန်သာ ကိုယ့်အနား
ရှိရင် ဘယ်အရာကိုမဆို ရင်ဆိုင်ရဲတယ်''

''မင်းသား မင်းသား မင်းပြည့်စုံ ဟုတ်ပါတယ်နော်''

ရုတ်တရက် ချစ်သူနှစ်ဦး ထိုင်ပြီး အနာဂတ်အတွက် တီး
တိုင်ပင်နေတုံး အမျိုးသားတစ်ဦး အနားသို့ရောက်လာပြီး မေးသည်





ရုတ်တရက် ခန္ဓာကိုယ်ချင်း ပူးကပ်နေရာမှ ခွာလိုက်ပြီး ထိုလူ
ကို မင်းပြည့်စုံရော မြသဏ္ဍာန်ရော မော့ကြည့်လိုက်ကြသည်။

''ခင်ဗျား ဘယ်သူလဲ''

''ဟာ မင်းသား ကျွန်တော့်ကို မမှတ်မိတော့ဘူးပဲ၊ ဟိုးအရင်
မနှစ်က မြရိပ်ညိုပွဲမှာ မင်းသားကို အင်တာဗျူးဝင်ခဲ့တဲ့ သတင်းထောက်
သက်အောင်အောင်လေ''

သတင်းထောက်ဆို၍ ပတ်ဝန်းကျင်ကို အမှုမဲ့အမှတ်မဲ့နေကာ
ချစ်သူနှစ်ဦး အကြည်ဆိုက်နေသော ကိုယ့်အခြေအနေကို ကိုယ်ပြန်
ဘရိတ်အုပ်လိုက်ပြီး အတည်ပေါက်နှင့်ငြင်းရန် စကားစရှာလိုက်သည်။

''ခင်ဗျားက သတင်းထောက်လား အဟား ချစ် ကိုယ့်မျက်နှာ
ကို ကြည့်ပါဦး၊ မင်းပြည့်စုံရုပ်နဲ့ တူနေလို့လား ဟား ဟား ဟား''

ရုပ်တည်ကြီးဖြင့်ပြောကာ တဟားဟား အော်ရယ်နေသော
မင်းပြည့်စုံ၏ခပ်ကြောင်ကြောင် အမူအရာကြောင့် သတင်းထောက် ခေါင်း
ကုတ်လိုက်ကာ အူကြောင်ကြောင် ဖြစ်သွားသည်။

''မင်း မင်းသား မဟုတ်ဘူးလား''

''ကျွန်တော် မင်းသားဆိုရင် ခုလိုမျိုး လူပုံအလယ်မှာ ချစ်သူနဲ့
လာပြီး အကြည်စိုက်နေမလားဗျ၊ ခင်ဗျားကလည်း ဟိုက မင်းသား
မင်းပြည့်စုံသာကြားရင် ချီးစိမ်းပန်းပြီး မာလကီးယားတော့မှာပဲ၊ ရုပ်လို



www.burmeseclassic.com

www.burmeseclassic.com



အပေအတေကောင်ကို သူနဲ့တူတယ်ပြောလို့''

''မ မဟုတ်သေးပါဘူး၊ ကျွန် ကျွန်တော့်စိတ်ထင် အသံရော ရုပ်ရော တော်တော်ကို တူတာဗျ၊ ဟို မရှိမသေ တဆိတ်လောက် ခင်ဗျားရဲ့မျက်မှန်ကြီး ခဏလောက်ချွတ်ပြပါလား''

သတင်းထောက် သက်အောင်အောင်ကလည်း လုံးဝအလျှော့ မပေး။ သူညနေစောင်းလောက်ကတည်းက ဒီနေရာမှာ လေညင်းခံရောက်လာတာ၊ ရုတ်တရက် သူနှင့်မလှမ်းမကမ်းတွင် လာထိုင်သော အတွဲကို အမှတ်မထင်ကြည့်မိရာမှ မင်းပြည့်စုံမှ မင်းပြည့်စုံပဲဟု တစ်ထစ်ချတွေးကာ လူမသိသူမသိ ဓာတ်ပုံတွေတောင် ခိုးရိုက်ပြီးသွားပြီ၊ ယခု ပို၍ ကျိန်းသေစေရန် လူကိုယ်တိုင် ဒွဲလာမေးခြင်း ဖြစ်၏။

''ဘာဗျ ခင်ဗျား လူကို ဘာကြောင့် အရှက်လာခွဲနေရတာလဲ ကျုပ် မျက်စိစွေနေတာကို သိသိကြီးနဲ့ ကျုပ်ချစ်သူရှေ့မှာ လာပြီး အရှက်ခွဲတာလား''

''ဗျာ မ မဟုတ်ပါဘူး၊ ခင် ခင်ဗျားကို မင်းသားနဲ့တူ မတူ အသေအချာ ကြည့်ချင်လို့ပါ''

''မလိုပါဘူး၊ ကျုပ် မင်းပြည့်စုံနဲ့ တူတူ မတူတူ ခင်ဗျားအမှုပါလို့လား။ ဒီမှာ ချစ်သူနှစ်ဦး ရှေ့ရေးရှေ့ရာ တိုင်ပင်နေပါတယ်ဆိုမှ သူများတကာကို လာပြီးနှောင့်ယှက်နေတယ်''



''ဗျာ စိတ် စိတ်မရှိပါနဲ့ အစ် အစ်ကိုရာ၊ ကျွန်တော်က မင်းပြည့်စုံနဲ့တူတဲ့ခင်ဗျားကို အမှတ်တရပုံလေး ရိုက်ပေးချင်လို့ပါဗျာ အဟဲ''

''မလိုပါဘူး၊ ကျုပ်နာမည် ဖေကြီး၊ ဘာမှမင်းပြည့်စုံနဲ့ တူစရာမလိုဘူး''

မင်းပြည့်စုံ အတည်ပေါက်နှင့် စွတ်ဟောက်ဖော့ ထိုလူ မျက်လုံးလေး ပေကလပ်ပေကလပ်နှင့် ဖက်ကလေးပုကာ ပုကာဖြင့် အားဝုံးအားနာဖြစ်၍နေ၏။

မြသဏ္ဍာန် အခြေအနေကို ရိပ်စားမိ၍သာ ဘာမျှဝင်မပြောဘဲ ငြိမ်နေရပေမယ့် ကိုယ့်ချစ်သူ အမူအရာကိုကြည့်ပြီး ရယ်ချင်စိတ်အားကြီးလွန်းကာ ကလိကလိကို ဖြစ်၍နေ၏။

''ဟုတ် ဟုတ်ကဲ့ ဒါ ဒါဆို ခွင့်ပြုပါဦး၊ သွား သွားမယ်နော်''

''သွား သွား၊ ဘာမှန်းမသိဘူး အရေးထဲ အရာကလာပေါ်နေတယ်''

သက်အောင်အောင် အနားမှ ခပ်ကုတ်ကုတ် ထွက်သွား၏။ သို့သော် သူ့အမူအရာက လက်လျှော့သွားသည့်ပုံ လုံးဝမပေါ်။ သူသိနေတာက မင်းပြည့်စုံ မန္တလေးရောက်နေသည်ဆိုတာပဲ ဖြစ်သည်။

ဒီ့အတွက်ကြောင့် သတင်းထောက်တို့ ထုံးစံအတိုင်း ကိုယ်လိုချင်သော သတင်းမရမချင်း စိတ်ရှည်ရှည်နှင့် အသေအချာကို စောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး နောက်ယောင်ခံလိုက်သင့်ရင် လိုက်ရတော့မှာပင်။

သတင်းထောက် စိတ်က သိနေသည့်အချက်က ဘုတော[...]သော အသံခပ်ဆတ်ဆတ်သည် မင်းပြည့်စုံ၏အသံမှ မင်းပြည့်စုံ၏အသံ[...] စစ်စစ်။

ဒီတော့ ချောင်ကောင်းကောင်းကနေ ထိုင်ချောင်းရတော့မှာပေ[...]

■ ■ ■



အခန်း (၂၅)

"နင်နဲ့မင်းသား ချစ်သူဖြစ်သွားလိမ့်မယ်လို့ ငါ လုံးဝကို မထင်မိဘာဟယ်၊ ငါလေ နင့်ကိုမနာလိုတောင် ဖြစ်မိတယ် သိလား သဏ္ဍာန်ဘာဖြစ်လို့လဲဆိုတော့ လောကမှာ နင်ဟာ ကံအကောင်းဆုံး မိန်းကလေးတစ်ယောက်ဖြစ်နေလို့ပဲ"

"သိပ်လည်း စွတ်မြှောက်မနေနဲ့ မရွှေဇာ၊ ငါကတော့ ငါ့ကိုယ်ငါ ကံကောင်းတဲ့မိန်းကလေးလို့ ထင်မထားဘူး။ အသည်းဟက်တက်ကွဲမယ့် မိန်းမလို့ပဲ မြင်ထားတယ်"

နလုံးသားဆန္ဒကို မလွန်ဆန်နိုင်၍သာ ရင်ထဲက အချစ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်တုံ့ပြန်လိုက်မိတာ ရင်ထဲမှာတော့ တထိတ်ထိတ်နှင့် ကံကြမ္မာကို မယုံရဲ။

"နင်ကလည်း နိမိတ်မရှိ နမာမရှိ ဘာတွေလျှောက်ပြောနေတာလဲဟာ၊ နင့်ကို သူ တကယ်ချစ်တယ်ဆို နင်ပဲပြောပြီးတော့"

"ဟုတ်တယ်လေ ငါတို့တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်၊ ဘဝမှာ တစ်ခါမှ မခံစားဖူးတဲ့ နက်ရှိုင်းတဲ့အချစ်မျိုးတွေနဲ့ပဲ ချစ်ခဲ့မိတာ၊ ဒါကို ရေးရေစက်လို့ ခေါ်မလားပဲ"

"ငါတို့နှစ်ယောက် ပန်းချီသင်ကြတဲ့အချိန်တွေ ညဘက်မှာ စက်ဘီးစီးပြီး ကျူးပတ်ခဲ့ရတဲ့အချိန်တွေဟာ ငါ့ဘဝမှာ ဘယ်တော့မှ မမေ့နိုင်တဲ့ အမှတ်တရအချိန်တွေပဲပေါ့၊ တကယ်လို့ သူ ငါ့ကို ထားသွားခဲ့မယ်ဆိုရင်တောင် ငါ့အတွက် အဲဒီအမှတ်တရလေးတွေနဲ့ပဲ ဖြေသိမ့်ရမှာ"

"နင်ပြောတော့ သူက လက်ထပ်ခွင့်တောင်းတယ်ဆို"

"သူက လက်ထပ်ခွင့်တောင်းပေမယ့် သူ့အသိုင်းအဝိုင်းက ဘယ်လိုတွေ ဝိုင်းဖျက်ကြဦးမလဲမှ မသိတာဟာယ်၊ ငါ့လို အောက်ကြမ်းခင်းက မိန်းကလေးတစ်ယောက်ကို သူတို့ လွယ်လွယ်နဲ့သဘောတူမလား။ ခုတောင် သူ့မိဘတွေကို အကြောင်းပြ[illegible]အမျိုးမျိုးပေးပြီး မန္တလေးမှာ

ဗျူး ၀၃၃၆၄



[illegible]သောင်တင်နေတာ၊ သူ အဲဒီလို သောင်တင်နေတာ ငါ့ကြောင့်တဲ့"

မြသဇ္ဈာန်၏ရင်မောဖွယ် စကားများကို နားထောင်ပြီး ဇာဇာ [illegible]မသာဖြင့် သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။ အချစ်ဆုံး [illegible]ငယ်ချင်းလေးနှင့် မင်းသားကို ဆုံဆည်းစေချင်တာ ဇာဇာရင်ထဲက [illegible]အမှန်ပါ။

"အဟမ်း အဟမ်း"

အိမ်ပေါက်ဝမှ ချောင်းဟန့်သံကြောင့် သူငယ်ချင်းနှစ်ယောက် [illegible] စိတ်မလုံမလဲဖြင့် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

အိမ်ပေါက်ဝတွင် ရပ်နေသောသူကို မြသဇ္ဈာန် မြင်ဖူးသလိုလို [illegible] ခပ်တွေတွေလေး စဉ်းစားလိုက်သည်။ ဘယ်မှာမြင်ဖူးခဲ့ပါသလဲပေါ့။

"ဒါ မင်းပြည့်စုံရဲ့ချစ်သူ မြသဇ္ဈာန်ရဲ့အိမ်ပါလား"

"ဟုတ်ပါတယ်"

ဇာဇာက သွက်လက်စွာ ဝင်ဖြေလိုက်သည်။ သဇ္ဈာန် တားချိန် [illegible] မရလိုက်။

"ဟင့်အင်း မဟုတ်ပါဘူး မဟုတ်ဘူး ခင်ဗျားက ဘယ်သူလဲ"

မြသဇ္ဈာန် ပျာပျာသလဲ ဝင်ပြီး ငြင်းဆန်၏။

"ကျွန်တော်က မင်းပြည့်စုံရဲ့သူငယ်ချင်းပါ၊ အဟဲ ခုပဲ မင်း

ဗျူး ၀၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံဆီက ပြန်လာတာ၊ သူကိုယ်တိုင် မြသဏ္ဍာန်ဆီကိုသွားဖို့ လွှတ်လိုက်တာပါ''

''ဘာကိစ္စလဲ''

''ဩော် ဟို ဟိုလေ ဒီလိုပါ၊ အဲ သူ့ကို မမြသဏ္ဍာန်က ဘယ်လောက်ချစ်သလဲဆိုတာကို သူ သိရုံတင်မဟုတ်ဘူး၊ သူ့ရဲ့ ပရိသတ်တွေကိုပါ သိစေချင်တယ်တဲ့၊ ဒါကြောင့် ပေါ်ပြူလာတွေရဲ့ချစ်ရေး ချစ်ရာကဏ္ဍမှာ မင်းသားနဲ့ခင်ဗျားရဲ့ရင်ခုန်သံစကားလေးတွေကို အဖူး အစီအစဉ်တစ်ရပ်အနေနဲ့ ဖော်ပြချင်လို့ပါ''

''ဟင် ဒါ ဒါဆို ရှင်က သတင်းထောက်ပေါ့ ဟုတ်လား''

''ဟုတ်ပါတယ် ဟုတ်ပါတယ်''

မြသဏ္ဍာန် အာရုံထဲကို ထိုသူဖျတ်ခနဲ ဝင်လာသည်။

ဟိုအရင်နေ့ ညနေခင်းက မြသဏ္ဍာန်တို့ချစ်သူနှစ်ဦးဆီ သတင်းယူဖို့ ရောက်လာသည့် သတင်းထောက်။

ခုမှပင် ကောင်းကောင်းကြီး မှတ်မိလိုက်သည်။

''ဒီမှာ ခင်ဗျားက သတင်းထောက်တစ်ယောက်နော်၊ သတင်းထောက်ဆိုတာ ကျင့်ဝတ်နဲ့အညီ နေရတယ်လေ၊ ဘာဖြစ်လို့ ညာပြီး





သတင်းယူဖို့ ကြိုးစားနေရတာလဲ''

မြသဏ္ဍာန် အတည့်ပေါက်နှင့် ဟောက်လိုက်သည်။

''ဗျာ အဲ အဲလို မဟုတ်ပါဘူး၊ အဲလို မထင်ပါနဲ့''

''ဘာ မထင်ရမှာလဲ ခင်ဗျားရုပ်ကြီးကို ကျွန်တော် မှတ်မိပြီ၊ ...တစ်နေ့က သတင်းလာယူတဲ့ သက်အောင်အောင်ဆိုတဲ့ သတင်း...ထောက်မဟုတ်လား''

''ဟမ်''

''ဟမ်တွေ ဟင်တွေ မလုပ်နဲ့၊ ခင်ဗျား ခုချက်ချင်း ဒီက ...ကွက်သွားနော်''

''မ မဟုတ်ဘူးလေ၊ သ သတင်းယူမလို့ပါ''

သတင်းထောက်ကလည်း ဖွံမလျှော့။ ပေကပ်ကပ်ဖြင့် အိမ်...ပေါက်ဝက တစ်ဖဝါးမှ မခွာ။

''ဘယ်လို ဒီလောက်တောင် သတင်းယူချင်ရင် ခင်ဗျားခေါင်း...ဦး ရှစ်စိပ်ကွဲအောင် ခွဲလိုက်မယ်၊ ကိုယ့်သတင်းကိုသာ ကိုယ်ပြန်ရေး...ညီလိုက် ဟုတ်ပြီလား၊ ဒီတော့ ခင်ဗျားကို ဟောဒီ တံမြက်စည်းနဲ့''

''ဟာ မ မလုပ်ပါနဲ့၊ သတင်းမယူနဲ့ဆိုလည်း မယူပါဘူး၊



www.burmeseclassic.com

ပြေး ပြေးပြီ ပြေးပြီ''

သတင်းထောက် သက်အောင်အောင် ခုမှပင် အိမ်ပေါ်က

ဝရန်းသုန်းကား ပြေးဆင်းလေသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၆)

''အမလေး ဘုရား ဘုရား ကြားရမြင်ရတာ မကြားဝံ့မနာသာ ...ပါလား။ ကြည့်စမ်းပါဦး တစ်သက်လုံး ထိန်းထားတဲ့ ဂုဏ်သိက္ခာတွေ ...တော့ တစ်ပြားသားမှ မရှိတော့ပါလား''

မနက်ခင်း ကော်ဖီဝိုင်းတွင် လက်ထဲမှ ဂျာနယ်ကို စားပွဲမှာ ...ပြန်းပြန်းရိုက်ပြီး ဒွေ့ဒွေ့ခုန်မတတ် ဒေါသဖြစ်နေသော ဒေါ်ကေသီ ...၏။

''အန်တီရယ် သွန်းလည်းလေ ဂျာနယ်ဖတ်ဖတ်ခြင်း ယုံတောင် ...ယုံချင်ဘူး။ စာနယ်ဇင်းတွေက တမင်ဂွင်ဖန်တာလားလို့တွေးပြီး ယုံ ...တောင် မယုံချင်ဖြစ်မိတယ်''





www.burmeseclassic.com

www.burmeseclassic.com



"အန်တီလည်း ရုက်လွန်းလို့ မျက်နှာ ဘယ်လိုထားရမှန်းမသိ
တော့ပါဘူးကွယ်၊ မဖြစ်ဘူး မဖြစ်ဘူး မန္တလေးကို ချက်ချင်းလိုက်ပြီး
ဒီပြဿနာကို ရှင်းရမယ်"

"ဒီလောက်လည်း ဒေါသကြီးမနေပါနဲ့ အမေကြီးရယ်၊ ပြဿနာ
တစ်ခုကို ပူပူလောလော မဖြေရှင်းဘဲနဲ့ ခေါင်းအေးအေးထားပြီး ဖြေရှင်း
စမ်းပါ၊ နောက်ပြီး သားက ကလေးအရွယ်လေးလည်း မဟုတ်တော့ဘူး"

သားအတွက် အတ္တမာနနှင့် လောဘရမ္မက်တွေ ထန်နေသော
ဖနီးဖြစ်သူကို ဦးမြင့်သူကြည့်ပြီး စိတ်မသက်သာစွာ ဝင်ဟန့်လိုက်မိသည်။

"ဒီကိစ္စက ခေါင်းအေးအေးထားပြီး ဖြေရှင်းရမယ့်ကိစ္စ မဟုတ်
ပါဘူး၊ ကိုမြင့်သူရယ်၊ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာမှ မထောက် အောက်တြ
ခင်းက ပန်းချီဆရာမတစ်ယောက်နဲ့မှ တွဲရသလား၊ ဟွန်း သတင်းထော
ကို တံမြက်စည်းနဲ့လိုက်ရိုက်တယ်ဆိုတဲ့ သတင်းကြီးက ဒီမိန်းကလေး
ရဲ့စိတ်ဓာတ်နဲ့ အဆင့်အတန်းကို ဖော်ပြနေတာ မဟုတ်ဘူးလား။ ဒီ
မိန်းကလေးမျိုးကို ရှင့်သားက စိတ်ဝင်စားစရာလား"

"ဒါကတော့ကွာ အချစ်မှာမျက်စိမှမရှိတာ"

"အို မျက်စိရှိတာတွေ မရှိတာတွေ ကျုပ်မသိဘူး၊ ဒါ
အကြောင်းပြချက်သက်သက်တွေ၊ ဒီတော့ မနက်ဖြန် မန္တလေးကို သ



မယ်၊ ချက်ချင်းပြန်ခေါ်လာပြီး ဒီရောက်တာနဲ့ သမီးသွန်းနဲ့ စေ့စပ်ပွဲကို
အားချင်းစီစဉ်မယ်"

သွန်းနုဒီ မျက်နှာလေး ဝင်းလက်သွားသည်။

"အန်တီလှိုင်ရယ် ပြည့်ကို အရမ်းကြီးတော့ မကြမ်းပါနဲ့နော်၊
ဒီကိစ္စက အန်ကယ်ပြောသလို အကြမ်းကိုင်လို့မရဘူး၊ အခုကက ပြည့်
ရန်ကုန်ပြန်လိုက်လာဖို့ အချိုသတ်တဲ့နည်းလမ်းကို သုံးရမှာ၊ နောက်ပြီး
သွန်းနဲ့စေ့စပ်ပေးမယ်ဆိုတာကို ပြည့်ကို ပေးမသိပါနဲ့ဦး၊ ဒီရောက်မှ
အခြေအနေကြည့်ပြီး စေ့စပ်ပွဲလုပ်တာပေါ့"

သွန်းနုဒီ၏အကြံဉာဏ်ကို ဒေါ်ကေသီလှိုင် ကြည်ကြည်သာသာ
ဖြင့် ခေါင်းညိတ်လက်ခံပြီး

"အင်းလေ သမီးသွန်းပြောသလို သား ရန်ကုန်ပါလာအောင်
အချိုသတ်ပြီး ခေါ်ခဲ့ရမှာပဲ၊ အခုကက သား အဲဒီမိန်းကလေးနဲ့ဝေးသွား
ဖို့ပဲ မဟုတ်လား"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

တောင်သမန်အင်း၏ညခည်းဆာအလှသည် ချစ်သူနှစ်ဦး၏ ကြည်နူးခန်းလေးကို လွှမ်းခြုံအုပ်မိုးလျက် အရာရာကို မေ့လျော့စေသော ကမ္ဘာသစ်ကလေးတစ်ခုသဖွယ် ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှ၏။

"ကို စက်ဘီးနင်းရတာ မောနေပြီမဟုတ်[illegible]လား သဏ္ဍာန် တယ် လှည့်နင်းမယ်လေ"

တဖြူးဖြူး တိုက်ခတ်နေသော လေပြည်ညင်းသွဲ့သွဲ့တွေကြားထဲမှာ စက်ဘီးစီးရင်း ချစ်သူနှစ်ဦး လေညှင်းခံကြ၏။

"မမောပါဘူး ချစ်သာ ကိုယ့်ခါးကို ဖက်ထားပြီး ကိုယ့်ကျော ပြင်မှာ ပါးအပ်ထားရင် လကမ္ဘာထိရောက်အောင် စက်ဘီးနင်းရလည်း



ကိုယ်မောမယ် မထင်ဘူး"

"ဟုတ်လား ဒါဆို ကို့ခါးကို သဏ္ဍာန် မလွှတ်တမ်း ဖက်ထားမယ်လေ၊ သဏ္ဍာန်ကလည်း ကိုယ်သာ သဏ္ဍာန့်ဘေးမှာ ရှိနေရင် ကမ္ဘာအပြင်ထွက်ဆိုရင်လည်း ထွက်ရဲတယ် သိလား ကို"

ရိုးသားသူချစ်သူနှစ်ဦး၏ ပစ္စုပ္ပန်ထဲမှာ ရိုးရှင်းဖြူစင်သော ချမ်းမြေ့ခြင်းတွေဖြင့် ပြည့်ဝမှတ်သိပ်၍နေ၏။ ထိုအချိန်ကာလလေး ဘယ်သော အခါမှ အတိတ်မှာ မကျန်ခဲ့ရအောင် ပစ္စုပ္ပန်တိုင်း ပစ္စုပ္ပန်တိုင်းသို့ ထာဝရ ယူငင်သွားချင်မိသည်။

ဘယ်လောက် ခမ်းနားလိုက်သည့် လောဘလဲလို့၊

"သဏ္ဍာန်"

"အင်း"

ချစ်သူကျောပြင်နှင့် ကိုယ့်ပါးကိုအပ်ကာ ကိုယ်သင်းနံ့လေးကို မျက်ဝန်းလေးစုံမှိတ်ပြီး ရှူရှိုက်ရင်း ထူးလိုက်သည်။

"ကိုယ့်ကို တကယ်ချစ်ရဲ့လား"

"အယ် ဒီမေးခွန်းကို သဏ္ဍာန်က မေးရမှာလေ၊ ကိုယ်လို စုပါမင်းသား တစ်ယောက်ရဲ့ ချစ်သူဖြစ်ခွင့်ရသွားတဲ့ မိန်းကလေးတစ် ယောက်ကသာ ငါ့ကို တကယ်မှချစ်ရဲ့လားလို့ စိုးရိမ်ပူပန်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



''ကိုယ့်ဘက်ကို လုံးဝစိတ်ချပါ သဏ္ဌာန်ရယ်၊ ဘယ်တော့ မဆိတ်သုန်းတဲ့ချစ်ခြင်းနဲ့ ချစ်နေမယ်ဆိုတာ ယုံစမ်းပါ''

''ယုံချင်ပါတယ် ကို၊ သဏ္ဌာန် မယုံရဲတာက ကံကြမ္မာကိုပ''

''ကံကြမ္မာကို မယုံရဲစရာ ဘာရှိလဲ၊ ကိုယ်တို့ချစ်သူတွေ ဖြစ် ကြပြီပဲ၊ ကိုယ့်ရင်ထဲက သဏ္ဌာန့်ကိုချစ်တဲ့အချစ်တွေ ဘယ်လိုအကြောင် ပြချက်နဲ့မှ ဆိတ်သုန်းမသွားဘူး။ ကိုယ် မင်းကို လက်ထပ်မယ်၊ ပြီးရင် ကိုယ်တို့နှစ်ယောက် ပေါင်းပြီး ဘဝသစ်လေးတစ်ခုကို တည်ထောင် မယ်''

ကွာဟနေတဲ့ရပ်တည်မှုတွေထဲက ညီမျှတဲ့ချစ်ခြင်းတရားရှာ မွေးဖွားပြီးကာမှ မျှော်လင့်ချက်မဲ့တဲ့ အနာဂတ်ဆိုတာ ဖြစ်မလာစေရဘူး

''မြသဏ္ဌာန်ဆိုတဲ့ ချစ်သူဟာ မင်းပြည့်စုံဆိုတဲ့ယောက်ျားတစ် ယောက်အတွက် လတစ်စင်းဖြစ်ခဲ့ရင် မင်းပြည့်စုံဟာလည်း မြသဏ္ဌာန် အတွက် နေတစ်စင်း ဖြစ်ရမှာပေါ့''

''တီ တီ တီ''

ချစ်သူ၏ အင်အားဖြစ်စေသော စကားလုံးတွေက မြသဏ္ဌာန် အတွက်တော့ သိပ်ကိုခမ်းနားထည်ဝါသော လောဘတွေကို ဆင့်ကဲ ပေါ်လာစေ၏။





ထိုထည်ဝါသော ပီတိအတွေးတို့သည် ရှေ့မှပိတ်ရပ်လိုက်သော ကားဟွန်းတီးသံကြောင့် ဝရုန်းသုန်းကား လွင့်ပြယ်ကြကုန်၏။

မင်းပြည့်စုံ စက်ဘီးဘရိတ်ကို ဖမ်းနင်းလိုက်ပြီး အရှိန်လျှော့ ရပ်လိုက်သည်။ အခြေအနေတို့သည် စောစောကလောက် ကြည်မွေ့ရင် ခုန်စရာမကောင်းတော့ဘူးဟု သဘောပေါက်လိုက်သည်။

''ကို အဲဒါ ကိုကား မဟုတ်လား''

''ဟုတ်တယ် သဏ္ဌာန်''

ကားပေါ်မှ မိခင်ဖြစ်သူ ဆင်းလာသဖြင့် မင်းပြည့်စုံ စိတ်ရှုပ် ထွေးစွာဖြင့် ကျစ်ခနဲ စုတ်သတ်လိုက်ပြီး

''လင်းမြတ်တို့ကတော့ ကျိုင်းရှာပြီကွာ၊ ဘာဖြစ်လို့ မာမီ့ကို ခေါ်လာရတာလဲ''

လင်းမြတ်ကို ခပ်တိုးတိုး အပြစ်တင်ပြီး စက်ဘီးပေါ်မှဆင်း လိုက်သည်။ မြသဏ္ဌာန်ပါ ဆင်းလိုက်သည်။

''သဏ္ဌာန် ရော့ ဒီဖုန်းကိုယူထား၊ ကိုယ်ညကျရင် ဖုန်းဆက် မယ်''

ကားနားမှ လျှောက်လာသော မိခင် သူတို့အနား ရောက်မလာ ခင် ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုနှိုက်ကာ သဏ္ဌာန့်ကို မသိမသာ ကပ်



www.burmeseclassic.com

ပေးလိုက်သည်။

မြသဏ္ဍာန် လှမ်းသာယူလိုက်တာ အခြေအနေမှန်ကို မသိသ

ဘာကြောင့်ပေးသည်ဆိုတာကိုလည်း သဘောပေါက်။

"သား ကားတစ်စီးနဲ့မင်းကို ပတ်ရှာနေတာ ကြာပြီ"

"မာမီ ဘယ်တုံးက ရောက်လဲ"

"ဟိုတယ်က မင်းထွက်သွားပြီး သိပ်မကြာဘူး၊ မာမီ ရော

လာတာ"

ဒေါ်ကေသီလှိုင်၏အသံတွေက တင်းမာအေးစက်နေသလို အ

ကြည့်တွေကလည်း မြသဏ္ဍာန်ဆီသို့ စူးတောက်စွာ ကျရောက်နေ

"ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမဲ့တဲ့လုပ်ရပ်တွေကို ဘာလို့ လုပ်

တာလဲ သားရယ်၊ သားရဲ့လုပ်ရပ်တွေက လမ်းဘေးက ကလေကချေ

လို အရမ်းကို အဓိပ္ပာယ်မဲ့နေတယ်"

"မာမီ သား မိတ်ဆက်ပေးမယ်၊ ဒါ သားချစ်သူ မြသဏ္ဍာ

တဲ့"

"မင်းအခု မာမီနဲ့ဟိုတယ်ကို ပြန်လိုက်ခဲ့"

မင်းပြည့်စုံ မိတ်ဆက်ပေးခြင်းကို ဒေါ်ကေသီလှိုင် လုံးဝအရေး

မစိုက်ဘဲ မင်းပြည့်စုံကိုသာ ဖွတ်အတင်းခေါ်နေ၏။





"သဏ္ဍာန် ဒါ ကိုယ့်မာမီ"

"သား အရေးမရ အဖတ်မရတွေ ပြောနေဖို့ အချိန်မရှိဘူးသား။

င်းရဲ့လုပ်ရပ်တွေကို မာမီ အရမ်းရွံတ်ချတယ် သား၊ ကိုယ့်ဂုဏ်ကိုယ့်

သိက္ခာကို နည်းနည်းလေးမှ မငဲ့ကွက်ဘဲ တွေ့ကရာ မိန်းမကို ကောက်

ချဲနေတာကိုတော့ သား အရမ်းလွန်တယ်"

ရင့်သီးသော စကားလုံးတွေက မြသဏ္ဍာန်၏မျက်နှာတစ်ပြင်လုံး

ကို ရှေနွေးပူနှင့် လှမ်းပက်လိုက်သလို ရှိန်းခနဲ ထူပူသွားသည်။

ကိုယ့်ချစ်သူ၏အမေသာ မဟုတ်ခဲ့ဘူးဆိုလျှင် မြသဏ္ဍာန်

တစ်ခွန်းမခံ ပြန်လည်ချေပမိမည်မှာ ကျိန်းသေသည်။

"သဏ္ဍာန်က တွေ့ကရာ မိန်းမမဟုတ်ပါဘူး မာမီ၊ သား

အမြတ်တနိုး တန်ဖိုးထားတဲ့ မိန်းကလေးတစ်ယောက်ပါ၊ သား သူ့ကိုချစ်

တယ်၊ အဆုံးရှုံးမခံနိုင်ဘူး၊ ဒါကြောင့် မာမီလည်း သူ့ကိုကြည်ကြည်ဖြူဖြူ

နဲ့ လက်ခံပေးပါ"

ဒေါ်ကေသီလှိုင် ပို၍ဆွေ့ဆွေ့ခုန် သွားလေသည်။

"မင်း မင်း အဓိပ္ပာယ်မရှိဘာတွေ မပြောဘဲ ကားပေါ်ကို

တက်လိုက်ပါ၊ မာမီ ဒါသမထွက်ချင်ဘူး၊ နောက်ပြီး အဲဒီ မိန်းကလေး

ကိုလည်း မထိခိုက် မနစ်နာစေချင်ရင်ပေါ့"

www.burmeseclassic.com



မြသဏ္ဍာန် အခြေအနေအရပ်ရပ်ကို သဘောပေါက် နားလည်စွာဖြင့် ချစ်သူကို ကြည့်လိုက်သည်။

"ကို ပြန်လိုက်သွားလိုက်ပါ။ ကို့အခြေအနေ ကို့အဆင့်အတန်းက လမ်းလယ်ခေါင်မှာ အော်ကြီးဟစ်ကျယ် ပြဿနာရှင်းရမယ့် အဆင့်အတန်းမဟုတ်ပါဘူး၊ ခုအခြေအနေမှာ ကို ပြန်လိုက်သွားလိုက်ပါ"

မြသဏ္ဍာန်၏တိုက်တွန်းဖျောင်းဖျခြင်းကို ဒေါ်ကေသီလှိုင် မျက်မြို့စွာဖြင့် မဲ့လိုက်သည်။

"ကောင်းပြီလေ၊ ကိုယ် ခဏ ပြန်လိုက်သွားမယ်၊ ဒါပေမဲ့ သိပ်မကြာခင်မှာ ကိုယ် သဏ္ဍာန့်ဆီ ပြန်လာခဲ့မယ်၊ ကိုယ့်ကိုစောင့်နေပါ ကိုယ် သဏ္ဍာန်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး"

"သဏ္ဍာန် ယုံပါတယ် ကို၊ ဘာဂုဏ်သိက္ခာ ဘာထည်ဝါမှုတွေကိုမှ ယူမလာဘဲ သဏ္ဍာန့်ဆီ ပြန်လာမယ့်နေ့ကို သဏ္ဍာန် မျှော်နေမယ်"

"ဒီမှာ မိန်းကလေး၊ တို့သားက မွေးကတည်းက ဂုဏ်သိက္ခာတွေ ထည်ဝါမှုတွေရဲ့အလယ်မှာ လူဖြစ်လာရတာကွ၊ ဒါကို မင်းက စွန့်ခွာနိုင်းပြီး မင်းဆီလာနိုင်းတာတော့ တဆိတ်မလွန်လွန်းဘူးလား ဒီတော့ တို့ ရှင်းရှင်းပဲပြောမယ်၊ မင်းနဲ့အဆင့်အတန်းတူတဲ့ ယောက်ျားတွေ လောကမှာ တပုံတပင်ကြီးပဲ၊ သူတို့ကို မင်းရွေးချယ်လိုက်ပါ၊ ငါ့





သားကို မမျှော်နေပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ တို့သားက မင်းဆီကို ဘယ်တော့မှ ပြန်လာမှာ မဟုတ်လို့ဘဲ"

"ပြန်လာတာ မလာတာက ကိုယ့်အပိုင်းပါ အန်တီ၊ ကိုယ့်ချစ်သူကို ရိုးသားတဲ့စိတ်နဲ့ မျှော်လင့်နေမယ့်အပိုင်းက ကျွန်တော့်အပိုင်းပါ၊ အန်တို့အနေနဲ့ ရုပ်ခန္ဓာကြီးကိုသာ ကျွန်တော့်ဆီ ရောက်မလာဖို့ တားဆီးနိုင်ပေမယ့် ကို့ရဲ့စိတ်တွေ ကျွန်တော့်ဆီ ရောက်မလာအောင်တော့ မတားဆီးနိုင်ပါဘူးနော်"

"တောက် လင်းမြွတ်နဲ့ဖိုးချစ် ဘာရပ်လုပ်နေကြတာလဲ၊ သားကို ကားပေါ်ဆွဲတင်ကြစမ်း၊ မင်းတို့ လုံးဝကို အသုံးမကျတဲ့ကောင်တွေ"

မြသဏ္ဍာန်၏သွေးအေးသော တုံ့ပြန်စကားကို ဒေါ်ကေသီလှိုင် ပြန်တုံ့ပြန်စရာ စကားစရှာမရတော့ လင်းမြွတ်နှင့်ဖိုးချစ်ရှိရာသို့ လှမ်း၍ မဲတော့၏။

လင်းမြွတ်နှင့်ဖိုးချစ် ဒေါ်ကေသီလှိုင်၏အမိန့်ကို မလွန်ဆန်ရဲတော့။ မင်းပြည့်စုံကို ကားပေါ်သို့ အတင်းတွန်းတင်ကြ၏။

ကားပေါ်ရောက်တော့ မင်းပြည့်စုံ ယုံကြည်ချက်အပြည့်ပါသော အကြည့်ဖြင့် ခေါင်းကိုဆတ်ခနဲညိတ်ပြသွားသည်။

ကားက မြသဏ္ဍာန်ရှေ့မှ မောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသူရှင်းလင်းနေသော လမ်းမအလယ်မှာ မြသဏ္ဍာန် ဆိုနင်
ကြေကွဲစွာ တစ်ယောက်တည်း ကျန်ခဲ့၏။ လက်ထဲမှ ကျစ်ကျစ်ပါအောင်
ဆပ်ကိုင်ထားသော ဖုန်းလေးကို ညမီးရောင်ဖျော့ဖျော့အောက်မှာ ငုံ
ကြည့်လိုက်သည်။

ချစ်သူ၏အငွေ့အသက်ကလေးအဖြစ် ဖုန်းလေးက မြသဏ္ဍာန်
ကို အားပေးနှစ်သိမ့်နေသလိုပင်။

■ ■ ■



## အခန်း (၂၈)

"သား ပြန်မလိုက်နိုင်သေးဘူး မာမီ၊ ဒီမှာတစ်ပတ်လောက်
နေခဲ့ဦးမယ်"

"ဘာ မင်း မင်းရဲ့ဦးနှောက်တွေ ပုံမှန်ရော ရှိသေးရဲ့လား၊
မင်းကိုယ်မင်း ဘာတာဝန်မှမရှိတဲ့ ခပ်ပေါ့ပေါ့လူတစ်ယောက်လို့များ သတ်
မှတ်ထားသလား"

"သား သဏ္ဍာန်ကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားပြီးသားမို့
ဒီမှာပဲ အကျဉ်းရုံးလက်ထပ်ပြီး ရန်ကုန်ကို ဇနီးတစ်ယောက်အဖြစ် ခေါ်
သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သားဏါဆုံးဖြတ်ချက်တွေသည် ဒေါ်ကေသီလှိုင်အဖို့ သွေးတိုး ရောဂါသာရှိလျှင် တစ်ခါတည်း သွေးတက်ပြီး သေသွားနိုင်လောက်၏

"အမလေး ဘုရား ဘုရား။ သား မာမီ့ကို တစ်ခါတည်း အသေသတ်နေတာလားဟင်"

"ငါ့တူ အိမ်ထောင်ရေးကိစ္စကို အဲဒီလောက် အလျင်စလို မဆုံးဖြတ်ရဘူးလေ၊ အသေအချာ ခေါင်းအေးအေးထားပြီး စဉ်းစားပါ ငါ့တူရယ်၊ ကိုယ်က အောင်မြင်ကျော်ကြားနေတဲ့ အနုပညာရှင်တစ် ယောက်နော်၊ ကိုယ်လက်ထပ်မယ့် အိမ်ထောင်ဖက်ကို အဲဒီလောက် လွယ်လွယ်နဲ့ မရွေးချယ်မဆုံးဖြတ်လိုက်ပါနဲ့"

ဦးသောင်း တူဖြစ်သူကို စိုးရိမ်ပူပန်စွာဖြင့် ဝင်တားရှာသည်

"မင်းတို့လည်း အတူတူပဲ မောင်သောင်း။ မန္တလေးမှာ ဦးလေး အရင်းခေါက်ခေါက်ကြီးရှိရဲ့သားနဲ့ ကိုယ့်တူလေး ဒီလိုပရမ်းပတာ ဖြစ် နေတာကို နည်းနည်းလေးမှ မရိပ်မိကြဘူးလား။ ခုမှ ငါ့ရှေ့မှာ ဟန် ဆောင်ပန်ဆောင် လာဆုံးမပြနေတယ်"

ဦးသောင်းရော ဒေါ်စိန်စိန်ပါ ဒေါ်ကေသီလှိုင်အား ဘာမှ စောဒကမတက်ရဲဘဲ ငြိမ်နေရသည်။

"လင်းမြတ်"





"ဗျာ အန်တီလှိုင်"

"မနက်ဖြန် မနက်စောစော ရန်ကုန်ပြန်ဆင်းမယ်၊ ကားတွေ အကုန်လုံး ဆီအပြည့်ဖြည့်ထား"

"ဟုတ်ကဲ့ အန်တီလှိုင်"

"ဖိုးချစ်"

"ခင်ဗျာ"

အားလုံး၏မျက်နှာတွေမှာ ဒေါ်ကေသီလှိုင်၏ဆူပူမာန်မဲမှု အောက်တွင် မျက်နှာသေလေးတွေဖြင့်

"မင်းက ဟိုတယ်ကိုပြန်၊ ပစ္စည်းတွေသိမ်းသင့်တာကို အကုန် သိမ်းဆည်းထား။ အေး ကြားထဲက ဟိုပေါက်လွှတ်ပဲစားမနဲ့ အဆက် အသွယ်လုပ်ပေးတယ် ဘာညာကြားလို့ကတော့ လုံးဝကို ခွင့်မလွှတ်ဘူး"

"ဟုတ် ဟုတ်ကဲ့ မ မလုပ်ပါဘူး အန်တီလှိုင်"

ဖိုးချစ် ဦးသောင်းဧည့်ခန်းထဲကနေ ခပ်ကုတ်ကုတ် ထွက်သွား ၏။ ဖိုးချစ်ထွက်သွားတော့ မင်းပြည့်စုံပါ ထိုင်ရာမှ ထလိုက်သည်။

"မင်းက ဘယ်လဲ"

"သားလည်း ဟိုတယ်ခဏပြန်လိုက်ဦးမယ် မာမီ၊ သားရဲ့ အရေးကြီးတဲ့ ပစ္စည်းတွေ ကျန်ခဲ့မှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



မင်းပြည့်စုံ မာမီ့အရှေ့မှာ မနေချင်၍ တမင်အကြောင်းပြလိုက်သည်။

"မလိုပါဘူး။ မင်းပြန်ထိုင်နေစမ်း သား။ ဖိုးချစ် ကလေးမဟုတ်ဘူး၊ သူ အကုန်လုပ်တတ်တယ်"

မင်းပြည့်စုံ စိတ်ပျက်စွာဖြင့် ကျွတ်ခနဲ စုတ်သတ်ကာ နေရာမှာပင် ပြန်ထိုင်နေလိုက်ရ၏။ ခုချိန်မှာ မာမီနှင့် ဘာမျှအတိုက်အခံလုပ်၍ ရမည်မထင်တော့။

ကိုယ့်ဘက်က မာမီ့ကို အရွဲ့တိုက်လေ မာမီ့ဘက်က ရှိသမျှ အရှိန်အဝါကိုသုံးပြီး သဏ္ဍာန့်ကို ဒုက္ခပေးနိုင်လေလေမို့ မင်းပြည့်စုံ ရင်ထဲကဆန္ဒတွေကို မလွှဲသာလွန်း၍ မျိုသိပ်လိုက်ရ၏။

ရန်ကုန်ရောက်မှ အခြေအနေကြည့်ပြီး သဏ္ဍာန့်ဆီကို ပြန်လာမည်ဟု တိတ်တဆိတ် ဆုံးဖြတ်လိုက်၏။ ခုချိန်မှာ မာမီ့ဆန္ဒတွေ အလိုက်သင့်လေး လက်ခံလိုက်တာဟာ မင်းပြည့်စုံအတွက် ထွက်ပေါက်တစ်ခု ရနိုင်လောက်သည်။

ဒီကြားထဲ ဖုန်းနှင့်စကားပြော၍ရနေသေးတာပဲဟုသော မျှော်လင့်ချက်ကလေးကို မက်လုံးတစ်ခုအဖြစ် တွေးလိုက်သည်။

စိတ်ချပါ သဏ္ဍာန် ကိုယ့်မှာ ဘယ်လိုအခက်အခဲမျိုးတွေ





...ပါစေ သဏ္ဍာန့်ဆီကို အရောက်ပြန်လာခဲ့မှာပါ။

ရင်တွင်းမှ ကတိတွေ အကြိမ်ကြိမ်ပေးကာ သက်ပြင်းမောတစ်ခု ...မသိမသာ ခါချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ရန်ကုန်ပြန်ရောက်တော့ မင်းပြည့်စုံ၏စိတ်တွေကို ပို၍မှန်

စေသော အကြောင်းအရာတစ်ခုက ကြိုဆိုနေသည်။

''ကျွတ် မဖြစ်နိုင်ဘူး မာမီ၊ သား သွန်းနုဒီကို လုံးဝ လက်မ

နိုင်ဘူး''

ကိုယ့်ချစ်သူကလွဲ၍ ကိုယ့်ဘဝထဲကို မည်သူ့ကိုမျှ အဝင်

နိုင်ခြင်းသည် အတွှာ ခေါ်မည်ဆိုလျှင် ဘဝတစ်ခုလုံးကို ထိုအတွ

ထဲ ဆုံးဆုံးမြုပ်ပစ်လိုက်ချင်ပါ၏။

''လက်မထပ်လို့ မရဘူး သား၊ မာမီတို့လူကြီးချင်းလည်း

ဆိုပြီးသွားကြပြီ၊ သွန်းလေးကလည်း ဟိုးအရင်ကတည်းက သာ





သံယောဇဉ်တွယ်လာခဲ့တာ အသိသာကြီး၊ ဂုဏ်ဂုဏ်ချင်းထပ်တော့ ပို

ကောင်း မြတ်သွားသေးတယ်''

''မာမီ သား ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူးနော်၊ အခု မာမီ

ပြောတဲ့အကွက်တွေက ရိုက်ကွင်းထဲက အတုအယောင် ဇာတ်ကွက်တွေနဲ့

ဆင်နေတယ်၊ မာမီတို့မှာ ဂုဏ်ရှိပြီးသားကို ဘာကြောင့် သူများရဲ့ဂုဏ်

တွေကိုပါ လောဘတကြီး မျှော်လင့်ပြီး ကိုယ့်သားနဲ့ အလဲအလှယ်လုပ်

ချင်နေရတာလဲ၊ သား ဘဝကို ကိုယ်မချစ်တဲ့ မိန်းမဘေးမှာ အသက်မပါ

တဲ့ သူတစ်ယောက်လို အနှစ်မဲ့နေသွားရတော့မှာလား၊ မာမီက သားကို

လူသားတစ်ယောက်လို့ရော မြင်သေးရဲ့လား၊ သားက မာမီတို့ ပုံစံခွက်

ထဲမှာ အလိုက်သင့် ကူးမျောနေမယ့် အလှမွေးငါးတစ်ကောင် မဟုတ်ဘူး

မာမီ''

ရင်ထဲမှာ မချိတော့လွန်း၍ စိတ်ထဲရှိသည့်အတိုင်း ဖွင့်ပြောချ

လိုက်တော့သည်။

''သား မာမီ့ကို ဘယ်လိုပဲထင်ထင် ဘယ်လိုပဲ အပြစ်တင်တင်

ပေတယ်၊ မာမီကတော့ လုပ်စရာရှိတာ ဆက်လုပ်သွားမှာပဲ၊ ကိုယ်ရွေးလို

ညီး မွေးလာတဲ့သားကို ဘယ်မျိုးရိုးက ဆင်းသက်လာမှန်းမသိတဲ့ မိန်း

ကလေးတစ်ယောက်နဲ့ လုံးဝသဘောမတူနိုင်ဘူး''

ချစ်သူကိုထိတော့ ရင်ထဲမချိအောင် နာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဏ္ဌာန်ဟာ သားတို့လောက် မကြွယ်ဝမချမ်းသာပေမယ့် ရှိးသားဖြူစင်တယ်၊ တကယ့်ကို အပြစ်ကင်းစင်တဲ့ မိန်းကလေးပါ သဏ္ဌာန့်အချစ်ကိုရဖို့အတွက် သား ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာပါ မာမီ"

"သားရယ် သားအရွယ်က နှလုံးသားနဲ့ဆုံးဖြတ်ရမယ့်အရွယ် မဟုတ်တော့ဘူးလေ၊ အခု သား ခံစားနေရတာတွေဟာ လူငယ်တစ် ယောက် ခံစားသင့် ခံစားထိုက်တဲ့ ခံစားမှုဖြစ်ရိုးဖြစ်စဉ်လေးတစ်ခုပါ ဒီအချိန်လေးကို စိတ်တင်းတင်းထားပြီး ကျော်ဖြတ်နိုင်ရင် တစ်ချိန်ကျ ရင် ဒါတွေဟာ ပုံပြင်တစ်ပုဒ်လိုပဲ သားအာရုံထဲကနေ တဖြည်းဖြည်း ပျောက်ကွယ်သွားမှာပါကွယ်"

မင်းပြည့်စုံ မာမီ့ကို ဘာမျှထပ်ပြီး မေဒက တက်မနေတော့ ကိုယ့်ခံစားချက်ကိုကိုယ် ရှေ့တန်းတင်ပြီး ပြောနေကြသော သားအမိ နှစ်ယောက်၏အခြေအတင်ပွဲလေးသည် ငြိမ်းအေးလျက်ဖြင့် ပြေလည်သွား မည် မဟုတ်ဘူးဆိုတာ ကောင်းကောင်းသဘောပေါက်လိုက်၍ ကိုယ့်ရေး တွေကို ရင်ထဲပြန်မျိုချပြီး မာမီ့ကို အတိုက်အခံ ဘာမျှထပ်မပြော ထိုင်ရာမှ ထလိုက်သည်။

"ကဲ မာမီ သား ခရီးပန်းလာတယ်၊ ခဏ အနားယူလိုက်ဦး မယ်"





"နေဦး သား၊ သွန်းနဒီ လာမယ်လို့ မာမီ့ကို ဖုန်းဆက်ထား တယ်"

"ကျွတ် သူက ဘာလာလုပ်ဦးမလို့လဲ မာမီရာ"

သွန်းနဒီ လာမည်ဆို၍ မင်းပြည့်စုံ စိတ်ပျက်သွားမိတာ အမှန် ပင်။ ယခုလို စိတ်တွေရှုပ်ထွေးနေချိန်မှာ မည်သူ့ကိုမျှ ဟန်ဆောင်ပန် ဆောင် စကားတစ်ခွန်းပင် ပြောဆိုလိုခြင်းမရှိ။

"ကြော် သားရယ်၊ သားကိုတွေ့ချင်လို့ သူ့ခမျာ လာတွေ့ရှာ တာပါကွယ်၊ သားအပေါ် သွန်း ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆို တာ သားလည်း သိသားနဲ့ကွယ်၊ ခဏလောက် စောင့်လိုက်ပါကွယ်"

မင်းပြည့်စုံ ဆိုဖာပေါ်တွင် ခေါင်းငိုက်စိုက်ချကာ စိတ်ပျက်လက် ပျက် ပြန်ထိုင်ရပြန်၏။

"ဟော လာပြီထင်တယ်၊ ခြံထဲ ကားဝင်လာသံကြားတယ်"

ဒေါ်ကေသီလှိုင် ကားသံကြား၍ ထသွားကာ အိမ်ရှေ့သို့ ထွက် သွား၏။

"ဟော သမီးလေးသွန်း ထင်တယ်၊ ကားသံကြားတာနဲ့ အန်တီ လှိုင်က သမီးလေးသွန်းဆိုတာ သိပြီးသား"

"ပြည့်ရော အန်တီလှိုင်"

"ရှိပါ့တော် ရှိပါ့ သမီးလာမယ်ဆိုလို့ အနားမယူသေးဘဲ စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ လာ သမီး သားက ညှော်ခန်းထဲမှာ''

ဒေါ်ကေသီလှိုင် သွန်းနဒီ၏လက်ကလေးကို ပေးယုတယ ဆွဲပြီး အိမ်၏ညှော်ခန်းထဲသို့ ဝင်လာလိုက်၏။

''အန်တီလှိုင့်သမီးလေးက ဘယ်တော့ကြည့်ကြည့် ပြစ်မျိုးနဲ့ မထင်ကို လှနေတော့တာပဲ၊ ဒီလို အထက်တန်းကျတဲ့ ရုပ်ရည်ရှူပကာ လေးကို ချွေးမတော်ချင်နေကြတဲ့ ယောက္ခမလောင်းတွေ ကြားထဲကမှ အန်တီလှိုင်က ချွေးမတော်ရမယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ် လိုက်တာ မပြောပါနဲ့တော့ကွယ်၊ သားပြည့်နဲ့သမီးသွန်းဆိုရင် အားလုံးက ချစ်ကြတော့ သားတို့သမီးတို့ရဲ့ မင်္ဂလာပွဲကို ပြည်သူ့ပရိသတ်တွေရော ကိုယ့်အသိုင်းအဝိုင်းတွေကပါ ခြိမ့်ခြိမ့်သဲ အားပေးကြမှာ မြင်ယောင်ပါ သေးတယ် သမီးရယ်''

''အန်တီလှိုင် အပြောနဲ့တင် သွန်း ဒီထက်ပိုပြီး နုပျိုသွားပြီ လားတောင် မသိတော့ပါဘူး အန်တီလှိုင်ရယ် အဟင်း ဟင်း ဟင်း''

သွန်းနဒီ ချိုလွင်သော အသံလေးဖြင့် ရယ်သွမ်းသွေးလိုက် သည်။

''ကဲ သားနဲ့သမီး စကားအေးအေးဆေးဆေး ပြောကြ မာမီ သမီးလေးသွန်းအတွက် မီအေးကို တစ်ခုခုသွားစီစဉ်ခိုင်းလိုက်ဦးမယ်''

ဒေါ်ကေသီလှိုင် အိမ်ထဲဝင်သွားတော့မှ သွန်းနဒီ မင်းပြည့်စုံ

ဗျူးစာပေ



အားမှာ ကပ်ထိုင်လိုက်သည်။

''ပြည့် တော်တော် နေနိုင်တယ်သိလား၊ သွန်း ဖုန်းဆက်တိုင်း ဘာလို့ အမြဲတမ်း ဖုန်းပိတ်ထားရတာလဲ''

''ဖုန်းမပိတ်ထားရင် ရန်ကုန်က အလုပ်ကိစ္စတွေ ဝင်လာမှာပေါ့၊ အနားယူပါတယ်ဆိုမှ ခေါင်းထဲကို ဘာလိုစိတ်ရှုပ်စရာမှ အဝင်ခံလို့ မရဘူး''

''ခုရော နေကောင်းသွားပြီလား''

''လူကတော့ နေကောင်းသွားပြီ၊ စိတ်ကတော့ နေမကောင်း သေးဘူး''

''ဟော့တော် ဖြစ်ရပြန်ပြီ၊ စိတ်က ဘာဖြစ်လို့ နေမကောင်း ရတာလဲ၊ ဘာလဲ မြက်မကျွေးရသေးလို့လား အဟင်း ခစ် ခစ် ခစ်''

''ကိုယ် တကယ် စိတ်နေမကောင်းဖြစ်နေတာ သွန်း''

''ဒါဆို ပြောပြလေ၊ ကုပေးလို့ရရင် ကုပေးမှာပေါ့''

''သွန်း ကုပေးလို့ရမယ့် ရောဂါမျိုးမှ မဟုတ်တာ''

''ဒါဆို အထူးကုနဲ့ပြပေးမှာပေါ့''

''အထူးကုနဲ့လည်း မရဘူး''

''ဒါဆို သွန်း ဘယ်လိုကုပေးရမလဲ''

''ဘယ်လိုမှ ကုမပေးနဲ့၊ ကိုယ့်ရောဂါက ကိုယ့်ချစ်သူကပေးမှ

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်မယ့် ရောဂါ''

''ဟင်''

သွန်းနဒီ မျက်နှာပျက်ယွင်းသွားသည်။

''ဘယ်လို ပြည့်မှာချစ်သူရှိတယ် ဟုတ်လား။ ဘယ်သူလဲ သွန်းတို့အသိုင်းအဝိုင်းထဲကလား''

''မဟုတ်ဘူး မန္တလေးက ပန်းချီဆရာမလေးတစ်ယောက်''

မျက်နှာပျက်ယွင်းခြင်းတွေနှင့်အတူ သွန်း နှုတ်ခမ်းလေး မသိမသာ မဲ့လိုက်သည်။ ပြည့်၏ချစ်သူဆိုတာ သွန်းထက်သာနိုင်ပါ့မလား။ သွန်းလို မယ်ဘွဲ့တွေ အများကြီးရထားတဲ့ အလှပိုင်ရှင်ထက် ပြည့်၏ချစ်သူက အဖက်ဖက်က သာနိုင်ပါ့မလား။ အလှချင်းယှဉ် ယှဉ်ပြလိုက်ချင်ပါ၏။

သွန်းရင်ထဲမှာ မမြင်ဖူးသော မင်းပြည့်စုံ၏ချစ်သူကို မနာလိုဝန်တိုတွေဖြစ်နေမိ၏။

''ပြည့် သူ့ကိုတကယ်လက်ထပ်နိုင်လို့လား။ အဆင့်အတန်းခြင်းရော တူလို့လား''

ထိုအမေးသည် မင်းပြည့်စုံ၏ရင်ကို ဆူးချွန်နှင့် ထိုးကလန့်လိုက်သလို နာကျင်သွားရ၏။

''အဆင့်အတန်းဆိုတာ ဘာကိုပြောတာလဲ သွန်း။ ကိုယ်က

ဗျူး၈၁၇၆၀



တော့ မိုးကောင်းကင်နဲ့မြေကြီးကြားထဲမှာ အသက်ရှင်ရပ်တည်နေတဲ့ သူတွေအားလုံးဟာ အကုန်အဆင့်အတန်းတူတဲ့လူသားတွေချည်းပဲလို့ မြင်တယ်၊ ပစ္စည်းဥစ္စာဆိုတာ တကယ်တမ်း ဘာမှတန်ဖိုးမရှိဘဲ့အရာမှ မဟုတ်တာ၊ သေရင်လည်း ယူသွားလို့မရဘူး။ ထားခဲ့ရမှာ အဓိက အရေးကြီးတာက လူဖြစ်တုံးအခိုက်မှာ စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြူစင်ဖို့ပဲ မဟုတ်လား။ အခု ကိုယ့်ချစ်သူက အရမ်းကို ရိုးသားဖြူစင်ပြီး ပြစ်မျိုးမဲ့မထင် သိက္ခာရှိတဲ့ မိန်းကလေး၊ ကိုယ့်ဘဝလက်တွဲဖော်ကို အဲဒီလို မိန်းကလေးမျိုးကို ရွေးချယ်တာ ကိုယ် မမှားပါဘူး သွန်း''

သွန်းနဒီ အောက်နှုတ်ခမ်းကို နာကျင်အောင် ဖိကိုက်လိုက်သည်။ နှာသီးဖျားလေးတွေ ရဲလာအောင် မျက်ဝန်းမှ မျက်ရည်တို့ ဝေ့လာသည်။

ပြည့် ဆိုလိုတာက သူ့ချစ်သူက ပြစ်မျိုးမဲ့မထင် ရိုးသားတဲ့ သူဖြစ်ရမယ်။ ဒါကြောင့် ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တာဆိုလျှင် ပြည့်အနေနှင့် သွန်းကို မရွေးချယ်ခဲ့ခြင်းက သွန်းဟာ အပြစ်အနာအဆာ တွေနဲ့ ဂုဏ်သိက္ခာမဲ့လွန်းနေသည့် မိန်းကလေးဖြစ်နေလို့ပေါ့။ ရက်စက်လိုက်တာ ပြည့်ရယ်။

သွန်း၏ နှမြောဘသစ္စာဖြင့် တိတ်တဆိတ် ကြေကွဲနေမိသည်။

''ဒါဆို လူကြီးတွေ စီစဉ်တဲ့ မင်္ဂလာကိစ္စကို ပြည့် ဘယ်လို

ဗျူး၈၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com

လုပ်မလဲ''

''ခုပဲ ကိုယ် မာမို့ကို ငြင်းနေတာ၊ အချစ်မပါတဲ့အိမ်ထောင်ရေး ကို အချိန်ကုန်ခံပြီး မတည်ဆောက်ချင်ဘူး သွန်း။ ဒါကြောင့် ကိုယ့်ကို သွန်း နားလည်ပေးပါ၊ သွန်းကို သူငယ်ချင်းအဖြစ်ပဲ ဆက်ပြီး ခင်နေပါ ရစေ''

ပေါ်တင်ကြီး ငြင်းချက်တင်နေသော မင်းပြည့်စုံ၏စကားသံ တွေကို သွန်းနဒီ ဆက်ပြီးနားထောင်နိုင်စွမ်း မရှိတော့။

''ပြည့် အရမ်းရက်စက်တယ်''

သွန်း ရှိုက်ငင်ကာ အနားမှ ပြေးထွက်သွားသည်။

တစ်ဘဝလုံးနဲ့ရင်းရမည့်ကိစ္စမှာ ညှာတာထောက်ထားနေလို့မှ မရတာ။ သဏ္ဍာန့်အတွက် ဒီလောက်တော့ ပြတ်သားရတော့မှာပေါ့။

■ ■ ■



## အခန်း (၃၀)

မင်းပြည့်စုံ နွမ်းလျစွာဖြင့် ကိုယ့်အိပ်ရာပေါ် ပစ်လှဲချလိုက် သည်။ ရင်ထဲမှာ သဏ္ဍာန့်ကိုသာ သတိတွေရနေမိသည်။

''ဒီလိုသာ သဏ္ဍာန်နဲ့ တစ်သက်လုံး ခွဲခွာလိုက်ရမယ်ဆိုရင် ကိုယ် သေသွားနိုင်တယ်ကွာ''

ခုတင်ထက်တွင် မှောက်ခုံလှဲအိပ်ကာ တစ်ကိုယ်တည်း ခပ်တိုး တိုး ရေရွတ်လိုက်သည်။ ခရီးပန်းလာသည့်အရှိန်ကြောင့် လူက နွမ်းလျ နေသည်။

ရုတ်တရက် သဏ္ဍာန်ကို ဖုန်းဆက်ရန် သတိရလာသဖြင့် ကြိမ်ခုံဝိုင်းလေးပေါ်မှာ တင်ထားသည့် ဖုန်းခလုပ်ကလေးတွေကို နှိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ လူချင်းမတွေ့ရပေမယ့် အသံလေးပဲ ကြားရဦး ဝေဒနာ အနည်းငယ် သက်သာနိုင်ပါ၏။

"သဏ္ဍာန် ကိုယ် အခု ရန်ကုန်ပြန်ရောက်ပြီ"

"..."

"ဟုတ်တယ် ကိုယ်လည်း သဏ္ဍာန့်ကို အရမ်းသတိရနေတာ ဖြစ်နိုင်ရင် သဏ္ဍာန့်ဆီပြေးလာချင်တယ်ကွာ၊ သဏ္ဍာန့်ကိုလွမ်းလို့ ကိုယ် တကယ် ခံစားနေရတယ်"

"..."

"စိတ်ချ သဏ္ဍာန် ကိုယ် သဏ္ဍာန့်ဆီကိုပဲ အရောက်ပြန်လာခဲ့မယ်၊ ဒီကကိစ္စတွေကို ရှင်းပြီးတာနဲ့ အမြန်ဆုံးရောက်အောင် လာခဲ့မှာပါ၊ သဏ္ဍာန်သာ ကိုယ့်ကိုစောင့်နေတော့နော်"

"..."

"ဘယ်လို ကိုယ်က သဏ္ဍာန့်ကို မေ့ပစ်ရမယ် ဟုတ်လား၊ ကျွတ် အဓိပ္ပာယ်မရှိတာတွေ မပြောပါနဲ့ကွာ၊ ကိုယ် သဏ္ဍာန့်ကို ဘယ်လောက်ချစ်ခဲ့သလဲဆိုတာ သဏ္ဍာန် မသိလို့ ဒီစကားမျိုး ပြောထွက်နေတာလား"

မင်းပြည့်စုံ၏အသံတို့သည် အားဖျော့တုန်အက်နေသည်။ လမ်းခွဲဖို့စကားကို လေသံမျှပင် မကြားချင်ဘာ ကိုယ့်ရဲ့အားနည်းချက်တစ်ခု





ဝင်ဖြစ်သည်။

မြသဏ္ဍာန်ကိုချစ်ခဲ့တာ တစ်ဘဝလုံးစာ ထာဝရနိုးစပ်ပိုင်ဆိုင်ဖို့ ...တွက် ချစ်ခဲ့တာပဲ။ စိတ်ကူးယဉ်ပုံပြင်တစ်ပုဒ် ဖန်တီးဖို့သက်သက် ချစ်ခဲ့တာမှ မဟုတ်တာ။

"ကိုယ့်ကိုနောက်ထပ် အဲဒီလိုစိမ်းကားတဲ့စကားမျိုးတွေ မပြောပါနဲ့၊ အခြေအနေအရမို့ ခဏခွဲခဲ့ရပေမယ့် ကိုယ့်စိတ်တွေက အချိန်ပြည့် သဏ္ဍာန့်ဆီမှာ ကျန်ခဲ့တာပါ၊ ဒီအတိုင်းလေးပဲ ခဏသည်းခံပြီး စောင့်ပေးပါ အချစ်ရယ်၊ အချိန်အပိုင်းအခြားတစ်ခုက ကိုယ်တို့ကို ဆုံဆည်းခွင့်တွေ ပေးမှာပါ"

"ဒေါက် ဒေါက် ဒေါက်"

မင်းပြည့်စုံ ချစ်သူကို ချွေးသိပ်နေတုံး အခန်းတံခါး ခေါက်သံကြောင့် ဖုန်းပြောနေရင်းမှ အခန်းဝကို လှမ်းကြည့်ကာ

"သဏ္ဍာန် ညကျရင် မအိပ်နဲ့ဦး၊ ကိုယ် ဖုန်းပြန်ခေါ်မယ်၊ ခုဒေါ်လာလို့ ဖုန်းချလိုက်တော့မယ် သိလား"

မင်းပြည့်စုံ ဖုန်းခွက်ပေါ်ဖုန်းကို ကမန်းကတမ်း တင်လိုက်ပြီး ...င်သေသေဖြင့် အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

အခန်းတံခါးဖွင့်ပြီး ဝင်လာသူက ဒေါ်ကေသီလှိုင် မဟုတ်။ ...င်းမြတ် ဖြစ်နေသည်။ လင်းမြတ် အိပ်ချင်ဟန်ဆောင်နေသော မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com



စုံကို ကြည့်ပြီး ပြုံးသည်။

"ဟော့ကောင် ခုမှ အိပ်ချင်ဟန်ဆောင်မနေနဲ့ ထ၊ စောစော တော့ အပြတ်ကြွေနေပြီး ခုကျမှ သူငယ်နှပ်စားလေးလို ဟန်ဆောင်ပြ နေတယ်"

လင်းမြတ် မှောက်ခုံကြီး အိပ်ချင်ဟန်ဆောင်နေသော မင်းပြည့် စုံ၏ကျောကို ဖတ်ခနဲ ပုတ်လိုက်ပြီး နှိုးလိုက်သည်။

မင်းပြည့်စုံ မာမီ့အသံမဟုတ်သဖြင့် ခေါင်းထောင်လာပြီး မှောက်အိပ်နေရာမှ ထထိုင်လိုက်သည်။

"မာမီရော ငါက မာမီအောက်မေ့လို့ တမင်ငြိမ်နေတာ"

"မင်းမာမီ မင်းကိုပေါက်ကွဲနေတယ်၊ သွန်းနဒီ ဘာတွေ ဖုန်း ဆက်ပြောလို့လည်း မသိဘူး"

"ငါ သူ့ကို ပေါ်တင်ပဲပြောလိုက်ပြီ လင်းမြတ်"

"သဏ္ဌာန့်ကိစ္စကိုလား"

"ဟုတ်တယ်"

လင်းမြတ် စိတ်မောစွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက် သည်။

"မင်းတို့ကိစ္စက သိပ်တော့ မလွယ်လောက်ဘူးနော်၊ မင်း မားသားကြီးနဲ့မင်း အတော်လေးကို အစတိုက်အခံလုပ်ရမှ ငါ့စိတ်ထဲ





င်း မြသဏ္ဌာန်ကို အဲဒီလောက် စွဲစွဲလန်းလန်း ချစ်သွားလိမ့်မယ်လို့ ထင်မထားမိဘူး။ မန္တလေးက ပြန်လာတာနဲ့ မင်းရဲ့ရောဂါ ပျောက်လောက် ပြီလို့ ထင်နေတာ"

ထို့ကြောင့်လည်း မြသဏ္ဌာန်နှင့် မင်းပြည့်စုံကိစ္စမှာ အားတက် သရော ဝင်ရောက်ကူညီခြင်း မရှိခဲ့။

"ငါ သဏ္ဌာန့်ကို တကယ်ချစ်ခဲ့တာ၊ ဘဝမှာ ဘာနဲ့မှ အစားထိုး လို့မရတဲ့ တန်ဖိုးထားမြတ်နိုးခြင်းတွေနဲ့ ချစ်ခဲ့မိတာ၊ မင်း ယုံချင်ယုံ မယုံချင်နေ လင်းမြတ်၊ ကဲ အခု ငါ့အခန်းထဲဝင်လာတာ ဘာကိစ္စလဲ"

"ကိုမောင်ဦး ရောက်နေတယ်၊ မင်းနဲ့ကားရိုက်ဖို့ ဒိတ်လာ တောင်းတာတဲ့"

"ကျွတ် အရေးထဲမှာ သူတို့ကလည်း တမျောက်၊ ပြောလိုက်ကွာ ငါ့ကိုယ်ရေးကိုယ်တာကိစ္စတွေကြောင့် ကားရိုက်ရက် မပေးနိုင်သေးဘူးလို့"

မင်းပြည့်စုံ ပြီးစလွယ် ပြောလိုက်ခြင်းကို လင်းမြတ် မနှစ်မြို့။ ခေါင်းကိုခပ်လေးလေး ခါလိုက်ပြီး

"ခံစားမှုနဲ့ အလုပ်ကို မရောထွေးပစ်လိုက်ပါနဲ့ မင်းပြည့်ရာ၊ မင်းကိစ္စက ခုချက်ချင်း ဝုန်းဒိုင်းကြဲ လတ်တလော ဖြေရှင်းလို့ရတဲ့ကိစ္စ မှ မဟုတ်တာ၊ မင်း ဒီလို အရွဲ့လိုက်တိုက်နေရင် မင်းမားသားကြီးနဲ့ မင်းကြားက အခြေအနေတွေက ဒီထက်ပိုပြီး တင်းမာလာရုံပဲ ရှိတော့

www.burmeseclassic.com



မှာပေါ့"

"ဘာလဲ ငါက ငါ့ဆန္ဒတွေကို ချိုးနှိမ်ပြီး မာမီပေးစား
သွန်းနဲ့ လက်ထပ်လိုက်ရမှာလား လင်းမြတ်"

မင်းပြည့်စုံ လင်းမြတ်ကိုပါ အမြင်မကြည်လင်တော့။ ကို
ဘေးမှာ အချစ်ဆုံးသူငယ်ချင်းတွေ ရှိပါလျက်နှင့် ကိုယ့်ဆန္ဒတွေ
ဘာတစ်ခုမှ လိုက်လျောမပေးမှတော့ သူတို့ကိုလည်း အမြင်မကြည်
တော့။

"ငါက အဲဒီလို သဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး။ မင်း
ရာ၊ မင်းနဲ့ မင်းမာမီရဲ့ တင်းမာနေတဲ့ အခြေအနေကို ကြားကဝင်
ပေးတာပါ"

"မလိုပါဘူး ငါ့ကိစ္စကို ငါ့ဖာသာ ငါ ဖြေရှင်းမယ်၊ မင်းတို့
ပွဲကြည့်ပရိသတ်လို ဘေးကနေပဲ အသာကြည့်နေလိုက်ပေါ့"

မင်းပြည့်စုံ၏အမြင်မကြည်လင်သော ပုံစံကိုကြည့်ပြီး လင်းမြ
စိတ်မကောင်းဖြစ်မိ၏။

"မင်း ငါ့ကိုအထင်မလွဲပါနဲ့ သူငယ်ချင်းရာ၊ ငါ့ဘက်က အ
အမှန်ကိုပြောရရင် မင်းကို ဆင်းရဲတွင်းထဲ ခုန်မဆင်းစေချင်လို့ပါ၊ နော
ပြီး အရှိန်တက်နေတဲ့ မင်းရဲ့အောင်မြင်မှုတွေကို မိန်းမတစ်ယော
ကြောင့်ရပ်တန့် မသွားစေချင်လို့"

ဗျူး၁၁၇၆ပ



"ဒီမှာ လင်းမြတ် သဏ္ဌာန်က ယုတ်ညံ့တဲ့မိန်းမတစ်ယောက်
ဟုတ်ဘူး။ ကာရိုက်တာ ပျက်ပြားနေတဲ့ မိန်းမတစ်ယောက်လည်း
ဟုတ်ဘူး။ သဏ္ဌာန်ကို ငါ လက်ထပ်လိုက်လို့ ငါ့ဘဝကြီး စုတ်ပြတ်သတ်
သွားမယ်ဆိုရင်တောင် အဲဒီ စုတ်ပြတ်သတ်တဲ့ဘဝကို ငါ အမြတ်တနိုး
ခံစားထားမယ်၊ အေး အဲဒီကျရင်သာ မင်းတို့ ငါ့အနားက ခွာသွား
ကြပေါ့ကွာ"

မင်းပြည့်စုံ၏ဒေါသဖြင့် နီရဲနေသော မျက်နှာကို လင်းမြတ်
အံ့တသြ ကြည့်လိုက်သည်။

တက်ခေါက်သံ တစ်ချက်နှင့်အတူ လင်းမြတ်နားမှ မင်းပြည့်စုံ
ခနဲ လှည့်ထွက်သွား၏။

■ ■ ■

ဗျူး၁၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဒါရိုက်တာ ကိုမောင်မောင်ဦး နားပူနားဆာ လုပ်လွန်း၍ ဒီ

ကားတစ်ကားကို တစ်လနှင့်အပြတ် ကားရိုက်ရက် ပေးလိုက်ရ၏

ကားရိုက်ရက်တွေအတွင်းမှာ မာမိ၏မျက်ခြေမပျက် လိုက်

စောင့်ကြပ်နေသောကြောင့် စိတ်ရှုပ်ထွေး ကျဉ်းကျပ်စွာဖြင့်ပင် အလု

လုပ်လိုက်ရ၏။

မာမိကတော့ ဖွဲ့မလျှော့။ သွန်းနှင့်စေ့စပ်ပွဲကို လူသိရှင်ကြား

လုပ်ရန် မီဒီယာတွေနှင့်ပင် ကမ်းလှမ်းနေ၏။

မင်းပြည့်စုံသိတော့ ဘယ်လိုမှ သည်းမခံနိုင်အောင်ကို ဒေါ

တွေ ဖြစ်ရ၏။



''မာမိတို့ လုပ်ရပ်ကို သား လုံးဝလက်မခံနိုင်ဘူး မာမိ၊ ဒီ

စေ့စပ်ပွဲကို သားဆန္ဒမပါဘဲနဲ့ မာမိတို့ လုပ်ပိုင်ခွင့်မရှိဘူး၊ သား လုံးဝ

ကန့်ကွက်တယ်''

မင်းပြည့်စုံ ဒေါသထွက်နေသလောက် မာမိက သူလုပ်ချင်တဲ့

အရာကို အပြည့်အဝ လုပ်ပိုင်ခွင့်ရ၍ ကျေနပ်ပီတိဖြစ်သော အပြုံးအေး

ကော်စက်ဖြင့် တုံ့ပြန်လိုက်သည်။

''မင်း အစွမ်းရှိရင် ဖျက်လိုက်လေ၊ မာမိက ကိုယ်လုပ်ချင်တာ

ကို ဖွတ်လုပ်တတ်တယ်၊ အဲဒီလို ဖွတ်လုပ်တိုင်းလည်း မအောင်မြင်ဘူး

ဆိုတာ မရှိဘူး၊ ဒါကို မင်း အသိဆုံးနော် သား''

''ဒီတစ်ခါ မာမိ လုံးဝမအောင်မြင်စေရဘူး၊ ဘာဖြစ်လို့လဲဆို

တော့ သား ဒီအိမ်ပေါ်ကနေ အပြီးထွက်သွားတော့မယ် မာမိ၊ ဂုဏ်သိက္ခာ

ချင်းတွေထပ်ပြီး စိတ်ထင်တိုင်းကျဲနေကြတဲ့ မာမိတို့ကို သား စိတ်ကုန်

သွားပြီ''

ဆုံးဖြတ်ချက် အခိုင်အမာချပြီးမှ ပြောလိုက်၍ မင်းပြည့်စုံ၏

အသံမှာ တင်းမာပြတ်သားလွန်းနေ၏။

''ဘာ မင်းက မာမိတို့ကို စိတ်ကုန်တယ် ဟုတ်လား''

''ဟုတ်တယ် မာမိ၊ ဒယ်ဒီ့ကိုလည်း ဘာတစ်လုံးမှဝင်စွက်ဖက်

ခွင့်မပြု၊ သားကိုလည်း ရုပ်ရှင်မင်းသားတစ်လက်လို့ မမြင်ဘူး၊ ရုံသွင်း

www.burmeseclassic.com

ပြစားလို့ရတဲ့ အရုပ်တစ်ရုပ်လို့မြင်ပြီး မာမို့စိတ်တိုင်းကျ ခြယ်လှယ်
တယ်''

''အလိုလေး ကိုယ့်သားရဲ့ရှေ့ရေး ဒီထက်ပိုပြီး တောက်ပအော
မအေက လျှကြမ်းကြီးဝင်လုပ်နေတာကို မာမိက ခြယ်လှယ်တယ်တဲ့
မင်းအဖေလို အားအားရှိ တရားရိပ်သာဝင်လိုက် ပြန်လာရင် ရောဂါ
ဖြစ်လိုက်နဲ့ သားတစ်ယောက်ရဲ့အနာဂတ်ကို လှပအောင် မရေးခြယ်
အဖေလိုစိတ်မျိုးဆိုရင် မင်းဘဝ ခုလို အောင်မြင်ကျော်ကြားသူတ
ယောက် ဖြစ်လာမှာတောင် မဟုတ်ဘူး''

ဒေါ်ကေသီလှိုင် ရင်ဘတ်စည်ကီးကာ ငိုကြီးချက်မနှင့်ပြော

မင်းပြည့်စုံ စိတ်မကောင်းဖြစ်မိပေမယ့်လည်း ရင်ထဲရှိသည်
အတိုင်း ပြောခွင့်ရလိုက်သဖြင့် အနည်းငယ်တော့ပေါ့သွားလေ၏။

မာမီ ငိုကာယိုကာဖြင့် မပြီးနိုင်မစီးနိုင် ပြောနေသော အ
ကြောင်းထပ် စကားများကို မင်းပြည့်စုံ နားမထောင်နိုင်တော့သဖြ
အခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

ဘယ်ကိုမှ သွားခွင့်မပေးမှတော့ အခန်းအောင်းနေလိုက်ရုံ
ရှိတော့တာပေါ့။ မင်းပြည့်စုံ မည်သို့နှင့်မျှ စကားမပြောချင်တော့ပေ။

မာမီ့ဘက်က အတင်းအကျပ် စီစဉ်မှတော့ မင်းပြည့်စုံဘက်က
လည်း ပြတ်သားရတော့မှာပင်။





ဒီညပဲ အိမ်ကထွက်ပြီး မန္တလေးကို သွားမည်။ ပြီးလျှင်
သဉ္ဈာန်နှင့် အမြန်ဆုံးလက်ထပ်မည်။

ဘယ်လိုအကြောင်းပြချက်မျိုးနှင့်မှ မြသဉ္ဈာန်ကို အဆုံးရှုံး
ခံနိုင်။ နိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ရင်ထဲမှာ အင်အားတစ်မျိုး
ဖြစ်ထွန်းသွား၏။

■ ■ ■



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ပွယောင်းယောင်း ဆံပင်အတုနှင့် နှုတ်ခမ်းမွေးတပ်ထားသော မင်းပြည့်စုံ သူ့ကိုယ်သူ မှန်ရှေ့မှာ ရပ်ပြီးကြည့်လိုက်သည်။

ခုချိန်မှာ ကျွန်တော်ဟာ ရုပ်ပါမင်းသား မင်းပြည့်စုံပါဆိုလျှင် တောင် ကိုယ့်ကို အရူးလို့ သတ်မှတ်သွားကြမှာပင်။

မင်းပြည့်စုံ ကိုယ့်ပုံကိုယ် သဘောကျစွာဖြင့် ပြုံးလိုက်ပြီး အဝတ် အစားထည့်ထားသော ကျောပိုးအိတ်ကို ပခုံးမှာလွယ်ကာ အခန်းတွင်း တိတ်တဆိတ် ထွက်လာလိုက်သည်။

အိမ်ကြီးတစ်အိမ်လုံး ည၏တိတ်ဆိတ်ခြင်းအောက်တွင် အိပ် မောကျငြိမ်သက်၍နေ၏။





မာမီ့အခန်းဝမှာရပ်ပြီး အသာနားစွင့်ကြည့်တော့ အပ်ကျသံပင် မကြားရ။ အခွင့်အရေးကို အကျိုးရှိရှိ အသုံးချရန် လှေကားမှ ခပ်သွက် သွက် ဆင်းလာလိုက်၏။

အိမ်တံခါးဝသို့အရောက် တံခါးဝတွင် မိန့်မိန့်ကြီးရပ်နေသော လင်းမြတ်ကို တွေ့၍ မင်းပြည့်စုံ သွက်လက်နေသော ခြေလှမ်းအချို့ တုံ့သွားသည်။

"မင်း တကယ် သွားတော့မှာလား မင်းပြည့်"

လင်းမြတ်၏အမေးကို မင်းပြည့် ရှုတည်တည်အကြည့်ဖြင့် ကြည့်ကာ ခေါင်းညိတ်ဖြေလိုက်သည်။

"မင်း ငါ့ကို တားဦးမလို့လား လင်းမြတ်၊ ဒီတစ်ခါဆိုရင်တော့ ငါ့ကိစ္စထဲ မင်းကိုဝင်ပြီးစွက်ဖက်မခံတော့ဘူးနော်"

လင်းမြတ် ပြုံးသည်။ ထိုအပြုံးသည် အဓိပ္ပာယ်ဖော်ရခက်သော အပြုံးဖြစ်သည်။

"မင်းက ငါ့ကိုအမြဲတမ်း အဖျက်သမားလို့ ထင်နေတာကိုး၊ ငါက မင်းရဲ့သူငယ်ချင်းပဲ၊ မင်းဆန္ဒနဲ့ အကောင်အထည်ဖော်ထားတဲ့ကိစ္စ ကို ငါ ဘာမှဝင်ပြီး မဟန့်တားဘူး သူငယ်ချင်း။ ခုဟာက မင်း ဖြောင့် ဖြောင့်တန်းတန်း သွားရအောင် အိမ်တံခါးအဆင်သင့် ဖွင့်ပေးထားတာပါ၊ ငါက မင်းရဲ့အမြဲတမ်း ကိုယ်ရံတော်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



တည်တင်းနေသော မျက်နှာ အရောင်ဖျော့ကျသွားသည်။

"ရော့ ခြံရှေ့မှာ ကားအဆင်သင့်ရပ်ပေးထားတယ်၊ ကားထဲမှာလည်း ဆီအပြည့်ထည့်ပေးထားတယ်၊ လိုအပ်တာမှန်သမျှ ငါ့ဆီ အကြောင်းကြားပါ၊ ငါ အကုန်လုံး စီစဉ်ပေးမယ် မင်းပြည့်"

လှမ်းပေးသော ကားသော့ကိုယူပြီး လင်းမြတ်ကို လှမ်းဖက်လိုက်သည်။

"ငါ့ဘက်က ခုလို ရပ်ပေးတဲ့အတွက် ကျေးဇူးတင်တယ် သူငယ် ချင်း၊ မင်းအပေါ် အထင်လွဲခဲ့မိတာတွေအတွက် ဆောရီးပဲကွယ်"

"မလိုပါဘူး သူငယ်ချင်းရာ၊ ဟိုနောက်ရင်သာ မြသဇ္ဈာန်နဲ့ အမြန်ဆုံး လက်ထပ်လိုက်ပါ"

"စိတ်ချ သူငယ်ချင်း"

"ကဲ သွားတော့ တော်ကြာ အန်တီလှိုင် နိုးလာရင် အစီအစဉ်တွေ အကုန်ပျက်သွားလိမ့်မယ်"

"ဒါဆို ငါ လစ်ပြီ၊ ဒီကကိစ္စတွေ မင်းကြည့်ပြီးတော့သာ စီစဉ် ထားလိုက်"

"စိတ်ချပါ မီဒီယာတွေ ဒါရိုက်တာတွေကို မင်း နိုင်ငံခြားခရီးစဉ် တစ်ခုခုသွားတယ်လို့ ပြောလိုက်မယ်"

"အေးပါ မင်းအဆင်ပြေသလို ကြည့်ပြောထားလိုက်၊ မင်းကို





ငါ့ရဲ့ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်ခွင့် ပြန်ပေးလိုက်ပြီ"

မင်းပြည့်စုံ စကားကြောင့် လင်းမြတ် အသံခပ်အုပ်အုပ်ဖြင့် ရယ်သည်။ မင်းပြည့်စုံ အိမ်ထဲမှ ခြေလှမ်းကျဲကျဲ လှမ်းကာ ခြံအပြင်သို့ ထွက်ခဲ့လိုက်သည်။

ကောင်းကင်သည် ကြယ်တွေစုံကာ ရှင်းနက်ဝန်းပုံ့လျက် ချစ်သူနှစ်ဦး ဆုံဆည်းစေဖို့ ကောင်းချီးပေးနေသလားဟု ထင်ရလောက်၏။

မင်းဆီကို ကိုယ်လာပြီ အချစ်ရေ.. ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ပြင်းရှပေါက်ကွဲသော သီချင်းသံသည် ပန်းရနံ့သင်းသော ညကို ပို၍ မွှေးပျံ့စေပေမယ့် ထိုရနံ့ကို ရှူရှိုက်ဖို့အတွက် အာရုံတွေက မလန်းဆန်းပြန်။

ဆွဲလက်စ ပန်းချီကားကိုပင် အဆုံးမသတ်နိုင်ရလောက်အောင် သဇ္ဈာန့်စိတ်တွေ ရှုပ်ပွမနေ။

ရင်၌တည်သော ချစ်ခြင်းတရား အစစ်အမှန်ဖြင့် ကို့ကိုချစ်ခဲ့မိပါသည်။ တဖန် ထိုအချစ်တို့သည် မှသားကင်းမဲ့ပါ၏။ ဤသစ္စာတရားမှန်ပါက ချစ်သူကိုယ့်ဆီကို အမြန်ဆုံး ရောက်ရှိလာပါစေ။

နက်ပြာရောင် ကောင်းကင်ကြီးမှာ ထိန်ထိန်ညီးနေသော လမင်းကိုကြည့်ပြီး တီးတိုးတိုင်တည်နေ၏။ ပြတင်းတံခါးဝမှာရပ်ပြီး ကောင်းကင်





ယံကို မော့ကြည့် သစ္စာဆိုနေသော မြသဇ္ဈာန် ချစ်သူကို လွမ်းသော စိတ်ဖြင့် ရင်မှာ ကဆစ်ဆစ် နာကျင်ရ၏။

မျက်ဝန်းမှ ဝေ့တက်လာသော မျက်ရည်ကြည်တို့ကို လက်ဖြင့် သုတ်ရင်း ရင်မှာကြေကွဲနေမိသည်။

ရုတ်တရက် ဖုန်းမြည်လာသဖြင့် မျက်ရည်ဝေ့ မျက်ဝန်းလေး လက်ခနဲ အရောင်တောက်သွား၏။

ဖုန်းတင်ထားရာသို့ အပြေးကလေး လှမ်းသွားပြီး ဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို ကို သဇ္ဈာန့်ဆီကို ဘာလို့ ဖုန်းမဆက်တာလဲ"

ငိုသံခပ်အက်အက်ကလေးဖြင့် အရင်ဦးဆုံး အပြစ်လှမ်းတင်လိုက်၏။ မြသဇ္ဈာန်ကသာ ပြောနေတာ တစ်ဖက်မှ ဘာသံမျှ မကြားရ။

"ဟဲလို ဟဲလို ကို ဖုန်းခေါ်ပြီး လူကို ဘာဖြစ်လို့ မထူးတာလဲ"

မြသဇ္ဈာန် အားမလိုအားမရ ပြောနေပေမယ့် တစ်ဖက်မှ ချစ်သူ၏အသံကို မကြားရ။

"ဒေါက် ဒေါက် ဒေါက်"

ရုတ်တရက် အိမ်ရှေ့တံခါးမကြီးမှ တံခါးခေါက်သံကြောင့် မြသဇ္ဈာန် အိမ်ရှေ့သို့ ဖုန်းလေးကိုင်ပြီး ထွက်ခဲ့လိုက်၏။

အိမ်ရှေ့ခန်းမှာ ချိတ်ထားသော နာရီကိုကြည့်လိုက်တော့ည



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီပင် ရှိနေပြီ။ ဒီအချိန်ကြီး အိမ်ကို ဘယ်သူလာတာလဲ။ ဖခင်ဖြစ်သူကလည်း နေမကောင်းသဖြင့် အိပ်ရာစောစောဝင်သောကြောင့် နှိုးမနေတော့ဘဲ အိမ်ရှေ့တံခါးဂျက်ကို ဖွင့်လိုက်သည်။

"ဟင် ဘယ်သူမှလည်း ရှိမနေဘူး"

မြသဏ္ဍာန် ထိတ်ခနဲ ရင်ခုန်သွားသည်။ တံခါးခေါက်သံ အသေအချာ ကြားပါလျက်နှင့် မည်သူမျှ ရှိမနေတာတော့ ထူးဆန်းနေ၏။

ထို့နောက် မြသဏ္ဍာန် ခြံထဲသို့ ဆင်းလာလိုက်သည်။ လရောင်ဖျော့ဖျော့အောက်တွင် ခြံကလေးသည် အေးချမ်းငြိမ်သက်နေ၏။

ခြံထဲမှာ တစ်စုံတစ်ဦးများ ရှိနေမလားဟုသော အထင်ဖြင့် လိုက်ကြည့်ပေမယ့် ဘာထူးခြားမှုမှ မတွေ့။ မြသဏ္ဍာန် အိမ်ပေါ်သို့ ပြန်တက်လာလိုက်သည်။

အိမ်တံခါးကို အသေအချာ ဂျက်ထိုးကာ အခန်းထဲသို့ ခြေသံဖွဖွနင်းပြီး ပြန်ဝင်ခဲ့လိုက်၏။ အခန်းထဲအရောက်တွင် လူစိမ်းတစ်ယောက် မြသဏ္ဍာန် အခန်းထဲဝင်အလာကို ခပ်မိန့်မိန့်ရပ်ကာ စောင့်ကြည့်နေသဖြင့် မြသဏ္ဍာန် မျက်နှာတပြင်လုံး ကြောက်စိတ်တို့ဖြင့် သွေးစုပ်မြူလျော့သွားသည်။

"ဟင် ခင်ဗျား ခင်ဗျား သူ သူနိုး သူနိုး"

သူနိုးဟု အော်သောအသံကပင် ကြောက်စိတ်ကြောင့် လည်





ချောင်းဝမှာ တစ်ဆို့ကာ ပိပိသသဖြင့် ကျယ်လောင်စွာ ထွက်မလာ။

မဲ်င်းပြည့်စုံ ချစ်သူ၏အထိတ်တလန့် ဖြစ်နေဟန်ကိုကြည့်ပြီး ရယ်ချင်နေသည်။

"ဟုတ်တယ် သူနိုးပဲ၊ အဲဒီသူနိုးက မင်းကိုလာနိုးတာ"

"ခင်ဗျား ခုချက်ချင်း အိမ်ထဲကထွက်သွားနော်၊ ကျွန်တော် အော်လိုက်မှာ"

"အော်ပေါ့ မင်းအော်လို့ လူတွေရောက်လာရင် ဒီမိန်းကလေး သူ့ရည်းစားကို အခန်းထဲခေါ်ပြီး ချိန်းတွေ့တယ်လို့ပဲ ထင်ကြမှာ"

"ခင်ဗျား မယုတ်မာနဲ့နော်၊ အသက်ချင်းလဲပစ်လိုက်မယ်"

"မင်းက ကိုယ့်ကို တကယ်သတ်ရဲလို့လား၊ ဒါဆို လာသတ်လေ၊ ကိုယ့်ချစ်သူ သတ်လို့ကတော့ ဆယ်ခါပြန်တောင် သေပစ်လိုက်ဦးမယ်"

"ဘာ ချစ်သူ ဟုတ်လား ခင်ဗျား ဘယ်သူလဲ"

မြသဏ္ဍာန် သိပ်မသက်သာတော့။ ဒီလူ သူနိုးမဖြစ်နိုင်။ အသံကလည်း ကိုအသံနှင့်တူသလို အရပ်အမောင်း လှုပ်ရှားမှုဟန်တွေကအစ တူသည်။

သူနိုးဆိုလျှင် ခုလို သန့်ပြန့်မနေဘဲ စုတ်တီးစုတ်ပြတ်ပဲ ဖြစ်နေမှာပေါ့။ မြသဏ္ဍာန် အနားသို့ တိုးကပ်သွားပြီး ပွယောင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အတုကို ဆွဲဖယ်လိုက်သည်။

"ဟာ ဟော့ ဟော့ ဒါ ဘာလုပ်တာလဲ"

မင်းပြည့်စုံ ခေါင်းမှာဆောင်းထားသော ဆံပင်အတုကြီး ကျွတ်သွားသဖြင့် မြသဉ္ဇာန်လက်ထဲမှ အတင်းလိုက်ဆွဲ၏။ မြသဉ္ဇာန် နောက်ထပ် နှုတ်ခမ်းမွှေးအတုကိုပါ ဖျတ်ခနဲ ဆွဲခွာလိုက်သည်။

"ကို ကို သဉ္ဇာန့်ဆီ ပြန်လာတယ်"

ချစ်သူ၏ရုပ်လုံးပေါ်လာသဖြင့် မြသဉ္ဇာန် မျက်နှာမှာ ဝမ်းသာခြင်းတွေ လျှံတက်ကာ ချစ်သူရင်ခွင်ထဲ တိုးဝင်လိုက်သည်။

မင်းပြည့်စုံ ကြည်နူးဆွတ်ပျံ့ဖွယ် အနမ်းတွေကို တရစပ် ချွေချရင်း သဉ္ဇာန်၏ကိုယ်လေးကို မလွှတ်တမ်း ဖက်တွယ်ထားလိုက်၏။

တဒင်္ဂအတွင်း ဖျတ်ခနဲ ခုန်ဝင်လာကြသည့် ရင်ခုန်သံ ခပ်ပြင်းပြင်းတွေက ချစ်သူနှစ်ဦးကို အနမ်းတွေကြားထဲမှာ နှစ်ဦးသဘောတူ မိန်းမောသွားစေ၏။

"လွမ်းလိုက်တာ သဉ္ဇာန်ရယ်၊ ခုမှပဲ အလွမ်းတွေ ပြေတော့တယ်ကွာ"

"သဉ္ဇာန်လည်း ကို့ကို လွမ်းနေတာပါပဲ နော်၊ ခုပဲ လမင်းကို ကြည့်ပြီး တိုင်တည်သစ္စာဆိုနေတာ၊ သဉ္ဇာန် ကို့အပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာ မှန်ကန်လို့ အခု သဉ္ဇာန့်ချစ်သူက သဉ္ဇာန့်ရှေ့ကို ဖြုန်းခနဲ



ရောက်လာတယ်၊ အရမ်းကို အံ့ဩစရာကောင်းတာပဲ သိလား ကို"

အပြုံးလေးဖြင့် နှစ်လိုဖွယ်ပြောနေသော သဉ္ဇာန့်ကို ကြည့်ကာ အနာဂတ်မှာ ချစ်သူနှင့်အတူ လက်တွဲလျှောက်လှမ်းဖို့ အင်အားသစ်တစ်ရပ် မွေးဖွားလိုက်သည်။

ညသည် ကြည်နူးတိမ်ညွတ်ဖွယ်ကောင်းသော ရင်ခုန်လှိုက်မောခြင်းတွေကို တစိမ့်စိမ့် ခြွေချနေသည်။

"ကိုယ်တို့ မနက်ဖြန် တရားရုံးမှာ လက်ထပ်ကြရအောင်နော်၊ သဉ္ဇာန်နဲ့ ထပ်ပြီးမဝေးချင်တော့ဘူး။ တစ်သက်လုံး မင်းကို ဘေးမှာထားမယ်၊ အဲဒါဟာ ကိုယ့်ဘဝရဲ့ပန်းတိုင်ပဲ"

"သဉ္ဇာန်ကလည်း ကို့ရင်ဘတ်ထဲမှာ ခိုလှုံချင်နေတဲ့သူပါ"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ချစ်သူနှစ်ဦး ဖခင်ဖြစ်သူ ဦးရန်နိုင်ကို အကျိုးအကြောင်း ပြောပြကာ တရားရုံးတစ်ခုမှာ လက်ထပ်ကြဖို့အတွက် ခွင့်တောင်းလိုက်ကြ၏။

"သမီးတို့ လူငယ်ချင်း မေတ္တာမျှနေကြတယ်ဆိုမှတော့ ဖေဖေ ဘာမှကန့်ကွက်စရာ မရှိပါဘူးကွယ်"

"ဟုတ်ကဲ့ ကျွန်တော့်ကို သဇ္ဇာနဲ့ လက်ထပ်ခွင့်ပြုပေး အတွက် ကျေးဇူးတင်ပါတယ် အန်ကယ်"

လူငယ်တွေအပေါ် နားလည်မှုအပြည့်ဖြင့် လိုက်လျောပေး ဦးရန်နိုင်ကို မင်းပြည့်စုံ ရင်မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိ၏။ သ တစ်လျှောက်လုံး ယောက္ခမအဖြစ်တော်ဆပ်ရမည့် ကိုယ့်ဖခင်





ယောက်လို ရှိသေလေးစားသွားမည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

"ဒါဆို ကျွန်တော်တို့ တရားရုံးမှာ လက်ထပ်ဖို့ အမြန်စီစဉ်လိုက်တော့မယ်နော် ဖေဖေ"

"သမီးစိတ်တိုင်းကျ လုပ်ပါကွယ်၊ လူငယ်တွေကိစ္စဆိုတော့ ဖေဖေလည်း ဘာမှဝင်မစွက်ဖက်ချင်ဘူး။ အဓိကက အကြောင်းလင်မယားဖြစ်ဖို့ပဲဆိုတော့ ဘာပကာသနမှမပါတဲ့ လက်ထပ်ပွဲလေးနဲ့တင် လုံလောက်ပါတယ်"

■ ■ ■

ဦးရန်နိုင်ဆီမှ ခွင့်ပြုချက်ရသည်နှင့် တရားရုံးမှာ တိတ်တဆိတ် လက်ထပ်လိုက်ကြသည်။

ချစ်သူနှစ်ဦး၏မျက်ဝန်းအစုံတွင် ကြည်နူးမှုအရောင်တွေ ဖိတ်လျှံတောက်ပလို့နေသည်။ ဦးရန်နိုင် ပျော်ရွှင်နေကြသော သမီးနှင့်အသစ်စက်စက် သားမက်ကလေးကိုကြည့်ပြီး ပီတိတွေ ဖြစ်၍နေသည်။

"ဖေဖေ့ကို ကျွန်တော်တို့ ကန်တော့ပါရစေ"

မင်းပြည့်စုံ ယောက္ခမဖြစ်သူကို ဖေဖေဟု ရင်းနှီးနွေးထွေးစွာ ခေါ်လိုက်ပြီး သဇ္ဇာနှင့် လက်ကိုတွဲပြီး ဦးရန်နိုင်ရှေ့မှာ တရိုတသေထိုင်ကာ ကန်တော့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“အေးကွယ် သားနဲ့သမီး တစ်ဦးအပေါ်တစ်ဦး ဖြူစင်တဲ့ မေတ္တာတွေ အပြန်အလှန် ပေးဆပ်ပြီး ရာသက်ပန် ပျော်ရွှင်စွာ ပေါင်းသင်း နိုင်ကြပါစေကွယ်”

“ပေးတဲ့ဆုနဲ့ပြည့်ပါစေ ဖေဖေ”

“ကဲ ကဲ သားတို့သမီးတို့လည်း ခဏနားကြဦး။ ဖေဖေလည်း ဆရာတော်ကို မင်္ဂလာဦးခွင်းကပ်ဖို့ကိစ္စ သွားလျှောက်လိုက်ဦးမယ်ကွယ်”

ဦးရန်နိုင် သဏ္ဍာန်တို့ရှေ့မှ ထထွက်သွားသည်။

“တွေ့လား ယောက္ခမကြီးက ပွဲဦးထွက်ကတည်းက အလိုက် သိပြီးသား”

“ကိုနော် လူကြီးကို နောက်စရာလား”

“နောက်တာ မဟုတ်ဘူး။ အတည်ပြောတာ မိန်းမရဲ့ ယောက္ခမ ကြီးက အရမ်းရက်ရောတယ်”

“ကြည့် ပြောလေ ကဲလေပါလား”

မြသဏ္ဍာန် မျက်နှာမှာ ရှက်စိတ်ဝေကာ မင်းပြည့်စုံ၏လက် မောင်းကို မနာအောင် ခပ်ဖွဖွထုလိုက်သည်။

“ဟော့ ကိုယ့်ယောက်ျားကို မရိုက်ရဘူးလေ၊ ကံကြီးပုံက်ထား တယ်”

“ဘာယောက်ျားလဲ”





“ဟာ ကိုယ်တို့က လက်ထပ်ပြီးသွားပြီလေ၊ သဏ္ဍာန်က ကိုယ့် မိန်းမဖြစ်သွားပြီ၊ ကိုယ်ကလည်း သဏ္ဍာန့်ယောက်ျား ဖြစ်သွားပြီ၊ ပြီးရင် ကိုယ့်အတွက် ကလေးတွေအများကြီး မွေးပေးရမယ်”

“ကိုနော် သဏ္ဍာန်ရှက်လာပြီ သိလား”

“ရှက်ရင် အာဘွားပေးမယ်”

ပြောလေကဲလေဖြင့် သဏ္ဍာန့်ကိုကျီစယ်နေသော ချစ်သူရင်ခွင် ထဲ မျက်နှာအပ်ကာ တိုးဝင်လိုက်သည်။

မင်းပြည့်စုံ သဏ္ဍာန်၏ဆံစတွေကို အမြတ်တနိုး နမ်းရှိုက်လိုက် သည်။ ဘဝမှာ အလိုချင်အတောင့်တဆုံးဖြစ်သည့် ချစ်သူနှင့်ပေါင်းဖက် သည့် အခွင့်အရေးထောက်ပြီး ပြည့်စုံတာ ရှိဦးမလား။

ချစ်သူနှစ်ဦး ချစ်ခဲ့ပြီးရင်း ချစ်မိတာကလွဲပြီး အရာရာဟာ ဘိုးအဝေးကြီးမှာ ကျန်ခဲ့လေပြီ။ ကွာဟနေသည့် ဘဝနှစ်ခုကို ဖွတ်အ ဆင်း ပေါင်းစပ်ပြီးမှတော့ အနာဂတ်မှာ အသစ်ထပ်ရောက်လာမည့် သုခဒုက္ခမျိုးစုံကို ရင်ဆိုင်ဖို့ သတ္တိတွေ မွေးရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၅)

''မိန်းမရေ ကိုယ်ဗိုက်ဆာပြီကွာ''

မင်းပြည့်စုံ အိမ်ရှေ့ခန်းတွင် ဂျာနယ်ထိုင်ဖတ်နေရင်းမှ ဗိုက်ထဲ တဂွီဂွီနှင့် ဆာလောင်ခြင်းကို အချက်ပြစနစ်ဖြင့် မြည်လာ၏။

''ပြီးပါပြီ ကိုရေ၊ ခဏစောင့် ဒီမှာ ထမင်းပွဲပြင်နေပြီ''

မီးဖိုခန်းထဲမှာ ချက်ပြုတ်စီမံနေသော မြသဏ္ဍာန် အသံချို ချိုလေးဖြင့် အသံလှမ်းပြု၏။ လက်ထပ်ပြီးကာတည်းက မင်းပြည့်စုံ သဏ္ဍာန့်သေးမှာ အချိန်ပြည့်နေကာ ဂေါ်လီလုံးတစ်လုံးလို ရှေ့လိုမ့်လိုက် နောက်လိမ့်လိုက်နှင့် အချိန်တွေကို ချစ်သူနှင့်အတူ ဖြုန်းနေမိ၏။



ခေါင်းထဲမှာ အလုပ်ကိစ္စတွေ မိခင်နှင့် ပဋိပက္ခဖြစ်သည့် ...ပြဿနာတွေအားလုံးကို ဘေးသို့အကုန်ထုတ်ထားလိုက်သည်။

မာမီတို့ဘက်ကလည်း ခုချိန်ထိ လုံးဝမဆက်သွယ်လာသေး ...ဖြင့် မင်းပြည့်စုံ အသာပင်ငြိမ်နေလိုက်သည်။ လင်းမြတ်ဆီသို့ အကျိုး ...အကြောင်း ဖုန်းဆက်မေးမည်ဟု စိတ်ကူးမိတာတောင် ထိုစိတ်ကူးကို ...ုံးဝအကောင်အထည် မဖော်။

ချစ်သူနှင့်ခုလိုမျိုး ကြည်နူးချမ်းမြေ့စွာ အတူနေရသော ရသ ...လေးကို တစ်သက်စာလုံး ပိုင်ဆိုင်သွားချင်သည်။ ထိုကြည်နူးမှုလေး ...ပျက်စီးသွားမှာကို မင်းပြည့်စုံ မလိုလား။

''ကဲ ကိုရေ အားလုံးအဆင်သင့်ဖြစ်ပြီ ထ''

သဏ္ဍာန် မင်းပြည့်စုံ၏လက်မောင်းကို လာဆွဲထူသဖြင့် အတွေး ...ို့ပျက်ကာ မီးဖိုခန်းထဲမှ ချက်ပြုတ်ပြင်ဆင်ပြီး ထွက်လာသည့် ချစ်ဇနီး ...ချွေးစို့နေသော မျက်နှာလေးကို မြတ်နိုးစွာကြည့်လိုက်သည်။

''မိန်းမ အရမ်းပင်ပန်းသွားပြီလား''

''ဟင့်အင်း မပင်ပန်းပါဘူး၊ ကိုယ့်ယောကျ်ားစားဖို့ ချက်ရတာပဲ ...ပျော်စရာတောင် ကောင်းသေးတယ်''

''အမလေး အိမ်ရှေ့ခန်းမှာ အချစ်ဇာတ်ဝင်ခန်းလေး ရိုက်နေ

www.burmeseclassic.com

www.burmeseclassic.com

တယ်တော့''

အိမ်ပေါ်သို့ တက်လာသော ဇာဇာ့အသံကြောင့် မင်းပြည့် သဏ္ဌာန်ကို ဖက်နမ်းဖို့ ကြံရွယ်ပြီးကာမှ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

''ဟယ် မိဇာစုတ် ဒီမှာ ဇာတ်ရှိန်ကမြင့်နေတဲ့ဟာကို နင်က လာပြီး အနှောင့်အယှက်ပေးတယ်ပေါ့လေ၊ နင် ဝဋ်လည်မယ် သိလား''

''လည်ပစေပေါ့ ငါက အပျိုကြီးလုပ်မှာ၊ နင့်လို အပူမရှာပါဘူး''

''အေးပါ အပြောမကြီးနဲ့၊ အပျိုဟိုင်းကြီးဖြစ်မှ တွေ့ကရာ ကောင်လေး မုန့်ပေးပြီး ကြိုက်လို့ကတော့ ငါက ဖိုက်နှိပ်ပြီးတော့ကို ရယ်မှာ''

သဏ္ဌာန်စကားကြောင့် မိဇာ မျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။

''သူများကိုဆို သိပ်ပြီးမှိုချိုးမျှစ်ချိုး ပြောတယ်၊ ငါက ယူမယ်ဆိုလည်း နင်တို့မွေးလာမယ့် ကလေးကိုပဲ ကျောက်ပျဉ်ရွက်ပြီး စောင့်နေတော့မယ်ဟေ့''

မိဇာ စကားကြောင့် မင်းပြည့်စုံ ရယ်ချင်သွားသည်။

''ကဲပါ အခု ငါတို့ထမင်းစားမလို့ နင်ကိုင်ထားတဲ့ချိုင့်ထဲက





ဘာတွေလဲ၊ ငါတို့ကို လာပို့တာလား''

''ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ နင့်အတွက်မဟုတ်ဘူး၊ ငါတို့မင်းသားလေးအတွက်ဆိုပြီး ငါ့အမေက ပုစွန်ထုပ်ဟင်းချက်ပို့ပေးလိုက်တာ''

''ဟယ် ဟုတ်လား အတော်ပဲ အိမ်မှာ ဒီနေ့ဟင်းမကောင်းလို့ကို ထမင်းမှစားကောင်းပါ့မလားလို့ တွေးပြီး ပူနေတာ''

''ကျွန်တော့်အတွက် တကူးတက သိပ်မလုပ်ပါနဲ့ မဇာ၊ ကျွန်တော်က ကျွန်တော့်မိန်းမဘေးမှာသာရှိရင် ငပိရည်နဲ့စားရလည်း အားဖြစ်ပြီးသားပါ''

ချစ်ခင်ပွန်း၏စကားကြောင့် သဏ္ဌာန့်ရင်ထဲ လှိုက်ခနဲ ကြည်နူးလှိုက်ဖို၍သွား၏။

''အမလေး မင်းသားရယ်၊ ကျွန်တော့်သူငယ်ချင်းအတွက် ပီတိဖြစ်လိုက်တာ၊ ခုလိုမျိုး တမြတ်တနိုး တန်ဖိုးထားပေးတဲ့အတွက် မိဇာတို့က ကျေးဇူးအရမ်းတင်တယ်၊ ဂုဏ်လည်းယူတယ် သိလား၊ သဏ္ဌာန် နင်က ငါထင်ထားတာထက်တောင် ပိုပြီးကံကောင်းနေပါလားဟယ်''

မိဇာ မျက်နှာပေါ်မှာ သူငယ်ချင်းအတွက် ကျေနပ်ပီတိတွေ ဖုံးလွှမ်း၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသားရယ် ကျွန်တော့်သူငယ်ချင်းကို မင်းသားလက်ထဲ အပ်ပြီးအပ်လိုက်တာနော်၊ သဏ္ဍာန်အပေါ် တစ်သက်လုံး မြတ်နိုးကြင်နာရမယ်နော်"

"စိတ်ချပါ မဇာ ကျွန်တော် သဏ္ဍာန့်ကို တစ်သက်လုံး မြတ်နိုးကြင်နာစွာပေါင်းဖက်သွားမှာပါ"

"ကျေးဇူးတင်ပါတယ် မင်းသားရယ်၊ အဲ အခွင့်အရေးသင့်ရင် ကျွန်တော့်ကိုလည်း မင်းသမီးတင်ရိုက်ဖို့ မမေ့နဲ့နော်၊ ကျွန်တော်က ရုပ်ရှင်ရိုက်ရတာ ဝမ်းသာတယ် သိလား"

"ဟာ စိတ်ချ မဇာမျက်နှာကို ပလတ်စတစ်ဆာဂျရီနဲ့ ခွဲစိတ်ပြုပြင်လိုက်၊ ပြီးရင် ကျွန်တော် ဒါရိုက်တာနဲ့တိုင်ပင်ပြီး မင်းသမီးတင်ရိုက်ပါမယ်"

မင်းပြည့်စုံ စကားကြောင့် ဇာဇာ သူ့မျက်နှာကို လက်ဖြင့်စမ်းလိုက်ပြီး အင်မတန်မှ စိတ်ပျက်သွားသော အမူအရာဖြင့်

"ဟင် ဒါဆို အခုလက်ရှိ မျက်နှာနဲ့ မင်းသမီးလုပ်လို့ မရဘူးလား"

ဇာဇာ အမေးကြောင့် သဏ္ဍာန် တခစ်ခစ်ဖြင့် ရယ်လိုက်ပြီး

"လုပ်လို့တော့ ရပါတယ်ဟယ်၊ ဒါပေမဲ့ နင့်ကို အိမ်ဖော်အခန်း



က ပါခိုင်းနေမှာစိုးလို့ပေါ့ဟဲ့၊ ပြီးတော့ နင့်တစ်ကိုယ်လုံး ပေါင်းတင်ဖို့လည်း လိုလိမ့်မယ်"

"ဟယ် နင်တို့လင်မယား ငါ့ကိုနှိပ်ကွပ်နေတယ်ပေါ့လေ၊ တော်ပြီ ပြန်တော့မယ် ဒီမှာဆက်နေရင် ငါ့အလှတွေ တစ်စစီ ပျက်စီးတော့မယ်"

ဇာဇာ့လက်ထဲမှ ဟင်းချိုင့်ကလေးကို ဆောင့်ခနဲချလိုက်ပြီး အိမ်ပေါ်မှ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ဆင်းသွားလေသည်။

မင်းပြည့်စုံနှင့်သဏ္ဍာန် ဆူပွဲဆူပွဲဖြင့် ဆင်းသွားသော ဇာဇာကိုကြည့်ပြီး သဘောတကျဖြင့် ပြိုင်တူရယ်လိုက်ကြသည်။

"ကိုယ်တို့ နောက်လိုက်တာ လွန်သွားပြီထင်တယ်"

"ဟင့်အင်း ရတယ် ကို၊ သူက စိတ်မဆိုးတတ်ပါဘူး။ သဏ္ဍာန်က သူ့ကို အဲဒီလို စနောက်နေကြ၊ ကဲ ထ သူလာပို့တဲ့ ပုစွန်ထုပ်ဟင်းလေးနဲ့ ကို့ မိန်းမချက်တဲ့ဟင်းနဲ့ ထမင်းစားကြရအောင်"

"အိုကေ ဒြော်၊ ဒါနဲ့ယောက္ခမကြီးရော ခုထိပြန်မလာသေးဘူးလား"

"ဟင့်အင်း၊ ဒီနေ့ ဥပုသ်နေ့လေ၊ ဘုန်းကြီးကျောင်းမှာ သီလယူပြီး တစ်နေကုန် ဘုန်းကြီးကျောင်းမှာနေမှာ၊ ညနေကျမှ ပြန်လာမှာ"

www.burmeseclassic.com

www.burmeseclassic.com



အလိုက်သိလွန်းသော ယောက္ခမကြီးကို ကျေးဇူးတင်ပြီးရင်း တင်နေမိတော့၏။

■ ■ ■

## အခန်း (၃၆)

"လင်းမြတ် မင်းပြောတော့ သားက ငါ့ကိုစိတ်ဆိုးပြီး ဟိုတယ် တစ်ခုခုမှာရှိနေတာဆို၊ ခုတော့ မန္တလေးမှာ သူ့ကောင်မလေးနဲ့ တိတ်တဆိတ် လက်ထပ်လိုက်တဲ့သတင်းက ဘယ်လိုကနေ ဘယ်လို ထွက်လာတာလဲ"

"ကျွန်တော် သိထားတာက ဟိုတယ်မှာပါ အန်တီလှိုင်၊ ခုလို အခြေအနေကို ဘယ်လိုရောက်သွားလဲဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး"

အခြေအနေအားလုံး အစအဆုံးသိပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်ပြီး ပြောလိုက်သည်။

ဗျူး ၁၁၁၀

ဗျူး ၁၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်အသုံးမကျပါလား။ ကိုယ့်လူငယ်ချင်းကို ဆင်း ရဲတွင်းထဲကို မင်းမို့ ခုန်ချခိုင်းရက်တယ်၊ ဟိုတစ်ကောင်ကလည်း မစိတ် မွန်ပြီး မိုက်မဲတဲ့လုပ်ရပ်ကို လုပ်သွားတယ်၊ မဖြစ်ဘူး ခုချက်ချင်း မန္တလေး ကို ဆင်းမယ်၊ ဒင်းတို့နှစ်ယောက်ကို ရအောင် ပြန်ခွဲမယ်"

"လိုင်ရယ် လူငယ်တွေ မေတ္တာရှိကြလို့ နှစ်ဦးသဘောတူ လက် ထပ်လိုက်ကြပြီပဲ၊ ခုမှ သွားခွဲတော့ရော မင်းသားကရော လူပျိုပြန်ဖြစ် မလား၊ တစ်ဖက်က မိန်းကလေးရဲ့ အရှက်သိက္ခာကိုလည်း ငဲ့ပေးရဦး မယ်လေ"

"ကျွန်မသားကိစ္စ ကျွန်မကိုယ်တိုင် ရှင်းမယ် ကိုမြင့်သူ၊ ရှင် ဘာမှဝင်ပြီး မပါပါနဲ့၊ ရှင်က သားသမီးမွေးထားပြီး ဖအေတစ်ယောက် အနေနဲ့ ဆုံးမသင့်တာကို မဆုံးမဘူး။ နေသာသလို နေနေတာ မဟုတ် လား။ နောက်ဆုံးတော့ ကျွန်မက မိန်းမကြမ်းကြီးလုံးလုံးကို ဖြစ်လို့လေ"

ဒေါ်ကေသီလှိုင် မျက်ရည်စက်လက်ဖြင့် ပေါက်ကွဲနေလေပြီ။

"ကျွန်မကတော့ ဒီလို အခြေအမြစ်မရှိတဲ့ မိန်းမလေးနဲ့ လုံး ကိုပေါင်းစည်းခွင့်မပြုနိုင်ဘူး။ မန္တလေးကို လိုက်သွားပြီး ရအောင်ခွဲမယ် ဒါကို သူတို့ဘက်က နစ်နာကြေးတောင်းမယ်ဆိုရင်လည်း ကြိုက်သ လောက်ပေးလိုက်မယ်၊ ဒီလို အတန်းအစားချိုးတွေက ငွေပေးလိုက်ရင်





အသာတကြည် လိုက်လျောမှာ"

အရာရာကို ငွေနှင့်ပိုင်းဖြတ်သော ဇနီးဖြစ်သူကိုကြည့်ပြီး ဦး မြင့်သူ သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။ ဒီမိန်းမ ငွေစကားပြောပြီး အလွှာခွဲခြားတတ်သည့်အကျင့် ဘယ်တော့များမှ ပျောက်တော့မည်လဲ။

မာနတွေ မိုးထိအောင် ထိုးတက်နေသော ဒေါ်ကေသီလှိုင်နှင့် ဘာစကားမှ အတိုက်အခံ မပြောလိုတော့။ ထို့ကြောင့် ဘုရားခန်းဘက်သို့ ထွက်လာလိုက်၏။

"ဟွန်း အိမ်မှာ ပြဿနာတွေ ရှုပ်ထွေးကုန်ပြီဆိုရင် ကိုမြင့်သူ တို့ ဘုရားခန်းထဲဝင်ပြီး ဘုရားပဲထိုင်ရှိခိုးရင်ခိုး မရှိခိုးရင် တရားစခန်းဝင်၊ အလကား ကိုယ့်အတွက်ပဲကိုယ်ကြည့်တဲ့ လူအတ္တကြီး၊ မိသားစုအရေး ကိစ္စဆိုရင် ကြောင်များလို အိမ်ပူရင် မနေတော့ဘူး။ ဒီအိမ်ရဲ့ လာသမျှ အပူဒဏ်ကို ကျုပ်ပဲခံရတယ်"

ဦးမြင့်သူ ဘုရားခန်းထဲဝင်ပြီး တရားထိုင်နေသည့်အထိ ဒေါ် ကေသီလှိုင့်အသံကို အတိုင်းသား ကြားနေရ၏။

"လင်းမြတ်"

"ဗျာ အန်တီလှိုင်"

"ငါ မနက်ဖြန် မန္တလေးဆင်းမယ်ဆိုတာ သိတယ်နော်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဟာကိုယ် ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ်ဆိုတာ အလိုက်တသိ ကြံပြီး ကားကိုပြင်ဆင်ထား"

"ဟုတ်ကဲ့ အန်တီလှိုင်"

"မန္တလေး သွားနေတဲ့အချိန်မှာ ဖိုးချစ်ကို ဒီမှာလာအိပ်ခိုင်းထား"

"ဟုတ်ကဲ့ပါ အန်တီလှိုင်"

"ပြောရင်တော့ မထုံတက်တေးနဲ့ ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ၊ ပြီးရင်တော့ တလွဲတွေချည်းပဲ၊ မင်းတို့ကြောင့် ငါ့သားလေး ခုလို အုတ်ကြားမြက်ပေါက်မနဲ့ တွေ့ပြီး အမိဖမ်းခံရတာ၊ ငါ့သားလေးရဲ့အောင်မြင်နေတဲ့ဘဝလေးကို ဖျက်ဆီးတဲ့အထဲမှာ မင်းတို့တွေလည်းပါတယ်၊ မင်းတို့ကြပ်ကြပ်သတိထားပါ"

"ဟုတ်ကဲ့ သတိထားပါမယ် အန်တီလှိုင်"

"ဘာ သတိထားတာလဲ"

"သိဘူးလေ အန်တီလှိုင်က သတိထားဆိုလို့ အန်တီလှိုင်ပြောသလို သတိထားပါမယ်လို့ ပြောတာပါ"

"သွား သွား ပြင်ဆင်စရာရှိတာ ပြင်ဆင်တော့"

"ဟုတ်ကဲ့"





လင်းမြတ် သွားချင်နေတာ အတော်ဖြစ်သွားသဖြင့် အန်တီလှိုင်ရှေ့မှ မဆိုင်းမတွဖြင့် တစ်ချိုးတည်း လစ်တော့၏။

ဒါတောင် မင်းပြည့်ကို လင်းမြတ်ကိုယ်တိုင် မန္တလေးသွားဖို့ စီစဉ်ပေးခဲ့တယ်ဆိုတာ သိများသိလျှင် ခေါင်းနှင့်ကိုယ် အိုးစားကွဲလေမည်လားမသိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ဖုန်းမြည်သံကြောင့် မီသားစုထမင်းဝိုင်းလေးကို ပြင်ဆင်နေရာမှ သဏ္ဍာန် ထယူပေးပြီး

"ရော့ ကို ဖုန်းလာတယ် ထင်တယ်"

မင်းပြည့် သဏ္ဍာန့်ဆီမှဖုန်းကို လှမ်းယူပြီး ကြည့်လိုက်သည်။ လင်းမြတ်ဆီမှ ဖုန်းဖြစ်သည်။

"အေး လင်းမြတ် ပြော အခြေအနေ ဘာထူးလဲ"

"..."

မြသဏ္ဍာန် လင်းမြတ်ဆို၍ မင်းပြည့်စုံဖုန်းပြောနေခြင်းကို





မျက်ဝန်းအဝိုင်းသားလေးနှင့် နားစွင့်နေ၏။ ဦးရန်နိုင်လည်း ထမင်းစားခန်းထဲ ဝင်လာပြီးမှ အခြေအနေကို အကဲခတ်သည့်အနေဖြင့် ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သည်။

"ဘာ မာမီနဲ့မင်းနဲ့ မန္တလေးကို ခုညဆင်းလာကြမယ် ဟုတ်လား"

"..."

"ကျွတ် ရှောင်စရာ မလိုပါဘူးကွာ၊ ငါ ဒီလိုလုပ်ရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မေမေနဲ့ငါနဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုတာ သိပြီးသား။ ခုချိန်မှာ ငါနဲ့သဏ္ဍာန်က လက်ထပ်ပြီးတဲ့ အကြင်လင်မယားဖြစ်နေပြီ၊ မာမီ ဘာဥပဒေနဲ့ ငါတို့လင်မယားကို ခွဲမလဲ၊ ငါကတော့ နောင်လည်း ထိပ်တိုက်ရင်ဆိုင်ရမယ့်အတူတူ တစ်ခါတည်း ဖြေရှင်းလိုက်မယ်"

"..."

"အိုကေ ဘာမှမပူနဲ့ လင်းမြတ်၊ ဒါပဲမဟုတ်လား"

"..."

"အေးပါ စိတ်ချ"

မင်းပြည့်စုံ ဖုန်းပိတ်လိုက်ပြီး အပြုံးမျက်နှာဖြင့် ထမင်းဝိုင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်လာ၏။

"မင်းမိဘတွေဘက်က လက်ခံတဲ့အကြောင်း လှမ်းပြောတာလား သား"

ဦးရန်နိုင် အရယ်မျက်နှာဖြင့် လှမ်းမေးလိုက်သဖြင့် မင်းပြည့်စုံ ဖြေရမှာ အားနာသွားမိသည်။

"မဟုတ်ဘူး ဖေဖေ၊ မာမိက ခုချိန်ထိ ကျွန်တော်နဲ့သဇ္ဈာန်ကို ခွဲဖို့ကြိုးစားနေတုံးပဲ၊ ခုမန္တလေးကို ဆင်းလာကြပြီတဲ့"

သဇ္ဈာန် ဖခင်ဖြစ်သူ၏ပန်းကန်ထဲ ဟင်းခပ်ထည့်ပေးရင်း မျက်နှာညှိုးလျော်သွားသည်။ လက်ထပ်ပြီးမှတော့ ကိုအမေဟာ သဇ္ဈာန့် အမေလို့ စိတ်မှာသတ်မှတ်ပြီး တရိုတသေ ဆက်ဆံနိုင်ပေမယ့် အလွှာကွာဟမှုကို အခွင့်အရေးယူပြီး ကိုယ့်အဖေရှေ့မှာ အထက်စီးနင်းဆန်စွာ ပြောဆိုမည့်စကားလုံးရင့်ရင့်ကိုတော့ ကိုယ့်အဖေကို မကြားစေချင်။

သဇ္ဈာန့်ကြောင့် ဖေဖေ စိတ်ထိခိုက်သွားမှာကို မလိုလား။ ဒါ့အပြင် ကိုကို သဇ္ဈာန့်ဘဝထဲက ဖွတ်အတင်း ခေါ်ထုတ်သွားမှာကို သဇ္ဈာန်တွေးပြီး ကြောက်သည်။

နိုင်မာတဲ့ သံယောဇဉ်ကြိုးကို နှစ်ဦးသဘောတူ ချည်နှောင်ပြီးကာမှ ဝေးကြရမည့်အဖြစ်ဆိုးကို အတွေးနှင့်ပင် မတွေးဝံ့ချေ။





သဇ္ဈာန် မျက်ရည်တွေ ဝေ့တက်သွားသည်။

သဇ္ဈာန် မျက်ရည်တွေ ဖေဖေ မြင်မည်စိုး၍ သဇ္ဈာန် မျက်နှာလေးကို အောက်ငုံ့လိုက်သည်။

"သမီး စိတ်ဆင်းရဲနေလား"

"ဗျာ"

သဇ္ဈာန် မျက်ရည်ဝေ့မျက်ဝန်းဖြင့် ဖေဖေ့ကို အားကိုးတကြီး မော့ကြည့်လိုက်ပြီး အူကြောင်ကြောင်လေး ဗျာလိုက်သည်။ ပြီးမှ မျက်ဝန်းလေးပုတ်ခတ်ကာ

"သဇ္ဈာန် ကိုနဲ့မဝေးချင်ဘူး ဖေဖေ"

သဇ္ဈာန် ခံစားရတာမြင်တော့ မင်းပြည့် ထမင်းမစားသေးဘဲ သဇ္ဈာန့်ကို ကရုဏာသက်စွာ ကြည့်လိုက်သည်။

"မဝေးရပါဘူး သဇ္ဈာန်ရယ်၊ ကိုယ်ကလေ သဇ္ဈာန့်ကိုထားပြီး ဘယ်ကိုမှမသွားဘူး၊ လောကမှာ ကိုယ် အကြောက်ဆုံးအရာက သဇ္ဈာန်နဲ့ဝေးရမယ့်ကိစ္စပဲ"

"တကယ်လား ကို၊ သဇ္ဈာန့်ကို ကို ထားမသွားဘူးလို့ ကတိပေးလား"

သဇ္ဈာန် ငိုမဲ့မဲ့လေး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုယ့်အသက်နဲ့ရင်းပြီး ကတိပေးတယ်ကွာ"

"သိပ်လည်း စိုးရိမ်မနေပါနဲ့ သမီးရယ်၊ သား အမေလာရင် ဖေဖေလည်း စကားပြောကြည့်ပါဦးမယ်၊ သားတို့သမီးတို့ရဲ့ မေတ္တာရေစက်က နည်းတဲ့မေတ္တာမှမဟုတ်တာ၊ တစ်မြို့တစ်နယ်စီမှာနေတဲ့အပြင် အဆင့်အတန်းချင်းလည်း အင်မတန် ကွာဟကြတယ်၊ ဒါနဲ့များဘောင် တစ်ယောက်ကိုတစ်ယောက် နက်နက်နဲနဲ ချစ်ကြတော့ ကံတရားက သားတို့သမီးတို့ဘက်မှာ ရပ်ပေးမှာပါ၊ ကဲ စားကြ စားကြ ဖြစ်မလာသေး တာကိုတွေးပြီး စိတ်ညစ်မနေကြနဲ့ စိတ်ကို ပျော့ပျော့ပြောင်းပြောင်းထားမှ ဘာမဆို အဆင်ပြေမှာလေ"

မင်းပြည့်စုံ နှစ်သိမ့်သည့်အနေနှင့် သဏ္ဍာန့်ပခုံးလေးကို ခပ်ဖွဖွ ပုတ်၍ အားပေးလိုက်သည်။ သဏ္ဍာန် မစားချင်ပေမယ့်လည်း စားရဦးမှာပေါ့။

ရင်ထဲမှာတော့ တင်းခနဲဆို့ကျပ်နေသည်။ ဒီ[illegible] သဏ္ဍာန့် အတွက် အနာဂတ်ဆိုတာ မရှိစေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သဏ္ဍာန့် နံဘေးကနေ ကို ပျောက်သွားမှာစိုးလို့လေ။

■ ■ ■



အခန်း (၃၈)

လင်းမြတ် ဖုန်းကြီးဆက်သည့်အတိုင်းပင် သဏ္ဍာန့်တို့အိမ်သို့ ...ကြောသီလှိုင် မာန်မာနတွေ ထုပ်ပိုးလျက် ရောက်ချလာသည်။

"မိုက်လိုက်တာ သားရယ်၊ ကိုယ့်ဂုဏ်ကိုယ်ကျော်ကြားမှုကိုမှ ...ထောက် လုပ်သွားရက်လိုက်တာ"

"သား သဏ္ဍာန့်နဲ့မခွဲနိုင်ဘူး မာမီ၊ သားမှာရှိတဲ့ ဂုဏ်ပကာသန ...တွေ အားလုံး ကျော်ကြားမှုအားလုံးကို သဏ္ဍာန်နဲ့လဲဆိုရင်တောင် သား ...ခံရဲတယ် မာမီ၊ သားကို လာပြန်ခေါ်ရုံသက်သက်ဆိုရင် မာမီ ခုပဲ ...ပြန်လိုက်ပါ။ သား သဏ္ဍာန်မပါဘဲနဲ့ ရန်ကုန်ကို ပြန်မလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်းပြည့်စုံ ယတိပြတ်ငြင်းဆန်သည်။ ခုလို အခြေအနေမှာ မင်းပြည့်စုံ မပြတ်သား၍မှ မရတော့တာ။

"မင်း မင်း ဘာစကားပြောလိုက်တယ်၊ ကိုယ့်ကို လူလာ မြောက်အောင် ကျွေးမွေးလာတဲ့ မအေကို ခုလို ပျစ်ပျစ်ခါခါ ပြောရ လောက်အောင် သားရဲ့ကောင်မက ဘယ်လောက်တောင် အစွမ်းထက် နေလို့လဲ ဟမ် သား။ ဒီလိုမျိုးယောကျ်ားတစ်ယောက်ကို အမိဖမ်းတဲ့ ပိုင်းလုံးမနဲ့ မာမီ ဘယ်လိုမှ သဘောမတူနိုင်ဘူး"

ကြမ်းတမ်းရက်စက်သော စကားလုံးတွေက သဏ္ဍာန်တစ်ကိုယ် လုံးကို အက်ဆစ်နဲ့ပက်လိုက်သလို စူးရှနာကျင်ရသည်။ ဘဝမှာထိုသို့ သော ရင့်သီးရိုင်းပျပြီး ဂုဏ်သိက္ခာမဲ့သော စကားနာထိုးခံရခြင်းမျိုးကို ခုတစ်ခါ ပထမဆုံးအကြိမ် ခံရခြင်းဖြစ်သည်။

ဂုဏ်သိက္ခာတွေကို ထပ်ခါတလဲလဲ အသုံးချနေသော ကို့အမေ ရဲ့နှုတ်က သားသမီးချင်းမစာနာ ပြောထွက်ရက်ခဲ့တာကိုရော ဘယ်လို အလွှာအတန်းအစားကဟု သတ်မှတ်၍ ရနိုင်မည်လဲ။

"မာမီ သဏ္ဍာန့်ကို အဲဒီလို မပြောပါနဲ့ မာမီ၊ သဏ္ဍာန်ဟာ သားနဲ့တရားဝင် လက်ထပ်ထားတဲ့ မိန်းမဖြစ်သွားပြီ"

ဒေါ်ကေသီလှိုင် မျက်ဝန်းတွေ မီးဝင်းဝင်းတောက်သွားသည်။



ဒေါသဖြစ်လွန်း၍ ရင်ဘတ်အစုံမှာ နိမ့်ချည်မြင့်ချည်ဖြင့် မျက်နှာတစ်ပြင် လုံး ဒေါသကြောင့် ပုတ်သိုးညိုမှိုန်၍နေ၏။

"သား ဘာပြောလိုက်တယ်၊ မင်း မင်းက သူနဲ့လက်ထပ်လိုက် ပြီ ဟုတ်လား၊ အမလေး ဘုရား ကယ်တော်မူပါ၊ မာမို့သားလေးရဲ့ဘဝ ရေတိမ်မှာနစ်ပါပြီ၊ ဟင့်အင်း မဖြစ်ဘူး၊ အဲဒီလို လုံးဝမဖြစ်ရဘူး၊ မာမီ လုံးဝအသိအမှတ်မပြုနိုင်ဘူး၊ မင်း မင်း တော်တော်လည်တဲ့မိန်း ကလေးပါလား။ မင်းရဲ့အတန်းအစားက ယောကျ်ားတစ်ယောက်ကို အိမ် ပေါ်ခေါ်ပြီး အမိဖမ်းတဲ့အတန်းအစားမျိုးမဟုတ်လား၊ ငါ့သားရဲ့ကျော်ကြား မှုတွေကို မက်မောလို့ ခုလိုမျိုး အောက်တန်းကျတဲ့လုပ်ရပ်မျိုးနဲ့ ငါ့သား လို နိုင်ငံကျော် ရုပ်ရှင်မင်းသားကို အမိဖမ်းလိုက်တာပေါ့ ဟုတ်လား။ အမလေး ဘုရား ကယ်တော်မူပါ သားလေးတော့ ရေတိမ်နစ်ပါပြီ"

ဒေါ်ကေသီလှိုင် ယူကျုံးမရစွာဖြင့် သွေးရူးသွေးတန်း ဖြစ်၍ နေ၏။ မင်းပြည့်စုံ အံကိုခပ်တင်းတင်းကြိတ်ကာ သဏ္ဍာန့်၏လက်ကို မလွှတ်တမ်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ထိုစဉ် အိမ်ခန်းထဲမှ ဦးရန်နိုင် ထွက်လာသည်။ ဦးရန်နိုင်၏ပုံစံ က အနိုင်ရလာသော စစ်သူကြီးတစ်ယောက်လို မာန်အပြည့်ဖြင့်ဆို ပြဿနာကို အေးအေးဆေးဆေး ကိုင်တွယ်ဖြေရှင်းတော့မည်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးကို သားသမီးချင်း မစာနာလောက်အောင် ပြောနေတဲ့ ညည်းရဲ့စွပ်စွဲချက်တွေကို ရပ်တန်းက ရပ်လိုက်တော့ မိကေသီ"

ဦးရန်နိုင်၏ပိုင်စိုးပိုင်နင်း တားမြစ်လိုက်သော အထက်စီးနင်း ဆန်သည့် စကားလုံးရင့်ရင့်တွေကြောင့် အားလုံး အံ့သြကုန်ကြ၏။

ထိုအထဲတွင် အဆိုးဆုံးက ဒေါ်ကေသီလှိုင် ဖြစ်သည်။ မိကေသီ ဟု ခေါ်ဝေါ်သုံးစွဲရအောင် ရှင်ကဘာလဲလို့ မေးမည့်နှုတ်ခမ်းအစုံမှာ ပြန်၍ မစေ့ပိတ်မိလောက်အောင်ကို ဟ၍နေ၏။

"ဟင် ကို ကိုကြီးရန်နိုင်လားဟင်"

ဦးရန်နိုင် မျက်နှာမှာ ချိတင်းနေသလောက် ဒေါ်ကေသီလှိုင်၏ အမူအရာမှာ သိသိသာသာကို ပြောင်းလဲသွားသည်။

"ဟုတ်တယ် ငါ ရန်နိုင်ပဲ"

ဒေါ်ကေသီ့မျက်နှာပေါ်မှာ မာနတွေ တစိုးတစိမျှ ရှိမနေတော့တဲ့ သိမ်ငယ်မှုတွေ စိုးရွံ့မှုတွေ ရှက်ရွံ့မှုတွေနဲ့သာ ပြည့်နှက်၍နေ၏။

"အို ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ ကေသီတို့ကလေ ဒီတစ်သက် အစ်ကိုကြီးနဲ့မမမြနိုလာကို တစ်လှည့်ပြန်ပြီး ကျေးဇူးဆပ်ခွင့် မရတော့ဘူးလို့ ထင်နေတာ၊ ဒါနဲ့ မမလေးရော မမလေးရောဟင်"

"ညည်း မမလေးက သမီးလေး မြသဏ္ဍာန် လေးနှစ်အရွယ်

ဗျူး၈၁၄ပ



သောက်မှာ အမျိုးသမီးရောဂါနဲ့ ဆုံးသွားတယ်"

"အို စိတ်မကောင်းလိုက်တာ အစ်ကိုကြီးရယ်၊ ဒါ ဒါဆို ဒီ ကလေးမက ကိုကြီးတို့ရဲ့သမီးပေါ့ ဟုတ်လား"

ဒေါ်ကေသီလှိုင် သဏ္ဍာန့်ကို လက်ညှိုးမထိုးမိမဲ့ ထိုးကာ မေး လိုက်သည်။

"သဏ္ဍာန်လေးက ငါ့ရဲ့တစ်ဦးတည်းသော သမီးလေးပေါ့"

"အို ကေသီ မှားသွားတယ်၊ အစ်ကိုကြီးရယ်၊ အစ်ကိုကြီး သမီးမှန်းမသိလို့ ချိုးချိုးနှိမ်နှိမ် ပြောလိုက်မိတယ်၊ ကေသီ့ကို ခွင့်လွှတ်ပါ အစ်ကိုကြီးရယ်"

"မေမေနဲ့ မာမီက ဘယ်လိုပတ်သက်ခဲ့လို့လဲ မာမီ"

ဒေါ်ကေသီ ခေါင်းမဖော်ဝံ့အောင် ရှက်မိပေမယ့် အတိတ်ဆို တာ အနာဂတ်တွေ ပစ္စုပ္ပန်တွေရှိနေသမျှ အနောက်က တကောက် ကောက်လိုက်နေမည်မှာ မလွဲပေ။

"တကယ်တော့ မာမီက အရင်က အစ်ကိုကြီးတို့အိမ်မှာ အိမ် ဖော်လုပ်ခဲ့ရတာပါကွယ်"

"ဗျာ"

"ရှင်"

ဗျူး၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီလှိုင် တအံ့တသြ ဖြစ်သွားကြသော မင်းပြည့်စုံနှင့် သင်္ချာနှစ်တို့ကို မျက်ရည်ဝဲတက်လာသော အကြည့်ဖြင့် မဝံ့မရဲကြည့်လိုက်ပြီး

"သမီးလေးရယ် တကယ်တော့ မာမီ့ဘဝ ခုလို တိုးတက်ကြီးပွားအောင် အမိက ပံ့ပိုးပေးခဲ့တာ၊ အစ်ကိုကြီးတို့ ဖနီးမောင်နှံပါ၊ မာမီ့ဘဝကို ခုလို အိမ်ဖော်ဘဝနဲ့ မကုန်ဆုံးစေချင်တဲ့ စေတနာနဲ့ အစ်ကိုကြီး သူငယ်ချင်း ကုန်သည်တစ်ယောက်နဲ့ပေးစားခဲ့လို့ မာမီဟာ အိမ်ဖော်ဘဝက လွတ်မြောက်ခဲ့ရတာပါ၊ အစ်ကိုကြီးနဲ့ မမလေးသာ မာမီ့ဘဝကို မကယ်တင်ခဲ့ရင် ဟော့ဒီက မင်းပြည့်စုံဆိုတာလည်း ဖြစ်မလာသလို မာမီဟာလည်း အောင်မြင်တဲ့အနုပညာသည်တစ်ယောက်ရဲ့ မိခင်အဖြစ် လောကမှာ ဂုဏ်ရှိရှိ ရပ်တည်နိုင်ခဲ့မှာ မဟုတ်ဘူး"

"လောကကြီးက အရမ်း ဆန်းကြယ်တယ်ဆိုတာ မာမီ သဘောပေါက်သွားပါပြီ သမီးရယ်၊ မာမီ့လို ဘဝမေ့ အောက်ခြေလွတ်ပြီး ကိုယ့်အဆင့်အတန်းကို ကိုယ်မမေ့ခဲ့တဲ့အဖြစ်က လောကအလယ်မှာ ချမပြရဲလောက်အောင်ကို ရှက်စရာကောင်းလှပါတယ်ကွယ်"

ဒေါ်ကေသီ ခုမှပင် ချုံးပွဲချငိုကာ ငိုသံနှောသော အသံဖြင့် နောင်တတွေကို ဖွင့်အံသလို အံတော့၏။





"ကေသီတော့လေ အစ်ကိုကြီးတို့ကို ဒီထက်ချမ်းသာကြွယ်ဝတဲ့ မိသားစုအဖြစ် လောကကြီးရဲ့ တစ်နေရာရာမှာ ရပ်တည်နေရလိမ့်မယ်လို့ ထင်ခဲ့မိတယ်၊ အမြဲတမ်းလည်း နီးစပ်ရာ စုံစမ်းခဲ့ပါတယ်၊ ဘယ်လိုမှ စုံစမ်းလို့ မရခဲ့ဘူး"

BURMESE CLASSIC .com

"အင်း မတည်မြဲခြင်းဆိုတာ လောကရဲ့ နိယာမတရား တစ်ခုပဲ၊ အရင်က ကေသီလှိုင်ဆိုတာ ဦးရန်နိုင် ဒေါ်မြနီလာတို့အိမ်က အိမ်အကူမလေး၊ အခု နိုင်ငံကျော်ရုပ်ရှင်မင်းသားရဲ့ မိခင်၊ ဂုဏ်ပကာသနတွေ မိုးပျံအောင်ခြယ်သနိုင်တဲ့ သူဌေးမကြီး၊ ဦးရန်နိုင်ဆိုတဲ့ ကျုပ်ကတော့ ဘစ်ချိန်က ဘယ်လောက်ပဲ ကြိုကြိုတက် ချမ်းသာခဲ့ပေမယ့် လောကဓံရဲ့အငြိုးအတေးကြောင့် အချိန်အခါကလည်း ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်ဆိုတဲ့ တရားသဘောနဲ့အညီ ချမ်းသာတဲ့ဘဝကနေ ခုလို မပြည့်စုံတော့တဲ့ဘဝကို ရောက်သွားရတယ်၊ နောက်ဆုံး သမီးလေးဟာ ဆင်းရဲတဲ့မိဘတွေကြောင့် ချိုးချိုးနှိမ်နှိမ် အပြောခံခဲ့ရတယ်"

"အို အမလေး မေ့မယူပါနဲ့ အစ်ကိုကြီးရယ်၊ ဟောဒီက မိကေသီ အမိုက်မ ဘဝမေ့ပြီး ပြောခဲ့တဲ့လူသားမဆန်တဲ့ စကားတွေပါ၊ အဲဒီအတွက်လည်း နောင်တတွေ အကြီးအကျယ် ရခဲ့ပါတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ကျေနပ်တဲ့အထိ တောင်းပန်ပါတယ် အစ်ကိုကြီးရယ်''

ဒေါ်ကေသီလှိုင် ရှိုက်မတတ် တောင်းပန်တိုးလျှိုးရှာ၏။

''ဒါဆို သမီးနဲ့သားကို ညည်းဆက်ပြီး ခွဲဦးမှာလား''

ဦးရန်နိုင်၏အမေးကို ဒေါ်ကေသီလှိုင် သွက်သွက်ခါအောင် ခေါင်းကိုခါရမ်းပြီး

''ဟင့်အင်း မခွဲတော့ပါဘူး အစ်ကိုကြီးရယ်၊ ကေသီလေ ခုပဲ အစ်ကိုကြီး သူငယ်ချင်းကေသီ့ယောက်ျား ကိုမြင့်သူကို အကြောင်းကြားပြီး ခုချက်ချင်း မန္တလေးဆင်းလာဖို့ ခေါ်လိုက်တော့မယ်၊ ပြီးရင်ထော ဟောဒီက ကေသီ့သားကို မန္တလေးမြို့မှာ ခြိမ့်ခြိမ့်သဲ မင်္ဂလာပွဲလုပ်ပေးမယ် ပြီးရင် ရန်ကုန်က ရုပ်ရှင်လောကထဲမှာလည်း ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကို ကုန်ချင်သလောက်ကုန်ပါစေ အခမ်းနားဆုံး စီစဉ်ပေးမယ်''

''မာမီ တကယ်နော်၊ တကယ်ပြောတာနော်''

မင်းပြည့်စုံ မိခင်ဖြစ်သူကို ဝမ်းသာအားရ ဖက်ပြီးမေးလိုက်၏။

''တကယ်ပါ သားရယ်၊ မာမီ သမီးလေးကိုပြောခဲ့ဆိုခဲ့မိတာ တွေကို အလျော်ပေးတဲ့အနေနဲ့ သမီးလေးစိတ်တိုင်းကျ မင်္ဂလာပွဲကို စီစဉ်ပေးပါ့မယ်''





သဏ္ဍာန်၏ မယုံကြည်ရဲသော မျက်နှာလေးမှာ မျှော်လင့်ချက် တွေဖြင့် လတစ်စင်းလို ထိန်ထိန်သာသွား၏။

''ကို သဏ္ဍာန် သဏ္ဍာန် အိပ်မက်များ မက်နေတာလား ဟင်''

''အို မဟုတ်ရပါဘူး သမီးရယ်၊ မာမီ တကယ်ပြောတာပါ''

ဒေါ်ကေသီလှိုင် မငုံ့မရဲဖြစ်နေသော သဏ္ဍာန့်ပခုံးလေးကို နွေး ထွေးစွာ သိုင်းဖက်လိုက်ပြီး ရင်ထဲကဆန္ဒအတိုင်း ဖွင့်ဟဝန်ခံလိုက်၏။

ပျော်လိုက်တာ သဏ္ဍာန့်ရင်ထဲမှာ အပျော်တွေ စုပေါင်းရှန်းကြွ ကာ ပျားရည်မြစ်လေးတစ်ခုလို ချိုမြိန်စွာ စီးဆင်းကုန်၏။

''ကဲ သဏ္ဍာန် ကိုယ်တို့ရဲ့သစ္စာတရားတွေက အမှန်တကယ် ရှိုးသားခဲ့ကြတဲ့အတွက် ခုတော့ ကိုယ်တို့ မဝေးကြတော့ဘူး''

''အင်း ဟုတ်တယ်နော် တန်ခိုးရှိတဲ့ သစ္စာတရားက သဏ္ဍာန် တို့ကို ဆုံဆည်းပေးလိုက်ပြီ၊ သဏ္ဍာန် ပျော်လိုက်တာ ကိုရယ်''

ချစ်သူနှစ်ဦးနှင့်အတူ အားလုံးပါ ပျော်ရွှင်ရယ်မောကုန်ကြ၏။

ရင်ဘတ်ချင်းမထိမိဘဲ ငြိခဲ့သည့်ရင်ခုန်သံ အနမ်းချင်း မ ဖလှယ်ဘဲ နွေးတဲ့ပါးပြင် လရောင်အောက်က ရင်ခုန်သံ လျှို့ဝှက်ပွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



လေပြည့်တွေကြားထဲက ကြည်နူးခန်းလေးကို ကမ္ဘာအပြင်ဘက်ကို ထာဝရ ဆွဲခေါ်သွားလို့ရမယ်ဆိုရင်ဖြင့် ချစ်သူနှစ်ဦး၏သီးသန့်ကမ္ဘာလေးသည် ကြည်နူးလှိုက်ဖိုခြင်းတွေဖြင့် ဘယ်လောက်များ ကဗျာဆန်လိုက်မလဲ။

ပရိတ်သတ်အတွက်

အမြဲတမ်း

သချိုး

BURMESE CLASSIC .com

www.burmeseclassic.com